www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

# ပြင်ဘက်သိုင်းကျောင်း

(ဒုတိယပိုင်း - ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com



## မိတ်ဟောင်းဆွေဟောင်း

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေ၏။ ကြယ်ကလေးများလည်း မလင်းတစ်လှည့် လင်းတစ်လှည့် ဝင်းလက်တောက်ပနေကြလေသည်။

အေးမြသော ညလေညင်းသည် တောပန်းကလေးများ၏ မွှေးရနံ့ကို သယ်ဆောင်ကာ သုန်သုန်ညင်းညင်း တိုက်ခတ်လာ၏။ ည၏ ပိုးကောင်မွှားကောင်လေးများ၏ အော်မြည်သံများကလည်း ဟိုနားသည်နား ထွက်ပေါ်နေ၏။

အေးမြပြီး သာယာလှပသော ညတစ်ညဖြစ်ပါသည်။ ရုတ်တရက် ...

'ဟူး ဟူး'

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာသည်။ လူရိပ်နှစ်ခုက တောအုပ်ရှေ့သို့ ပြေးလွှားရောက်ရှိလာကြလေသည်။ ထို့နောက် တစ်ယောက်နှင့်တစ်ယောက် ဆယ်ပေခန့်အကွာတွင် မျက်နှာချင်းဆိုင် ရပ်တန့်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူနှစ်ယောက်ကား ဖေးဟိုနှင့်ယွမ်ချင်းတို့ ဖြစ်လေသည်။ သူတို့ တစ်ယောက်ကိုတစ်ယောက် အတန်ကြာအောင် အကဲခတ်လိုက်ကြလေသည်။ ဖေးဟိုက ...

"မင်းရဲ့ ကိုယ်ဖော့ပညာ အတော်ကို တိုးတက်လာတာပဲ"

ယွမ်ချင်းက ...

"ခင်ဗျားရော ဘာထူးလို့လဲ ... ပန်သိုင်းကျောင်းမှာ ဓာတ်မြှုပ်ပြီး သိုင်းလေ့ကျင့်နေခဲ့တာပဲ မဟုတ်လား"

ဖေးဟို သက်ပြင်းချလိုက်သည်။

"ကျုပ်က အားလုံးကိုစွန့်လွှတ်ပြီး ပန်ကျောင်းမှာ တစ်သက်လုံး ဓာတ်မြှုပ်လိုက်တော့မယ်လို့ စိတ်ကူးထားတာ"

ယွမ်ချင်း မျက်မှောင်ကုတ်သွားသည်။

"အားလုံးကို ဓာတ်မြှုပ်လိုက်တော့မယ် ... ဟုတ်လား"

"ဟုတ်တယ်"

ယွမ်ချင်းက ခံပြင်းသော လေသံဖြင့် ပြောလိုက်လေသည်။

"ခင်ဗျားက ပြီးခဲ့တာတွေကိုမေ့ပစ်လိုက်နိုင်ပေမယ့် ခင်ဗျားကို ဘယ်တော့မှ မမေ့နိုင်ကြတဲ့သူတွေ ရှိနေသေးတာပဲ"

ဖေးဟိုက ...

"ယွမ်ချင်း ... ငါ နောက်ထပ် မမိုက်မဲချင်တော့ဘူး၊ မင်း အေးအေးဆေးဆေး ပြန်သွားရင်ကောင်းမယ်"



ယွမ်ချင်းမဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်က နှစ်ပေါင်းအတော်ကြာအောင် အပင်ပန်းခံ ဒုက္ခခံပြီး လိုက်ရှာခဲ့တာ ပြန်သွားဖို့မှ မဟုတ်တာပဲဗျ"

ဖေးဟိုက ...

"ပြီးတာတွေလည်း ပြီးခဲ့ပြီ၊ ဒါကို မင်းမမေ့နိုင်သေးဘူးလား"

"မမေ့နိုင်လို့ လိုက်ရှာနေတာပေါ့ဗျာ"

ဖေးဟို၏မျက်နှာ ခက်ထန်သွားလေသည်။

"ကောင်းပြီလေ ... ကျုပ်တို့နှစ်ယောက် ယှဉ်ပြိုင်ဖို့ပဲ ရှိတော့တာပေါ့"

ယွမ်ချင်း မဲ့ပြုံးပြုံးလိုက်သည်။

"သည်လိုမှပေါ့ဗျာ"

ထို့နောက် နှစ်ယောက်သားတိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြလေသည်။

ယွမ်ချင်းက လက်ဝါးနှစ်ဖက်တွင် အတွင်းအားစုစည်းထားလိုက်လေသည်။

ဖေးဟိုကလည်း ခြေနှစ်ဖက်ကို ဖြကားထားလိုက်၏။ သူကလည်း အတွင်းအားဖော်ထုတ်လိုက်သဖြင့် အရိုးအဆစ်များမှအသာ ဖျောက်ဖျောက်မြည်သံများ ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦးစလုံး ထိပ်တန်းသိုင်းပညာ တတ်မြောက်ထားကြသူများ ဖြစ်လေသည်။

တစ်ယောက်ကိုတစ်ယောက် အတန်ကြာအောင် စိုက်ကြည့်လိုက်ကြပြီးမှ ...

"ယား"

ဗြုသံပေးကာ စတင်ယှဉ်ပြိုင် တိုက်ခိုက်လိုက်ကြလေတော့သည်။

✷

ယွမ်ချင်းက တောင်ခွဲလက်ဝါးသိုင်း၊ ကျားနိုင်လက်ဝါးသိုင်း၊ သံမဏိလက်ဝါးပညာ စသည်စသည်ဖြင့် သူ၏ ထင်ရှားသော ပညာရပ်အမျိုးမျိုးကို ထုတ်ဖော်ကာ တိုက်ခိုက်လိုက်လေသည်။

သူတို့၏ တိုက်ခိုက်မှု အရှိန်အဟုန်ကြောင့် အနီးရှိ သစ်ပင်များမှ သစ်ရွက်များ တဖြုတ်ဖြုတ် ကြွေကျလာလေတော့သည်။

✷



လဝန်းမှာ ကောင်းကင်အလယ်ဗဟိုသို့ ရောက်ရှိလာလေသည်။ ညသန်းကောင်အချိန်သို့ပင် ရောက်ရှိလာပြီဖြစ်လေသည်။ သို့တိုင် ယွမ်ချင်းနှင့်ဖေးဟိုတို့က ယှဉ်ပြိုင်တိုက်ခိုက်နေကြဆဲ။

ယွမ်ချင်း၏ တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက် စိုရွှဲနေ၏။ သူ၏ မျက်နှာတွင် ခံပြင်းချင်း၊ ဒေါသထွက်ခြင်း စသည့်အရိပ်အယောင်များ လွှမ်းမိုးထားသည်။

သူက ဖေးဟို (ဝါ) ဖေးဂူအား ဆုံးမရန် နှစ်အတော်ကြာ အပင်ပန်းခံ ကြိုးစားခဲ့ရ၏။ အရပ်လေးမျက်နှာသို့ မိုင်ပေါင်း ရာထောင်ချီကာ သွားခဲ့ရသည်။

ဖေးဟိုနှင့် တကယ်တမ်း ရင်ဆိုင်တွေ့ရသောအခါ သူ့ရည်ရွယ်ချက်အတိုင်း ဖြစ်မြောက်ဖို့ မလွယ်ကူကြောင်း သိလိုက်ရသဖြင့် ခံပြင်းဒေါသထွက်နေခြင်း ဖြစ်လေသည်။

ဖေးဟို၏သိုင်းပညာက ပို၍ တိုးတက်နေပြီ မဟုတ်ပါလား။

ဖေးဟိုကို အနိုင်ရဖို့ထက် မိမိရှုံးနိမ့်မသွားရလေအောင် မနည်းကြိုးစားခုခံ ယှဉ်ပြိုင်နေရလေတော့သည်။

"ဟိတ်"

"ယား"

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲက ပို၍ ပြင်းထန်လာ၏။ အချိန်ကြာလာသည်နှင့် အမျှ ယွမ်ချင်းမှာ တိုက်ခိုက်သူမဟုတ်ဘဲ ခုခံသူအဖြစ် သိသိသာသာ ပြောင်းလဲသွားလေတော့သည်။

ဖေးဟို၏ ခြေထောက်ကန်ချက်များက ယွမ်ချင်းအား လွှမ်းမိုးထားလိုက်သည်။ တစ်ချိန်တွင် ...

"ဗိုး"

ကန့်လန့်ဖြတ် တိုးဝင်လာသော ဖေးဟို၏ ခြေထောက်ကန်ချက်က ယွမ်ချင်း၏ ဝဲဘက်ပခုံးကို ကန်ကျောက်မိသွားလေတော့သည်။

'ဝုန်း'

"အား"

ယွမ်ချင်းအဝေးသို့ လွင့်စဉ်သွားလေသည်။

✳

"ဟား ဟား ဟား"

ဖေးဟိုက ဟားတိုက်ရယ်မောလိုက်လေသည်။

"မင်း ဘာမှ မတတ်နိုင်တော့ဘူး မဟုတ်လား"



ယွမ်ချင်း လူးလိမ့် ထလိုက်လေသည်။ သူ၏ဝဲဘက်ပခုံးမှာ ပြင်းထန်စွာ နာကျင်နေ၏။ ဖေးဟို၏ ခြေထောက်ကန်ချက် အလွန် ပြင်းထန်နေသည်ကို မယုံနိုင်အောင် ဖြစ်နေမိသည်။

'ဗြဲ'

အင်္ကျီကို ဆုတ်ဖြဲပြီး ပခုံးသားကို ကြည့်လိုက်သောအခါ အညိုအမည်းစွဲနေသည့်အပြင် သွေးခြည်ဥနေသည်ကိုပင် တွေ့လိုက်ရလေသည်။

ယွမ်ချင်း မျက်နှာပျက်သွားသည်။ မြောက်ပိုင်းဒေသတွင် ထိုဒဏ်ရာမျိုးဖြင့် လူအတော်များများ သေဆုံးသွားခဲ့ကြသည်ကို သူ တွေ့မြင်ခဲ့ဖူးပေသည်။

ဖေးဟို (ဝါ) ဖေးဂူ၏လက်ချက်ပင် ဖြစ်သည်။

"မိုးကြိုးကန်ချက်"

ယွမ်ချင်း တီးတိုးရေရွတ်လိုက်သည်။ မြောက်ပိုင်းဒေသတွင် အလွန်ကြောက်စရာကောင်းသည်ဟု ကျော်ကြားသော သိုင်းပညာရပ်နှစ်မျိုးရှိလေသည်။

ထိုသိုင်းပညာများမှာ မိုးကြိုးကန်ချက်နှင့် လှံသိုင်းပညာ ဖြစ်လေသည်။ ဖေးဟိုမှာ မြောက်ပိုင်းဒေသတွင် 'ဖေးဂူ' ဟု လူသိများခဲ့သူဖြစ်သည်။

ဖေးဟို (ဝါ) ဖေးဂူသည် မိုးကြိုးကန်ချက်၊ လှံသိုင်းပညာရပ်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ပတ်သက်နေသူဖြစ်သလို ယွမ်ချင်းကလည်း ထိုပညာများနှင့် ပတ်သက်ခဲ့သူဖြစ်ပေသည်။

အမှန်ဆိုလျှင် မိုးကြိုးကန်ချက် ပညာရှင်နှင့် လုံသိုင်းပညာရှင်တို့သည် မဟာရန်သူများ ဖြစ်ခဲ့ကြလေတော့သည်။

✳ ✳ ✳



# ပြိုင်ဘက်

မြောက်ပိုင်းဒေသ ...။

မြောက်ပိုင်းဒေသသည် သိုင်းအကျော်အမော် အများအပြား ထွက်ရှိခဲ့သောဒေသအဖြစ် လူသိများ ထင်ရှားလေသည်။

အထူးသဖြင့် မိုးကြိုးခြေသိုင်းနှင့် လုံသိုင်းများမှာ မသိသူမရှိသလောက် ဖြစ်လေသည်။ သိုင်းလောကသားတိုင်း အထင်ကြီးလေးစားရသော ထိုသိုင်းပညာနှစ်ရပ်အား တီထွင်ခဲ့သူနှစ်ယောက်မှာ ဂူတစ်ဂူထဲ ခြသေ့်နှစ်ကောင် မအောင်းသကဲ့သို့ ဘယ်တုန်းကမျှ မတည့်ခဲ့ကြဘဲ ပြိုင်ဘက်ရန်သူများ ဖြစ်နေကြသည်မှာမူ သိုင်းလောကအတွက် ဝမ်းနည်းစရာကောင်းလှပေတော့သည်။

ယွမ်ချင်းသည် လုံဝိဇ္ဇာသိုင်းဆရာ ကျန်းရှုထင်း၏တပည့်ဖြစ်လေသည်။ လုံဝိဇ္ဇာသိုင်းဆရာ ကျန်းရှုထင်းက ယွမ်ချင်းအား အလားအလာရှိသော လူငယ်တစ်ဦးအဖြစ် အသိအမှတ်ပြုကာ တပည့်အဖြစ် လက်ခံခဲ့ခြင်းဖြစ်သည်။

လုံဝိဇ္ဇာသိုင်းဆရာ ကျန်းရှုထင်းတွင် ယွမ်ချင်းထက် အရင်

www.burmeseclassic.com

www.burmeseclassic.com



ဟပည့်ကြီးလေးဦး ရှိလေသည်။ ပထမတပည့်မှာ စီကျုံးဖြစ်သည်။ ဒုတိယတပည့်က ယင်ကြိုင်၊ တတိယတပည့်က ချာလောင်၊ စတုတ္ထတပည့်မှာ ဖေးဂူဖြစ်လေသည်။

လုံ့ဝိဇ္ဇာ သိုင်းဆရာ ကျန်းရှထင်းသည် မြောက်ပိုင်းတစ်ခွင်၌ မသိသူမရှိသလောက် လျှမ်းလျှမ်းတောက် ကျော်ကြားသူ ဖြစ်သည်။

အကျင့်သီလ သမာဓိနှင့် ပြည့်စုံပြီး အများအကျိုး ဆောင်ရွက်နေသော အဖြူရောင်သိုင်းသမားကြီးတစ်ဦးလည်း ဖြစ်လေသည်။

ထို့အတူ မိုးကြိုးသိုင်းသမား လုံကြိုးဖသည်လည်း လျှမ်းလျှမ်းတောက် ကျော်ကြားသူဖြစ်ပါသည်။ လုံကြိုးဖ၏ မိုးကြိုးကန်ချက်သည် အလွန်ပြင်းထန်ပြီး ပြိုင်ဘက်ဟူသမျှကို လဲကျသွားစေသော ကန်ချက်ဖြစ်သည်ဟု ပြောစမှတ်ပြုကြရသည်။

မြောက်ပိုင်းဒေသတွင် ထင်ရှားလှသော သိုင်းဆရာကြီးနှစ်ဦးမှာ အမှန်ဆိုလျှင် သိုင်းပညာရှင်နှင့် ပတ်သက်ပြီး အလွန်ရင်းနှီးသော မိတ်ဆွေများ ဖြစ်သင့်ပေသည်။

သို့သော် သူတို့နှစ်ဦး မိတ်ဆွေများ ဖြစ်မလာကြပါ။ မိတ်ဆွေမဟုတ်သည့်အပြင် ပြိုင်ဘက်ရန်သူများ ဖြစ်နေကြ၏။

လုံ့ဝိဇ္ဇာသိုင်းဆရာ ကျန်းရှထင်းက ဝိဘိအဖြူရောင် သိုင်းသမားကြီးတစ်ဦး ဖြစ်သော်လည်း မိုးကြိုးသိုင်းဆရာ လုံကြိုးဖမှာ သိုင်းလောကစည်းကမ်းများအား စောင့်ထိန်းလိုက်နာခြင်း မရှိဘဲ ထင်ရာစိုင်းနေသဖြင့် သိုင်းသမားဆိုးကြီးဟု သတ်မှတ်ခံထားရသူ ဖြစ်နေခြင်းကြောင့်တည်း။



ကျန်းရှထင်းနှင့် လုံကြိုးဖတို့သည် ပြိုင်ဘက်များ ဖြစ်နေကြသည်။ ထိုမှတစ်ဖန် အခွင့်အရေးရသည်နှင့် တစ်ယောက်ကို တစ်ယောက် သုတ်သင်ပစ်ရန် အားခဲထားသော မဟာရန်သူတော်ကြီးများ ဖြစ်ခဲ့ကြလေတော့သည်။

ယွမ်ချင်းက ကျန်းရှထင်းထံသို့ ရောက်ရှိလာသောအခါ ရှိနှင့်နေကြပြီးသော တပည့်ကြီးလေးယောက်က ဝမ်းသာအားရ ကြိုဆိုခဲ့ကြလေသည်။

အစစအရာရာ ဝိုင်းဝန်းကူညီစောင့်ရှောက်ခဲ့ကြသည်။ ကျန်းရှထင်း၏ လုံ့သိုင်းကို ဝိုင်းဝန်းကူညီသင်ပြခဲ့ကြသည်။ ယွမ်ချင်းသည် အငယ်ဆုံးတပည့် ဖြစ်သော်လည်း အလွန်ဉာဏ်ကောင်းပြီး တပည့်ကြီးလေးဦးထက်ပို၍ ကြိုးစားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း နှစ်အနည်းငယ်အတွင်း တပည့်ကြီးလေးဦး၏ ပညာကို အမီလိုက်နိုင်ခဲ့လေသည်။ အားလုံးက သူ့ကို ဝိုင်းပြီး ချီးကျူးခဲ့ကြရလေတော့သည်။

ယွမ်ချင်းသည် လုံပိဗ္ဗာသိုင်းဆရာ ကျန်းရှထင်း၏မိသားစုဝင် တပည့်ဦးပမာ ဖြစ်လာခဲ့ရသဖြင့် ကျန်းရှထင်း၏ အတွင်းရေးနှင့် အခြား ပြဿနာများကိုပါ နားလည်သိရှိလာခဲ့ရလေတော့သည်။ တစ်နေ့ ...

* * *



## လျှို့ဝှက်ချက်

ည။ ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေ၏။ အေးမြ သာယာသော ညချမ်းကာလဖြစ်လေသည်။ ညဉ့်နက်ပြီဖြစ်သော်လည်း ယွမ်ချင်းက အိပ်မပျော်နိုင်သေးပါ။

သိုင်းပညာကို ဘဝတစ်ခုဟု ခံယူထားသူ ဖြစ်သည့်အတိုင်း သာယာလှပပြီး အေးချမ်းတိတ်ဆိတ်နေသော ညကာလတွင် ...

"သည်လို အချိန်မျိုးမှာ အိပ်မပျော်တဲ့အတူ သိုင်းလေ့ကျင့်နေတာက ပိုပြီး အကျိုးရှိလိမ့်မယ်"

သိုင်းလေ့ကျင့်ရာ မြေကွက်လပ်သို့ ထွက်လာကာ သိုင်းလေ့ကျင့်ရာ မြေကွက်လပ်သို့ ထွက်လာကာ သိုင်းလေ့ကျင့်နေလိုက်သည်။

သူ၏လက်ထဲ၌ တုတ်ရှည်တစ်ချောင်း ရှိနေ၏။ ထိုတုတ်ရှည်ဖြင့် လှံသိုင်းပညာကို လေ့ကျင့်ရလေသည်။ အမှန်တော့ လှံသိုင်းနှင့် တုတ်သိုင်းက များစွာကွာခြားလှသည် မဟုတ်ပါ။

တုတ်ရှည်၏ ထိပ်ဖျားတွင် လှံသွားကို တပ်ဆင်လိုက်သည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုပါက တုတ်သိုင်းသည် လှံသိုင်းအဖြစ် ပြောင်းလဲသွားမည်သာ ဖြစ်လေသည်။

တုတ်သိုင်းက ရုတ်တရက် အသက်အန္တရာယ် ထိခိုက်စေမည် မဟုတ်ပါ။ စူးရှထက်မြက်သော လှံသွားပါရှိခဲ့မည်ဆိုပါမူ သွေးထွက်သံယို ထိခိုက်ဒဏ်ရာ ရရှိသွားမည့်အရေးကို မည်သူမျှ တားဆီးနိုင်လိမ့်မည် မဟုတ်ပါ။

'ဝှစ် ဝှစ်'

'ဗြိုး'

'ဖျောင်း'

ယွမ်ချင်းသည် တုတ်သိုင်းကို လေ့ကျင့်ရင်း အားမာန်ပါလာသည်။

'ဟူး'

ရုတ်တရက် သိုင်းလေ့ကျင့်နေသည့် မြေကွက်လပ် တစ်ဖက်သို့ ခုန်ထွက်သွားပြီး လက်ထဲမှ တုတ်ရှည်ဖြင့် မြေကွက်လပ်နံဘေးရှိ သစ်ပင်တစ်ပင်ကို ထိုးစိုက်ချလိုက်သည်။

ထိုသစ်ပင်သည် ရန်သူတစ်ယောက်ဆိုပါလျှင် ယွမ်ချင်း၏ လက်ထဲ၌ ကိုင်ထားသော တုတ်ရှည်သည် ထက်မြက်လှသော လှံသွားတပ်ဆင်ထားသည်ဆိုပါလျှင် ...

'ဟူး'



ယွမ်ချင်း၏လက်ထဲမှ တုတ်ရှည်သည် သစ်ပင်၏ ပင်စည်ကို မထိမီ လက်မဝက်ခန့်အလိုတွင် ရပ်တန့်သွားလေသည်။ ယွမ်ချင်း၏ လက်ထဲ၌ တုတ်ရှည်မဟုတ်ဘဲ လှံတစ်လက်သာ ဖြစ်နေမည်ဆိုပါက လှံသွားသည် ရန်သူ၏ရင်ဝကို ဖောက်ထွင်းသွားမည်မှာ သေချာလှပေသည်။

'ဖြောင်း ဖြောင်း ဖြောင်း'

လက်ခုပ်တီးသံများ ထွက်ပေါ်လာလေသည်။ ယွမ်ချင်းက တုတ်ရှည်ကို ရုတ်သိမ်းကာ ခြေစုံရပ်လိုက်သည်။ လက်ခုပ်သံ ထွက်ပေါ်လာရာသို့ မျက်နှာမူလိုက်သည်။

ထိုအခါ လက်ခုပ်တီးရင်း လှမ်းလာနေသူတစ်ယောက်အား လရောင်ဖြင့် တွေ့လိုက်ရလေသည်။ ထိုလူမှာ မြောက်ပိုင်းတစ်ခွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေသော လှံသိုင်းဆရာ ကျန်းရှထင်းပင် ဖြစ်လေသည်။

✳

ယွမ်ချင်း မြေပေါ် ဒူးထောက်ချလိုက်လေသည်။

"ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



ကျန်းရှထင်းက ရင်ဘတ်ထိအောင် ရှည်လျားနေသော မုတ်ဆိတ်မွေးများကို လက်ဖြင့် သပ်လိုက်လေသည်။

"ငါ့ရဲ့ဘဝမှာ ဆုံးဖြတ်ချက်တွေ အများကြီးချခဲ့ဖူးတယ်၊ တချို့ ဆုံးဖြတ်ချက်တွေဟာ မှန်ကန်ပြီး တချို့ဆုံးဖြတ်ချက်တွေဟာ မှားယွင်းခဲ့တယ်၊ အင်း … မှားယွင်းတဲ့ဆုံးဖြတ်ချက်က ပိုများခဲ့တယ် ဆိုတာ လူတွေသိရင် ငါ့ကို လှောင်ပြောင်နေကြဦးမှာ"

ယွမ်ချင်းက တုတ်တုတ်မလှုပ်လောက်အောင်ဖြစ်နေ၏။ ကျန်းရှထင်းက အကြောင်းမရှိဘဲ ပြောနေမည်မဟုတ်ဟု နားလည်ထားခြင်းကြောင့် ဖြစ်ပေသည်။ ကျန်းရှထင်း စကားဆက်လိုက်သည်။

"ငါ့ဘဝတစ်လျှောက်မှာ ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်တွေထဲက အမှန်ဆုံးဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ အမှားဆုံးဆိုတဲ့ ဆုံးဖြတ်ချက်နှစ်ခုကို ငါ အခုမှ သိတော့တယ်"

ယွမ်ချင်းက ငြိမ်နေဆဲ၊ ကျန်းရှထင်းက …

"ငါထင်တယ် … အမှန်ဆုံး ဆုံးဖြတ်ချက်ဟာ မင်းကိုတပည့် အဖြစ် လက်ခံမိတာပဲ"

ဤသို့ဆိုလျှင် အမှားဆုံးဆုံးဖြတ်ချက်မှာ မည်သို့နည်း

ယွမ်ချင်းခေါင်းထောင်ကြည့်လိုက်သည်။ ကျန်းရှထင်းက လဝန်းကို ငေးမောကြည့်နေ၏။

သူ၏မျက်နှာတွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်



များ ထင်ရှားပေါ်လွင်နေသည်။ သူ၏ မျက်လုံးအစုံတွင် မျက်ရည်များ ရစ်ဝိုင်းနေ၏။ အလွန်ဆွေးမြေ့ကြေကွဲသော အသံဖြင့် ပြောလာလေသည်။

"တကယ်တော့ ငါနဲ့ လုံကြိုးဖဟာ ဆရာတစ်ဆူတည်းမှာ ပညာသင်ကြားလာခဲ့ကြတဲ့ ပညာသင်ဘက် ညီအစ်ကိုတွေပါ၊ ငါတို့ဟာ ပညာသင်ကြားရင်း ဆရာ့ရဲ့သမီးဖြစ်သူကို ပြိုင်တူမေတ္တာသက်ဝင်ခဲ့ကြတယ်၊ ဆရာ့ရဲ့သမီးဟာ ငါ့ကို မေတ္တာတုံ့ပြန်ခဲ့တယ်၊ အဲသည်အချိန်ကစပြီး ငါတို့နှစ်ယောက် ရန်သူတွေ ဖြစ်သွားခဲ့ကြတယ်"

ယွမ်ချင်းသည် ဆရာကြီးကျန်းရှထင်း ပြောပြသဖြင့် လုံကြိုးဖနှင့် ရန်သူများဖြစ်လာခဲ့ရပုံကို သိလိုက်ရလေသည်။ ကျန်းရှထင်းက …

"နောက်ပိုင်းတော့ လုံကြိုးဖဟာ မိဘရပ်ထံ ခဏပြန်မယ် ဆိုတဲ့ အကြောင်းပြချက်နဲ့ ထွက်သွားပြီး ပြန်မလာတော့ဘူး၊ သူ့ရဲ့ သတင်းကိုလည်း လုံးဝမကြားရတော့ဘူး၊ နောက်ပိုင်းမှာ ဆရာကိုယ်တိုင် သူ့သမီးနဲ့ ငါ့ကို လက်ထပ်ပေးခဲ့တယ်"

ဆရာဖြစ်သူသည် သမီးဖြစ်သူနှင့် ကျန်းရှထင်းတို့ မေတ္တာသက်ဝင်နေမှန်း သိရှိသွားပြီးနောက် သဘောတူ လက်ထပ်ပေးခဲ့လေသည်။

ကျန်းရှထင်းကိုလည်း ပညာကုန်သင်ပေးခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောင်နှစ်အတန်ကြာတွင် ဆရာကွယ်လွန်သွားခဲ့လေသည်။ ကျန်းရှထင်းလည်း မေတ္တာရေးရာဌ်အောင်ပွဲရခဲ့သော်လည်း သူ၏ဇနီးသည်သည် အိမ်ထောင်သက် နှစ်အနည်းငယ်အတွင်းမှာပင် ကွယ်လွန်သွားခဲ့လေသည်။

ထို့ကြောင့် ကျန်းရှထင်းသည် စိတ်သောကရောက်ကာ သိုင်းလောကအနှံ့အပြား လျှောက်သွားနေခဲ့မိလေသည်။ ငါးနှစ်ခန့်ကြာသွားပြီးမှ ဇာတိရပ်ရွာသို့ ပြန်လာခဲ့သည်။

တပည့်များ မွေးမြူပြီး အများအကျိုးဆောင်ရွက်ရင်း အေးချမ်းစွာ နေထိုင်ခဲ့လေသည်။ သို့ဖြင့် တစ်နေ့တွင် ပျောက်ဆုံးနေသော လုံကြုံးဖ ရုတ်တရက် ပြန်ပေါ်လာပြီး သိုင်းပညာယှဉ်ပြိုင်ရန် စိန်ခေါ်ခဲ့လေသည်။ ကျန်းရှထင်းက ...

"ပထမအကြိမ် ယှဉ်ပြိုင်တုန်းက ငါအနိုင်ရခဲ့တယ်၊ ဒုတိယအကြိမ်မှာတော့ သူ့ရဲ့သိုင်းပညာ မယံနိုင်စရာကောင်းအောင် တိုးတက်လာပြီး ငါတို့နှစ်ယောက် သရေပွဲဖြစ်သွားကြတယ်၊ အခုတစ်ခါ တတိယအကြိမ် ယှဉ်ပြိုင်ရတော့မယ်"

ယွမ်ချင်းသည် ငေးမောကြည့်နေရာမှ ကျန်းရှထင်း၏ မျက်နှာတွင် စိုးရိမ်ပူပန်သောက အရိပ်အယောင်များ ထွက်ပေါ်နေသည်ကို သတိပြုမိလိုက်လေသည်။

ကျန်းရှထင်းသည် တတိယအကြိမ် ယှဉ်ပြိုင်ပွဲ၌ ရှုံးနိမ့်သွား



မည်ကို စိုးရိမ်ပူပန်နေခြင်းပေလော။ ကျန်းရှထင်းက ...

"ယွမ်ချင်း ... မင်းတို့ ကြိုးစားကြပါ၊ အကြောင်းအမျိုးမျိုးကြောင့် လုံကြုံးဖကို ငါ ရှုံးနိမ့်သွားခဲ့မယ်ဆိုရင် လက်တုံ့မပြန်ရဘူး"

"ဆရာ"

ယွမ်ချင်း အထိတ်တလန့်ခေါ်လိုက်လေသည်။ ကျန်းရှထင်းက ...

"မင်းတို့ သူ့ကို ဘယ်နည်းနဲ့မှ ယှဉ်နိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် ငါ့စကား နားထောင်ရမယ်"

ယွမ်ချင်း ဘာမှမပြောသာဘဲ ခေါင်းငိုက်စိုက်ကျသွားလေသည်။ ကျင်းရှထင်းက ...

"ယွမ်ချင်း၊ ဟောသည်သိုင်းကွက်တွေကို သေသေချာချာကြည့်ထား"

ယွမ်ချင်းအား သိုင်းကွက်များ ထပ်မံသင်ကြားပေးလိုက်လေသည်။ ယွမ်ချင်းလည်း အာရုံပြောင်းသွားပြီး ကျန်းရှထင်း သင်ပေးသော သိုင်းကွက်များကို ဂရုစိုက် လေ့လာမှတ်သားထားလိုက်လေသည်။

ကျန်းရှထင်းသည် နားလည်သဘောပေါက်အောင် အတန်ကြာ သင်ကြားပေးပြီးမှ ယွမ်ချင်းအား လက်တွေ့လေ့ကျင့်ခိုင်းလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယွမ်ချင်းအတွက် ထိုညသည် သိုင်းလေ့ကျင့်ရင်းဖြင့် အချိန်ကုန်ဆုံးသွားလေတော့သည်။

* * *



## ပြိုင်ပွဲ

သစ်ပင်ပန်းပင်များဖြင့် စိုပြည်စိမ်းလန်းနေသောကြောင့် ကုန်းလေးတစ်ခုပေါ်တွင် နံနက်စောစောအချိန်ကပင် ထိုတောင်ကုန်းလေးပေါ်သို့ ကျန်းရှထင်းတို့ ဆရာတပည့်ခြောက်ယောက် ရောက်ရှိလာခဲ့ကြလေသည်။

ယနေ့ ဤတောင်ကုန်းလေးပေါ်၌ လုံကြုံးဖနှင့်ယှဉ်ပြိုင်ရန် ချိန်းဆိုထားသည် မဟုတ်ပါလား။ ယွမ်ချင်းတို့ အထူးပင်စိတ်လှုပ်ရှားနေကြလေသည်။

လုံကြုံးဖသည် မည်သို့သော လူစားမျိုး ဖြစ်ပါသနည်း။ ကျန်းရှထင်းက ယခုတစ်ကြိမ်တွင် လုံကြုံးဖအား ယှဉ်နိုင်မည် မဟုတ်ဟု ယူဆထားသည်ကို ယွမ်ချင်းတစ်ယောက်တည်းသာ သိလေသည်။

စီကျုံး၊ ယင်ကြိုင်၊ ချာလောင်နှင့် ဖေးဂူတို့က မရိပ်မိကြချေ။ ဆရာကိုယ်တိုင် ယှဉ်ပြိုင်မည်ဖြစ်၍ အားတက်သရော ဖြစ်နေကြသည်။ စီကျုံးက ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့အားလုံး ဆရာ့ရဲ့သိုင်းကွက်တွေကို ဂရုစိုက်ပြီး ကြည့်ထားကြ"

ဟု တီးတိုးပြောလိုက်သည်။ ယင်ကြိုင်က ...

"ဟုတ်တယ် ... ကျုပ်တို့ကို သင်ပေးထားတဲ့ သိုင်းကွက်တွေကို ဆရာကိုယ်တိုင် ဘယ်လိုအသုံးပြုမယ်ဆိုတာ လက်တွေ့တွေ့မြင်ရတော့မှာပဲ"

ချာလောင်က ...

"ဒါ ကျုပ်တို့အတွက် တကယ့်အခွင့်အရေးပဲဗျ"

သူတို့အားလုံးသည် ကျန်းရှထင်း အနိုင်ရလိမ့်မည်ဟု ယုံကြည်ထားကြလေသည်။ ထိုစဉ် ကျန်းရှထင်းက သူတို့အား လှည့်ကြည့်လာလေသည်။ သူ၏မျက်နှာ တည်ကြည်လေးနက်နေ၏။

"မင်းတို့အားလုံး မှတ်ထားရမှာက ယှဉ်ပြိုင်တဲ့အခါ ငါနိုင်သည် ဖြစ်စေ, ရှုံးသည်ဖြစ်စေ ဝင်မပါရဘူး၊ မင်းတို့ကို ခေါ်လာခဲ့တာ ယှဉ်ပြိုင်ပွဲကိုကြည့်ပြီး ပညာယူဖို့ပဲ"

စီကျုံးက ...

"စိတ်ချပါ ဆရာ"

ကျန်းရှထင်းက ...

"ကဲ ... မင်းတို့ နောက်ဆုတ်လိုက်ကြ၊ ဟိုသစ်ပင်အောက်မှာ သွားနေကြ"



မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်ကို ညွှန်ပြရင်း ပြောလိုက်လေသည်။

"ကောင်းပါပြီ ဆရာ"

ယွမ်ချင်းတို့ငါးယောက်လည်း နောက်ဆုတ်ပြီး သစ်ပင်အောက်၌ သွားရပ်နေလိုက်ကြသည်။ ထိုအချိန်မှာပင် ...

"ဟူး ဟူး"

အဝတ်အစား လေတိုးသံများနှင့်အတူ လူတစ်ယောက် ပြေးလွှားရောက်ရှိလာလေတော့သည်။

✳

အနီရောင်ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက် ရောက်ရှိလာသည်။ အဘိုးအိုသည် တောင်ကုန်းပေါ်သို့ ရောက်လာသည်နှင့် တဟားဟား ရယ်မောလိုက်သည်။

"ဟား ဟား ဟား"

ရယ်မောသံက သစ်ပင်များနှင့် မြေကြီးများကို တုန်ခါသွားစေသည်။ တောင်ကုန်းတစ်ခုလုံး တုန်ခါသွားသည်ဟု ထင်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအဘိုးအို၏အတွင်းအားမှာ ကြောက်ခမန်းလိလိ ဖြစ်ကြောင်း ယွမ်ချင်းတို့ နားလည်လိုက်ကြလေသည်။ ကျန်းထင်းရှ မျက်နှာပျက်သွား၏။

"သူ့ရဲ့ သိုင်းအားက ပိုလို့တောင် တိုးတက်လာပါလား"

အနီရောင်ဝတ်ထားသော အဘိုးအိုမှာ မဟာပြိုင်ဘက် လုံကြီးဖ ဖြစ်လေသည်။ လုံကြီးဖက ...

"ကျန်းရှထင်း၊ ကျုပ်နဲ့ ယှဉ်ပြိုင်ဖို့ ခင်ဗျားရဲ့ သိုင်းပညာကို သေသေချာချာ ပြင်ဆင်လာခဲ့ရဲ့လားဗျ"

ကျန်းရှထင်း မဲ့ပြုံးပြုံးလိုက်သည်။

"သည်လောက်တောင် မလိုပါဘူးဗျာ"

လုံကြီးဖက ...

"ပထမအကြိမ် ကျုပ် ရှုံးခဲ့ပေမယ့် ဒုတိယအကြိမ်မှာ သရေပွဲ ဖြစ်ခဲ့တယ်၊ သည်တော့ ကျုပ်ကို အထင်သေးရင် ခင်ဗျားမှားသွားလိမ့်မယ်"

ကျန်းရှထင်းက ...

"ကျုပ်က မင်းကို အထင်မသေးဘူး၊ ဒါပေမဲ့ အထင်လည်း မကြီးဘူးဆိုတာ မှတ်ထားပါ"

အမှန်တော့ သူတို့နှစ်ယောက်သည် ရန်သူများမဟုတ်ဘဲ ပညာသင်ဘက် ညီအစ်ကိုများ ဖြစ်ပါသည်။ ယခုကဲ့သို့ ယှဉ်ပြိုင်



တိုက်ခိုက်စရာအကြောင်းမရှိပါချေ။

လုံကြီးဖသည် နှစ်အတော်ကြာ ပျောက်ဆုံးသွားရာမှ ပြန်လည်ထက်ပေါ်လာသောအခါ သူ့အား လာရောက်တွေ့ဆုံပြီး စိန်ခေါ်ခဲ့လေသည်။

ထိုစဉ်က ကျန်းရှထင်းကား အချင်းချင်း ပြန်တွေ့ရသဖြင့် ဝမ်းသာအားရ ရှိခဲ့သော်လည်း လုံကြီးဖက ရန်သူပမာ သဘောထားခဲ့လေသည်။

ကျန်းရှထင်းက အမျိုးမျိုး ဖျောင်းဖျပြောဆိုခဲ့သော်လည်း လက်မခံဘဲ စိန်ခေါ်နေခဲ့သည်။ နောက်ဆုံး ဆရာဖြစ်သူကိုပင် ထိခိုက်စော်ကားလာခြင်းကြောင့် ကျန်းရှထင်း သည်းမခံနိုင်တော့ဘဲ လက်ခံယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်လေသည်။

လုံကြီးဖက သူလျှို့ဝှက်စွာ လေ့ကျင့်ထားသော ပညာရပ်များကို အသုံးပြုပြီး ကျန်းရှထင်းကို အသေသတ်ရန် အကြိမ်ကြိမ်ကြိုးစားခဲ့သည်။

ကျန်းရှထင်းက သည်းမခံနိုင်သည့် နောက်ဆုံး ပြတ်ပြတ်သားသား ယှဉ်ပြိုင်တိုက်ခိုက်ကာ အနိုင်ယူလိုက်ခြင်း ဖြစ်သည်။ ထိုအချိန်မှစ၍ မဟာရန်သူကြီးများအဖြစ် ပြောင်းလဲသွားခဲ့လေတော့သည်။

ယွမ်ချင်းက သိုင်းဆရာကြီးနှစ်ယောက်အား အကဲခတ်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေမိသည်။ ကျန်းရှထင်းမှာ စိုးရိမ်ပူပန်သည့်အသွင် ရှိနေသော်လည်း လုံကြိုးဖကမူ မိမိကိုယ်ကို ယုံကြည်စိတ်ချမှုအပြည့်အဝ ရှိနေသည်ကို တွေ့ရ၏။

ထို့ကြောင့် ဆရာဖြစ်သူအတွက် စိုးရိမ်ပူပန်လာလေတော့သည်။ အရေးကြီးသော ယှဉ်ပြိုင်ပွဲတွင် မိမိကိုယ်ကို ယုံကြည်စိတ်ချထားခြင်းက အနိုင်ရရှိစေသလို ခွန်အားတစ်ရပ် မဟုတ်ပါလား။

ယခုတော့ မယှဉ်ပြိုင်မီကပင် ကျန်းရှထင်း တစ်ပန်းရှုံးနေပြီ ဖြစ်လေသည်။ လုံကြိုးဖ၏ စကားသံထွက်ပေါ်လာသည်။

"ကျန်းရှထင် ... ခင်ဗျားကစမလား ကျုပ်ကစရမလား"

ကျန်းရှထင်းက ...

"ခင်ဗျားပဲစပါ"

"ဒါဆို သတိထားပေတော့"

လုံကြိုးဖသည် မြေပေါ် ခြေဆန့်ကာ မြားတစ်စင်းပမာ ခုန်ထွက်လာပြီး ကျန်းရှထင်းအား တိုက်ခိုက်လိုက်လေတော့သည်။

*

မြောက်ပိုင်းတစ်ခွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေ



သော သိုင်းဆရာကြီးနှစ်ဦး ထိပ်တိုက် ယှဉ်ပြိုင်တိုက်ခိုက်လိုက်ကြပြီ ဖြစ်သည်။

ယွမ်ချင်းက ရင်တထိတ်ထိတ်ဖြင့် ကြည့်နေမိသည်။ စီကျိုးတို့မှာမူ ကျန်းရှထင်း အနိုင်ရမည်ဟု ယုံကြည်ထားကြပြီး တက်တက်ကြွကြွ ရှိနေကြလေသည်။

ကျန်းရှထင်းနှင့် လုံကြိုးဖတို့ တကယ့်ထိပ်သီးသိုင်းဆရာကြီးများ ဖြစ်ကြသည်။ သူတို့ အသုံးပြုကြသော သိုင်းကွက်များသည် အံ့မခန်း ဆန်းပြားနေသည်။ .

လုံကြိုးဖက တိုက်ခိုက်လိုက်သောအခါ ကျန်းရှထင်းကလည်း ပြန်လည်တိုက်ခိုက်လိုက်သည်။ နှစ်ဦးသား သိုင်းကွက်အမျိုးမျိုး ထုတ်ဖော်လိုက်ကြပြီး လက်ရည်ညီမျှနေကြ၏။

ထိုအခါ နှစ်ဦးစလုံးက သူတို့၏ အစွမ်းထက်ဆုံး သိုင်းကွက်များ ထုတ်ဖော်ရန် ဆုံးဖြတ်လိုက်ကြလေသည်။ ကျန်းရှထင်းက လက်ဝှေ့ယမ်းလိုက်သောအခါ သူ၏ လက်ထဲ၌ လှံတစ်လက်ပါလာလေသည်။

'ဗိုး ဗိုး'

ကျန်းရှထင်းက လှံရှည်ကို တဗိုးဗိုး ဝှေ့ယမ်းရင်း လုံကြိုးဖကို တိုက်ခိုက်လိုက်လေသည်။ လှံရိပ်များသည် လုံကြိုးဖ၏ တစ်ကိုယ်လုံး ဖုံးလွှမ်းသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လှံတစ်ချက် ထိလိုက်ပါက လှံကြီးဖ မရှုမလှ ရှုံးနိမ့်သွားရမည် ဖြစ်ပါသည်။ သို့သော် ကျန်းရှထင်းသည် လှံကြီးဖအား ထိခိုက်ဒဏ်ရာရအောင် မစွမ်းဆောင်နိုင်ခဲ့ပါချေ။

"ဟိတ်"

"ယား"

လှံကြီးဖက ပြာသံပေးရင်း လေထဲခုန်တက်ကာ လှံချက်များကို ကန်ထုတ်ပစ်လိုက်လေသည်။

'ဟူး'

ကျန်းရှထင်းကလည်း လေထဲခုန်တက်လိုက်သည်။ နှစ်ယောက်သား ကိုယ်ဖော့ပညာအသုံးပြုရင်း လေထဲမှာပင် တိုက်ခိုက်လိုက်ကြလေသည်။

တိုက်ခိုက်ရာမှ ထွက်ပေါ်လာသော လေအရှိန်ကြောင့် ယွမ်ချင်းတို့ နောက်ဆုတ်လိုက်ကြရသည်။ ကျန်းရှထင်းနှင့် လှံကြီးဖတို့သည် သူ့ အပြိုင်ကိုယ်အပြိုင် တိုက်ခိုက်နေရာမှ ရုတ်တရက် လူချင်းကွဲသွားပြီး ကျန်းရှထင်းမှာ လှံကြီးဖ၏ ခြေထောက်ကန်ချက် တစ်ချက်ထိသွားလေတော့သည်။

'ဖြောင်း'

'ဝုန်း'

"အား"



ကျန်းရှထင်းလည်း မြေပေါ်သို့ ပုံပျက်ပန်းပျက် ပြုတ်ကျသွားလေသည်။

✵

တိုက်ပွဲမှာ အချိန်ကြာမြင့်လှသည် မဟုတ်ပါ။ သို့သော် အလွန်ပြင်းထန်ခဲ့ပြီး နောက်ဆုံးတွင် ကျန်းရှထင်း အရေးနိမ့်သွားခဲ့ရသည်။

"ဆရာ"

ယွမ်ချင်းက ကျန်းရှထင်းထံသို့ ပြေးသွားရန် ဟန်ပြင်လိုက်၏။

"မင်း မသွားရဘူး"

ဖေးဝူက ဟန့်တားလိုက်သည်။ စိကျိုးတို့လည်း လှည့်ကြည့်လိုက်ကြလေသည်။ ယွမ်ချင်းက ...

"ဟိုမှာ ဆရာထိခိုက်သွားတာ ခင်ဗျား မတွေ့ဘူးလား"

ဖေးဝူက ...

"ဆရာက ရှုံးသည်ဖြစ်စေ နိုင်သည်ဖြစ်စေ ကျုပ်တို့ ဝင်မပါရဘူးလို့ မှာထားတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ယွမ်ချင်း ငိုင်သွားလေသည်။ စီကျုံး သက်ပြင်းချလိုက်သည်။

"ဟုတ်တယ် ... ဆရာရဲ့စကားကို နာခံရမှာပဲ"

အားလုံးက ကျန်းရှထင်းကို လှမ်းကြည့်လိုက်ကြလေသည်။ ကျန်းရှထင်း မြေပေါ်မှ လူးလိမ့်ထလိုက်သည်။ သူ၏မျက်နှာ ရှုံ့မဲ့နေ၏။ ပြင်းထန်သော ဝေဒနာခံစားနေရကြောင်း ထင်ရှားပေါ်လွင်နေသည်။ သူ၏ ခန္ဓာကိုယ် တုန်တုန်ယင်ယင် ဖြစ်နေသည်။

'ဝေါ့'

ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်လေသည်။

"ဟား ဟား ဟား"

လုံကြုံးဖက အောင်ပွဲရ စစ်သူကြီးပမာ ရယ်မောလိုက်လေသည်။

"ကျန်းရှထင်း ... ခင်ဗျား ဘာမှ မတတ်နိုင်တော့ဘူး မဟုတ် လား"

ကျန်းရှထင်း အံကြိတ်လိုက်သည်။

"မင်းက"

လုံကြုံးဖ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ကျုပ်က မိုးကြိုးကန်ချက်သိုင်းပညာကို အောင်မြင်ခဲ့ပြီလေ"



မိုးကြိုးကန်ချက်သိုင်းပညာမှာ အလွန်ရက်စက်ကြမ်းကြုတ်သော ခြေထောက်ကန်ချက် နည်းပညာဖြစ်သည်။ လုံကြုံးဖက ...

"ကျုပ်က ဆရာ့ဆီမှာ ဆက်ပြီးနေရင် အခုလို အခြေအနေမျိုး ရောက်လာမှာ မဟုတ်ဘူး၊ ခင်ဗျားကြောင့် အဝေးကို ထွက်သွားဖြစ်ခဲ့ပြီး တိုးတက်အောင်မြင်လာခဲ့တာ၊ ခင်ဗျားကိုတောင် ကျေးဇူးတင်ရဦးမှာပါ"

ဟု ခနဲ့လိုက်လေသည်။ ကျန်းရှထင်းက ...

"ကျုပ်ကို အနိုင်ရတော့ရော ခင်ဗျားအတွက် ဘာများ ထူးခြားမှာလဲ ... ပြောစမ်းပါဦး"

လုံကြုံးဖက ...

"ခင်ဗျားကို ဆရာက မြှောက်စားခဲ့တယ်၊ ဆရာ့သမီးကိုလည်း ခင်ဗျားရယူနိုင်ခဲ့တယ်: ခင်ဗျားက အောင်ပွဲရပြီး ကျုပ် ရှုံးနိမ့်ခဲ့ရတာပဲ မဟုတ်လား၊ အခုတော့ ကျုပ်တစ်လှည့် အနိုင်ရလိုက်ပြီလေ"

ကျန်းရှထင်းက ...

"ကျုပ်ကို အနိုင်ရလိုက်တာနဲ့ ခင်ဗျားရဲ့ဘဝ ပြည့်စုံသွားပြီလား"

"သေချာတာပေါ့"

"ဒါဆို ခင်ဗျားကျေနပ်လောက်ပြီထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



လုံကြိုးဖက ...

"ခင်ဗျား ရှုံးတယ်လို့လက်ခံရင် ကျုပ်ကျေနပ်ရမှာပေါ့"

ကျန်းရှုထင်း ဝန်ခံလိုက်လေသည်။

"ကျုပ် ရှုံးသွားပါပြီဗျာ"

"ဟား ဟား ဟား"

လုံကြိုးဖ သဘောကျသွားလေသည်။ ကျန်းရှုထင်းက ...

"ကျုပ် ရှုံးသွားပြီ၊ ဒါကြောင့် ထပ်ပြီး ယှဉ်ပြိုင်စရာ မလိုတော့ဘူး၊ ကျုပ်သွားတော့မယ်"

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားလေသည်။

"ဆရာ"

ယွမ်ချင်းတို့က ပြေးသွားပြီး ဖေးမလိုက်ကြလေသည်။ ထို့နောက် ဆရာတပည့် ခြောက်ယောက်မှာ လုံကြိုးဖအား အမှုမထားဘဲ တောင်ကုန်းလေးပေါ်မှ ဆင်းသွားကြလေသည်။

လုံကြိုးဖမှာ တဟားဟား ရယ်မောရင်း ကျန်ရစ်ခဲ့လေတော့သည်။

* * *



## အမှာစကား

အခန်းတွင်း၌ ချောင်းဆိုးသံများ အဆက်မပြတ် ထွက်ပေါ်နေသည်။

ကျန်းရှုထင်းသည် မျက်နှာကြီး နီမြန်းလာအောင်ပင် ချောင်းဆိုးလိုက်ပြီး အသက်ကို ခဲယဉ်းစွာ ရှူရှိုက်နေရလေသည်။

သူ၏အနီး၌ တပည့်များက ဝိုင်းနေ၏။ သမားတော်များ ပင့်ဖိတ်ကာ ဆေးကုသပေးခဲ့သော်လည်း အတွင်းဒဏ်ပြင်းထန်လွန်းသဖြင့် သမားတော်များ လက်လျှော့သွားခဲ့ကြလေသည်။

ကျန်းရှုထင်းမှာသာ နေဝင်ချိန်သို့ ရောက်ရှိခဲ့ပြီ ဖြစ်လေသည်။ စီကျုံးက ဆေးတစ်ခွက် တိုက်လိုက်သည်။

"ဆရာ၊ ဆေးတစ်ခွက်လောက် သောက်လိုက်ပါဦး"

ကျန်းရှုထင်းက ...

"ငါ့အတွက် မထူးတော့ပါဘူးလေ၊ ငါ့အခြေအနေကို ငါသိပါတယ်"

စီကျုံးစိတ်မကောင်း ဖြစ်သွားလေသည်။ ကျန်းရှုထင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ငါမရှိတော့တဲ့ နောက်ပိုင်း မင်းတို့တစ်တွေ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နေကြရမယ်၊ ဘယ်လိုကိစ္စမျိုးမဆို ပူးပေါင်းလက်တွဲဆောင်ရွက်ရမယ်၊ အထူးသဖြင့် လုံကြိုးဖကို အဝေးဆုံးကရှောင်ရမယ်"

လုံကြိုးဖနှင့် ပတ်သက်ပြီး တပည့်များအား စိတ်မချနိုင်အောင် ဖြစ်မိ၏။ စီကျုံးတို့လည်း ခံပြင်းနေသည်။ လုံကြိုးဖနှင့် ယှဉ်ပြိုင်တိုက်ခိုက်လိုလှသည်။

သို့သော် ဆရာဖြစ်သူကိုယ်တိုင်ပင် မယှဉ်နိုင်သဖြင့် စိတ်လျှော့ထားရလေတော့သည်။ ကျန်းရှုထင်းက ...

"အကြောင်းအမျိုးမျိုးနဲ့ ဘယ်လိုမှ ရှောင်လွှဲမရတော့ဘဲ လုံကြိုးဖနဲ့ ရင်ဆိုင်ရတော့မယ့် အခြေအနေမျိုးရောက်လာရင် မင်းတို့အားလုံး စုပေါင်းရင်ဆိုင်ရလိမ့်မယ်၊ သူ့ကို ရင်ဆိုင်နိုင်အောင် ကြိုတင် ပြင်ဆင်ထားရမယ်၊ ဘာပဲဖြစ်ဖြစ် သူ့ကို ရှောင်နိုင်သမျှ ရှောင်တာ အကောင်းဆုံးပဲ"

စီကျုံးက ...

"စိတ်ချပါ ဆရာ ... ဆရာ့စကားကို ကျွန်တော်တို့အားလုံး နားထောင်ပါ့မယ်"

ကျန်းရှုထင်းက ...

"မင်းတို့ကို ငါ စိတ်ချ ..."



ပြင်းထန်သော ဝေဒနာကြောင့် စကားဆုံးအောင် မပြောနိုင်ဘော့ဘဲ ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေတော့သည်။

✳

ကျန်းရှုထင်း သေဆုံးသွားပြီဖြစ်သည်။ ယွမ်ချင်းတို့က ဝမ်းနည်းကြေကွဲစွာဖြင့် ကျန်းရှုထင်းအလောင်းကို ကောင်းမွန်စွာ မြှုပ်နှံသင်္ဂြိုဟ်ပေးလိုက်လေသည်။

စီကျုံးခေါင်းဆောင်သော တပည့်ငါးယောက်သည် ခေါင်းငိုက်စိုက်ချကာ သင်္ချိုင်းမြေထဲမှ ထွက်လာခဲ့ကြလေသည်။ ရုတ်တရက် လူတစ်ယောက်က သူတို့အား လမ်းပိတ်ထားလိုက်လေသည်။ လုံကြိုးဖ ဖြစ်သည်။

"ဟင်"

"ဟာ"

ယွမ်ချင်းတို့ ခြေလှမ်းသွားကြသည်။ လုံကြိုးဖက ...

"မင်းတို့ ဆရာ့ကို လာပြီး သင်္ဂြိုဟ်တာလားကွ"

စီကျုံးက ...

"ဟုတ်ပါတယ် ... ဆရာကွယ်လွန်သွားပါပြီ ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါသစိတ်ကိုထိန်းပြီး ယဉ်ကျေးသိမ်မွေ့စွာ ပြောလိုက်လေသည်။ လုံကြိုးဖက ...

"မင်းတို့ဆရာဟာ ငါ့ရဲ့လက်ချက်နဲ့ သေသွားရတာယ်ဆိုတာ မင်းတို့သိတယ် မဟုတ်လား"

"ဟုတ်ကဲ့ ... သိပါတယ်ဗျာ"

"မင်းတို့ ငါ့ကို မကျေမနပ် မဖြစ်ကြဘူးလား"

စီကျုံး ဘာမှ မပြောဘဲ နေလိုက်သည်။ လုံကြိုးဖက ...

"မင်းတို့ကို ကြည့်ရတာ ငါ့ကို ကြောက်နေကြတယ် ထင်တယ်"

ယွမ်ချင်းခံပြင်းသွားလေသည်။ ရှေ့သို့ လှမ်းထွက်ရန် ဟန်ပြင်လိုက်၏။ သို့သော် စီကျုံးက ဟန့်တားလိုက်လေသည်။

"ညီလေး သတိထား ... ဆရာ့စကားကို မမေ့နဲ့"

ဟုလည်း တီးတိုးသတိပေးလိုက်လေသည်။ ယွမ်ချင်း ကိုယ်ရှိန်သတ်လိုက်ရလေတော့သည်။

"ဟား ဟား ဟား"

လုံကြိုးဖ လှောင်ပြောင်ရယ်မောလိုက်သည်။

"မင်းတို့ဆရာတောင် ငါ့ကို မယှဉ်နိုင်တာ မင်းတို့ ကြောက်နေတာ မဆန်းပါဘူးလေ"

စီကျုံး ဦးညွှတ်လိုက်သည်။



"ကျွန်တော်တို့ကို သွားခွင့်ပြုပါဗျာ"

လုံကြိုးဖ ခေါင်းခါယမ်းလိုက်သည်။

"မင်းတို့ သည်လိုသွားလို့ ဘယ်ရပါ့မလဲ"

"ဗျာ"

လုံကြိုးဖက ခြေနှစ်ဖက်ကို ဖြကားလိုက်သည်။

"မင်းတို့ လေးဘက်ထောက်ပြီး ငါ့ပေါင်အောက်ကနေ သွားမှ ခွင့်ပြုမယ်"

စီကျုံး ဒေါသထွက်သွားလေတော့သည်။

"ကျုပ်တို့ဟာ ခင်ဗျားရဲ့ ရန်သူတွေမဟုတ်ပါဘူးဗျာ၊ ဆရာကလည်း ခင်ဗျားနဲ့ မပတ်သက်ရဘူးလို့ မှာသွားပါတယ်"

လုံကြိုးဖက ...

"မင်းတို့ဆရာက မင်းတို့ဒုက္ခရောက်မှာစိုးရိမ်လို့ နေမှာပေ့ါ၊ ငါကတော့ မင်းတို့ကို ဒီအတိုင်း မထားနိုင်ဘူး"

"ခင်ဗျား"

လုံကြိုးဖ၏ မျက်နှာ တင်းမာခက်ထန်သွားသည်။

"မင်းတို့ကို လွှတ်ထားလိုက်ရင် တစ်နေ့ ငါ့ကို ဒုက္ခပေးလာကြမှာပဲ မဟုတ်လား၊ ငါ့အတွက် အန္တရာယ်ကို မွေးမြူထားသလို ဖြစ်သွားမှာပေ့ါ"

စီကျုံးသည် မထူးတော့ဟု သဘောထားကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ... ခင်ဗျား ဘာလုပ်ချင်သလဲ ပြောပါ"

ရင်ကော့ပြီး မေးလိုက်လေသည်။ လုံကြိုးဖက ...

"မတောက်တခေါက်ပညာလေးနဲ့ မင်းတို့လူစုကို ယှဉ်ပြိုင်တိုက်ခိုက်ရတာမျိုး ငါမလုပ်ချင်ဘူး၊ ငါပြောတဲ့အတိုင်း ငါ့ပေါင်ခွကြားအောက်က လေးဖက်ထောက်ပြီး ထွက်သွားကြ၊ ဒါမှမဟုတ်ရင် မင်းတို့အားလုံးကို ငါ သတ်ပစ်လိုက်မယ်"

စီကျုံးက ယွမ်ချင်းတို့ဘက်သို့ လှည့်၍ ပြောလိုက်သည်။

"ဆရာ နောက်ဆုံးမှာထားတဲ့ စကားကို မင်းတို့ နားလည်တယ် မဟုတ်လား"

မလွဲရှောင်သာသည့်အဆုံး ညီညီညာညာ စုပေါင်းတိုက်ခိုက်ရန် မှာသွားသည်ကို ပြောလိုက်ခြင်း ဖြစ်လေသည်။

ရုတ်တရက် ...

"ကျုပ်သဘောပေါက်ပါတယ်ဗျာ"

ဖေးဂူက ရှေ့သို့ လှမ်းထွက်လိုက်လေသည်။ ထို့နောက် မြေပေါ် လေးဖက်ထောက်က လုံကြိုးဖ၏ ပေါင်ခွကြားအောက်သို့ တိုးဝင်သွားလေသည်။

"ဟင်"

"ဟာ"

ယွမ်ချင်းတို့ မယုံနိုင်အောင် ဖြစ်သွားကြလေသည်။



"ဟား ဟား ဟား"

လုံကြိုးဖက သဘောကျစွာ ရယ်မောနေ၏။ စီကျုံး အော်ပြောလိုက်သည်။

"ဖေးဂူ ... မင်းဘယ်လို လုပ်လိုက်တာလဲ"

ဖေးဂူက ...

"ကျုပ်က ဆရာ့စကားအတိုင်း လုပ်လိုက်တာလေ"

"မင်း"

စီကျုံး အံကြိတ်လိုက်သည်။ မြေပေါ် ဒူးထောက်ချလိုက်ပြီး လုံကြိုးဖ၏ ပေါင်ခွကြားအောက်သို့ တိုးဝင်သွားလိုက်လေတော့သည်။

✱

ကျန်းရှထင်း မရှိတော့သည့် ကျန်းရှထင်း၏ အိမ်ကလေး အတွင်း၌ တိတ်ဆိတ်ငြိမ်သက်နေပေသည်။ ယွမ်ချင်းတို့ငါးဦးက စားပွဲတစ်လုံး၌ ဝိုင်းဖွဲ့ထိုင်နေကြလေသည်။

ယွမ်ချင်းတို့ စိတ်ဓာတ်ကျဆင်းနေကြသည်။ ဝမ်းနည်းကြေကွဲနေကြလေသည်။ အတော်ကလေးကြာမှ စီကျုံး သက်ပြင်းချလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဖေးဂူကို လှမ်းမေးလိုက်သည်။

"ဖေးဂူ ... ဆရာနောက်ဆုံးမှာကြားသွားတဲ့စကားကို မင်း တကယ် မမှတ်မိဘူးလား"

ဖေးဂူက ...

"ဆရာက လုံကြုံးဖနဲ့ မယှဉ်ဖို့ မှာသွား ..."

စီကျုံး ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူးကွ ... ဘယ်လိုမှ မလွဲရှောင်သာတော့ရင် အားလုံး စည်းလုံးညီညွတ်စွာနဲ့ စုပေါင်း ရင်ဆိုင်ရမယ်လို့ မှာသွားတာကွ"

ဤတွင် ...

"ဟုတ်တယ် ... ဆရာသည်အတိုင်းမှာသွားတာ"

ယင်ကြိုင်က ပြော၏။ ချာလောင်က ...

"သူက စော်ကားလွန်းတယ်၊ တကယ်ဆိုရင် ကျုပ်တို့ အားလုံး စည်းစည်းလုံးလုံး စုပေါင်းရင်ဆိုင်ရမှာ"

ယွမ်ချင်းက ...

"ခုတော့ ခင်ဗျားရဲ့လုပ်ရပ်ကြောင့် သဘောထားကွဲနေပြီး စည်းလုံးညီညွတ်မှု မရှိနိုင်တော့ဘူးလို့ ပြောရမှာပေါ့"

ဖေးဂူကို အပြစ်တင်လိုက်လေသည်။ ဖေးဂူ မဲ့ပြုံးပြုံးလိုက် သည်။

"ကျုပ်တို့အားလုံး စုပေါင်းပြီး ရင်ဆိုင်တော့ရော သူ့ကို



ယှဉ်နိုင်မယ်ထင်လို့လား"

"ဒါက"

"ကျုပ်တို့အားလုံး သေကုန်မှာပဲ"

ယွမ်ချင်းက ...

"သေသွားတော့ ဘာဖြစ်သေးသလဲ"

ဖေးဂူ မကျေမနပ်ဖြစ်သွားသည်။

"ကျုပ်ကတော့ အသေမခံနိုင်ဘူး၊ ကျုပ်ရဲ့ရည်ရွယ်ချက် အတိုင်း တစ်နေ့မှာ ထင်ရှားကျော်ကြားတဲ့လူဖြစ်လာအောင် ကြိုးစား သွားရမှာပဲ"

အားလုံးသည် ဖေးဂူအား ရွံရှာမုန်းတီးစွာ ကြည့်လိုက်ကြ လေသည်။ ဖေးဂူက ...

"ခင်ဗျားတို့အားလုံး ဝမ်းနည်းဖို့၊ ဒေါသဖြစ်ဖို့လောက်ပဲ စဉ်းစားနေကြတာ၊ တကယ့်အဖြစ်မှန်ကို ဘယ်သူက စဉ်းစားမိသလဲ ပြောစမ်းပါဦး"

စီကျုံးက ...

"မင်း ဘာတွေ ပြောနေတာလဲ"

ဖေးဂူက ...

"ခင်ဗျားရော မစဉ်းစားမိဘူး မဟုတ်လား"

ယွမ်ချင်း ဒေါသဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့က ဘာကိုစဉ်းစားရမှာလဲ"

ဟု ထအော်လိုက်လေသည်။

"ဟား ဟား ဟား"

ဖေးဂူ လှောင်ပြောင်ရယ်မောလိုက်သည်။

"ဆရာနဲ့ လုံကြုံးဖဟာ ပညာသင်ဘက် ညီအစ်ကိုတွေ၊ ဆရာက သိုင်းပညာဆုံးခန်းတိုင်အောင် သင်ခဲ့ရပေမယ့် လုံကြုံးဖက မသင်ခဲ့ရဘူး"

အားလုံးသည် ဖေးဂူပြောသည့်စကားကို ဂရုစိုက်ပြီး နားထောင်နေကြသည်။ ဖေးဂူ စကားဆက်လိုက်သည်။

"နောက်ဆုံး လုံကြုံးဖဟာ ဆရာ့ထက် ပိုတော်သွားတယ်၊ ကဲ ... သဘောပေါက်ကြပြီလား"

စီကျုံးက ...

"မင်းဆိုလိုတာက"

ဖေးဂူက ...

"ဆရာမရှိတော့ရော ဘာဖြစ်သလဲ၊ ကျုပ်တို့က ဆရာ့ထက် ပိုပြီးတော်တဲ့ဆရာတစ်ယောက်ကို ရှာဖွေပြီး ပညာဆက်သင်ဖို့ပဲ ရှိတာပေါ့"

စီကျုံးသည် ဒေါသကို မထိန်းနိုင်တော့ဘဲ ...

"မင်း ယုတ်မာလှချည်လား"



ဖေးဂူအား လက်သီးဖြင့် ထိုးချလိုက်လေသည်။

'ခွပ်'

'ဝုန်း'

ဖေးဂူ ကြမ်းပြင်ပေါ် လဲကျသွားလေသည်။ ယွမ်ချင်းနှင့် ချာလောင်တို့သည် ဖေးဂူကို မုန်းတီးနေကြသော်လည်း အချင်းချင်း လက်လွန်ခြေလွန် မဖြစ်စေရန် စီကျုံးအား ဝိုင်းဆွဲလိုက်ကြလေသည်။

"အစ်ကိုကြီး သတိထားပါဗျာ"

"ဆရာမရှိတာနဲ့ ကျုပ်တို့အချင်းချင်း သွေးကွဲသလိုဖြစ်သွားရင် မကောင်းပါဘူး"

"ဆရာက စည်းလုံးညီညွတ်ကြဖို့အတွက် မှာထားတာကို သတိထားပါဦးဗျာ"

ယွမ်ချင်းကလည်း ဝင်ပြောလိုက်လေသည်။ ထိုအခါမှ စီကျုံး သတိဝင်လာပြီး စိတ်ထိန်းထားလိုက်လေတော့သည်။ ဖေးဂူအား ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲ နောက်ဆုတ်လိုက်လေသည်။

ဖေးဂူ ကြမ်းပြင်ပေါ်မှလူးလိမ့်ထလိုက်လေသည်။ နှုတ်ခမ်းထောင့်မှ စီးကျလာသော သွေးများကို သုတ်လိုက်သည်။

"စီကျုံး ... ခင်ဗျားက ကျုပ်ကို ကိုယ်ထိလက်ရောက် စော်ကားတယ်ပေါ့ ... ဟုတ်လား"

စီကျုံးက ...

www.burmeseclassic.com

www.burmeseclassic.com



"ဖေးဂူ ... မင်းပြောတဲ့စကားတွေ ပြန်ပြီးစဉ်းစားကြည့်စမ်း၊ မင်းက အားလုံးကို စော်ကားတဲ့အပြင် ဆရာ့ကိုတောင် စော်ကားသေးတယ်၊ မင်းကို သတ်ပစ်ဖို့တောင် ကောင်းတာကွ"

ဖေးဂူက ...

"ကျုပ်က ဘဝတိုးတက်ဖို့အတွက် ပြောတာ၊ ကောင်းပြီ ... သည်ကနေ့ကစပြီး ကျုပ်တို့ဟာ ပညာသင်ဘက် ညီအစ်ကိုတွေ မဟုတ်တော့တဲ့အပြင် ရန်သူတွေ ဖြစ်သွားပြီဆိုတာမှတ်ထားပါ"

စကားဆုံးလျှင် ဖေးဂူက ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ခုန်ထွက်သွားလေတော့သည်။

✷

ဖေးဂူထွက်သွားပြီ။ ကျန်းရှထင်း မရှိတော့။ သည့်နောက်ပိုင်း စည်းလုံးညီညွတ်စွာ နေထိုင်ရမည့်အစား အချင်းချင်း စိတ်ဝမ်းကွဲသွားကြသည်မှာ စိတ်မကောင်းစရာ ဖြစ်လေသည်။

စီကျုံးက ...

"သည်ကောင်ကစော်ကားလွန်းလို့ ကျုပ်လည်း စိတ်မထိန်းနိုင်ဘဲ ထိုးကြိတ်လိုက်မိတာ၊ တကယ်ဆိုရင် သူ့ကို ချော့မော့ဖျောင်း



ဖျပြီး နားဝင်အောင် ပြောသင့်ပါတယ်၊ ကျုပ်ဟာ အစ်ကိုအကြီးဆုံး ဖြစ်ပေမယ့် ဆရာမှာကြားခဲ့တဲ့အတိုင်း မဆောင်ရွက်နိုင်တဲ့အပြင် အချင်းချင်း စိတ်ဝမ်းကွဲအောင် လုပ်လိုက်မိသလိုဖြစ်သွားပြီး အားလုံးကို တောင်းပန်ပါတယ်ဗျာ"

နောင်တရသောလေသံဖြင့် တောင်းပန်လိုက်လေသည်။

ချာလောင်က ...

"နောင်ကြီးရဲ့အမှား မဟုတ်ပါဘူးဗျာ၊ ဖေးဂူက စော်ကားလွန်းပါတယ်၊ နောင်ကြီးမဆုံးမရင်လည်း ကျုပ်တို့ဆုံးမမိမှာပါ"

ယင်ကြိုင်က ...

"ဟုတ်ပါတယ်ဗျာ ... ဖေးဂူဟာ အင်မတန်ယုတ်မာတဲ့ လူတစ်ယောက် ဖြစ်နေပါပြီ၊ ဆရာကွယ်လွန်သွားတာ မကြာသေးပါဘူး၊ ဆရာ့ကိုတောင် စော်ကားမော်ကားပြောဖို့တော့ သူ့ကို ညီအစ်ကိုအဖြစ်က စွန့်လွှတ်လိုက်သင့်ပါတယ်"

ယွမ်ချင်း ထောက်ခံလိုက်သည်။

"သူ့ကို ကျုပ်တို့အဖွဲ့ထဲကထုတ်ပယ်ပစ်တာ အမှန်ဆုံးပါပဲ"

စီကျုံးသည် အားလုံးက သူ့ကို ထောက်ခံလိုက်ကြသဖြင့် စိတ်သက်သာရာ ရရှိသွားလေသည်။

"ဖေးဟိုကို လက်မခံတာ အကောင်းဆုံးဆိုတာ ကျုပ်သဘောပေါက်ပါတယ်၊ ကဲ ခုချိန်ကစပြီး သူနဲ့ အဆက်အဆံမလုပ်တော့

www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ် ဖြတ်လိုက်ကြတာပေါ့"

ဖေးဂူအား သွေးသောက်ညီအစ်ကိုအဖြစ်မှ စွန့်လွှတ်ရန် အားလုံး သဘောတူ ဆုံးဖြတ်လိုက်ကြလေတော့သည်။

* * *



## အကြံသမား

ဖေးဂူသည် စီကျိုးက သူ့အား စော်ကားသည်ဟု ဒေါသ ချောင်းချောင်းထွက်နေသည်။

"စီကျိုးက ငါ့ကို တစ်ချက်ထိုးတယ်၊ သူ့ကို နှစ်ချက်ပြန်ထိုး ရမှ ငါကျေနပ်မယ်"

ဟု စိတ်ထဲ ကြုံးဝါးနေ၏။ ဒေါသဖြင့် လျှောက်လာရင်း တစ်နေရာသို့ အရောက်တွင် ခြေလှမ်းတုံ့ခနဲ ရပ်သွားလေသည်။ သူ၏မျက်လုံးအစုံက စားသောက်ဆိုင်လေးတစ်ဆိုင်သို့ အကြည့် ရောက်သွားလေသည်။

သူ၏မျက်လုံးအစုံက စားသောက်ဆိုင်လေးတစ်ဆိုင်သို့ အကြည့်ရောက်သွားလေသည်။ စားသောက်ဆိုင်ထဲသို့ အနီရောင် ဝတ်ထားသော အဘိုးအိုတစ်ယောက် ဝင်သွားသည်ကို တွေ့လိုက်ရ သည် မဟုတ်ပါလား။

လုံကြိုးဖသည် ကျန်းရှုထင်းကို အနိုင်ယူသွားသူဖြစ်သည်။ အလွန်ကြောက်စရာကောင်းအောင် ရက်စက်ကြမ်းကြုတ်သူ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

သို့သော် ယခုအချိန်တွင် ဖေးဂူက လုံကြိုးဖအား ကြောက်မတ်ဖွယ် ကောင်းသူတစ်ဦးအဖြစ် မမြင်တော့ပါ။ ကျွန်းရှထင်းထက် ပိုပြီး ထက်မြက်သော သိုင်းပညာများ သင်ကြားပေးနိုင်သော ဆရာတစ်ဆူအဖြစ် မြင်နေမိပြီ ဖြစ်လေသည်။ ဖေးဂူ စိတ်လှုပ်ရှားလာလေသည်။

"ငါ သူ့ဆီမှာ တပည့်ခံလို့ရရင် သိပ်ကောင်းမှာပဲ"

နောက်ဆုံး လုံကြိုးဖနှင့် သွားတွေ့ရန် ဆုံးဖြတ်လိုက်လေတော့သည်။

✳

ဖေးဂူက စားသောက်ဆိုင်ထဲ လှမ်းဝင်လိုက်၏။ ဆိုင်ထဲ၌ လူရှင်းနေပါသည်။ လုံကြိုးဖသည် ပြတင်းပေါက်နှင့်ကပ်လျက်ရှိသော စားပွဲတစ်လုံး၌ ထိုကာ စားသောက်နေ၏။

ဖေးဂူက လုံကြိုးဖအနီးသို့ လှမ်းသွားလိုက်လေသည်။ လုံကြိုးဖသည် ဖေးဂူကို မြင်လျှင် မျက်မှောင်ကုတ်သွားလေသည်။ စားသောက်ခြင်းကို ရပ်တန့်ကာ ဖေးဂူကို စိုက်ကြည့်လိုက်လေသည်။



ဖေးဂူက ဦးညွှတ်လိုက်သည်။

"ကျွန်တော် ဖေးဂူ ဂါရဝပြုပါတယ် ခင်ဗျာ"

လုံကြိုးဖက ...

"မင်းက ကျွန်းရှထင်းနဲ့ တပည့်တစ်ယောက် မဟုတ်လားကွ"

"ဟုတ်ပါတယ် ခင်ဗျာ"

"မင်းဆရာက ငါ့လက်ချက်နဲ့သေသွားတာပဲ၊ မင်းက ငါ့ကို လာပြီး ဂါရဝပြုရသေးသလား"

ဖေးဂူက ...

"ကျွန်တော်က ဆရာကြီးရဲ့ ပညာကို ကြည်ညိုလေးစားလွန်းလို့ပါ ခင်ဗျာ"

"သြော်"

"ကျွန်တော့်ကို ဆရာကြီးဆီမှာ တပည့်ခံခွင့်ပြုပါ ခင်ဗျာ"

လုံကြိုးဖမျက်လုံးပြူးသွားလေသည်။

"ဘာကွ ... ငါ့ဆီမှာ တပည့်ခံချင်တယ် ... ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

လုံကြိုးဖက ဖေးဂူကို မျက်လုံးကြီး ပြူးကာ စိုက်ကြည့်လိုက်ပြီးလျှင် ...

"သွားစမ်းကွာ"

www.burmeseclassic.com

www.burmeseclassic.com



အော်ငေါက်ရင်း ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေတော့သည်။

'ဝုန်း'

ဖေးဂူလည်း ဆိုင်အပြင်ဘက်သို့ တလိမ့်ကောက်ကွေး လွင့်စဉ်သွားလေတော့သည်။

✱

လုံကြီးဖသည် ဖေးဂူကို ကန်ထုတ်ပြီး အေးအေးဆေးဆေး ဆက်လက်စားသောက်နေလိုက်လေသည်။ အတန်ကြာတော့မှ ဗိုက်ဝသွားပြီး ဆိုင်လုလင်တစ်ယောက်ကိုခေါ်ကာ ကျသင့်ငွေ ရှင်းပေးလိုက်သည်။

လုံကြီးဖ ဆိုင်ထဲမှ ထွက်လာခဲ့ရာ ဆိုင်အပြင်ဘက်ရောက်လျှင် ဒူးထောက်နေသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။ ဖေးဂူဖြစ်လေသည်။

လုံကြီးဖ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ဒါ ဘာသဘောလဲကွ"

ဖေးဂူက ...



"ကျွန်တော့်ကို သိုင်းပညာသင်ပေးဖို့ တောင်းပန်ပါတယ် ခင်ဗျာ"

"မင်း သေချင်ပြီထင်တယ်"

လုံကြီးဖ ငေါက်လိုက်ရာ ဖေးဂူ ခေါင်းငုံ့ထားလိုက်လေသည်။ လုံကြီးဖက ...

"မင်းလိုကောင်မျိုးကို ငါက သိုင်းပညာသင်ပေးရမှာလား ကွ"

ဖေးဂူကို ကျောခိုင်းကာ ထွက်သွားလေသည်။ လုံကြီးဖ ခပ်လှမ်းလှမ်းသို့ ရောက်သွားသောအခါ ဖေးဂူ ဒူးထောက်ရာမှ ထလိုက်လေသည်။ ထို့နောက် လုံကြီးဖနောက်သို့ မသိမသာ လိုက်သွားလေတော့သည်။

✱

လုံကြီးဖက မြို့ပြင်သို့ ထွက်သွားခြင်းဖြစ်လေသည်။ ဖေးဂူလည်း လိုက်သွားလေသည်။ မြို့ပြင်တောလမ်းသို့ ရောက်သောအခါ လူရှင်းနေပြီး လုံကြီးဖကို မတွေ့ရတော့ပါချေ။ လုံကြီးဖကား ပျောက်ခြင်းမလှ ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဖေးဂူ ရင်ထိတ်သွားလေသည်။ လုံကြိုးဖ မည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။ ထိုစဉ် ...

"မင်းက ငါ့ကိုရှာနေတာလား"

အေးတိအေးစက် စကားသံက နောက်ကျောဘက်မှ ထွက်ပေါ်လာလေသည်။ ဖေးဂူ ရင်ထိတ်ကာ နောက်လှည့်ကြည့်လိုက်လေသည်။ ထိုအခါ ဒေါသတကြီး ကြည့်နေသော လုံကြိုးဖကို တွေ့လိုက်ရလေသည်။

"ဆရာ"

ဖေးဂူက မြေပေါ်ဒူးထောက်ချလိုက်လေသည်။ လုံကြိုးဖက

"မင်းက ဘယ်လိုအကြံနဲ့ ငါ့နောက်ကို လိုက်နေတာလဲ ပြောစမ်း"

ဖေးဂူက ...

"ကျွန်တော် သိုင်းပညာသင်ချင်လို့ပါ ခင်ဗျာ"

"ဘာကွ ... မင်းက ငါ့ကို အယုံသွင်းပြီး အကောက်ကြံမလို့ဆိုတာ ငါမသိဘူးထင်နေသလား"

"ဟာ ... သည်လို မဟုတ်ပါဘူး ခင်ဗျာ"

"ဘာမဟုတ်ရမှာလဲ"

လုံကြိုးဖက ရှေ့တိုးလာပြီး ဖေးဂူကို ဖမ်းချုပ်လိုက်လေ



သည်။ ဖေးဂူမှာ လုံကြိုးဖ၏လက်ထဲ ကြက်ကလေး ငှက်ကလေးတစ်ကောင်ပမာ ယက်ကန်ယက်ကန် ဖြစ်သွားတော့သည်။ လုံကြိုးဖက ...

"ငါက မြို့ပြင်ကို ဘာကြောင့် ထွက်လာသလဲဆိုတာ မင်းသိသလား"

"ကျွန်တော်"

"အေး ... မင်းကိုရှင်းပစ်ဖို့ တမင် မျှားခေါ်လာခဲ့တယ်ဆိုတာ မှတ်ထား"

"ဗျာ"

"ငါ့ကို ဒုက္ခပေးမယ့်လူကို ငါက ခွင့်လွှတ်လိမ့်မယ် ထင်နေသလား"

"ကျွန် ... ကျွန်တော့်ကို ချမ်းသာပေးပါ ခင်ဗျာ"

ဖေးဂူ ကြောက်လန့်တကြား တောင်းပန်လိုက်လေသည်။ လုံကြိုးဖက ...

"ကျန်းရှထင်းရဲ့တပည့်ကို ငါက သိုင်းပညာသင်ပေးရမှာလား၊ ငါ သင်ပေးလိုက်ရင် လောကလယ်မှာ ငါ့လောက် ရူးမိုက်တဲ့လူရှိပါ့မလား၊ မင်းကို သိုင်းပညာတော့ သင်ပေးမှာမဟုတ်ဘူး၊ ငရဲပြည်ကို ပို့လိုက်မှာကွ"

ဖေးဂူ၏လည်ကုပ်ကို လက်ဝါးစောင်းဖြင့် ခုတ်ချရန်ဟန်

www.burmeseclassic.com

www.burmeseclassic.com



ပြင်လိုက်လေသည်။

"ကျွန်တော့်ကို မသတ်ပါနဲ့၊ ကျွန်တော်က စီကျုံးတို့ကို ဆုံးမချင်လို့ ဆရာ့ဆီမှာ တပည့်ခံပြီး သိုင်းပညာသင်ချင်တာပါ ခင်ဗျာ"

ကြောက်အားလန့်အားဖြင့်ရှင်းပြလိုက်လေသည်။ လုံကြုံးဖမျက်မှောင်ကုတ်သွားလေသည်။

"စီကျုံးဆိုတာ ဘယ်သူလဲ"

"ကျန်းရှထင်းရဲ့ တပည့်အကြီးဆုံးပါ ခင်ဗျာ"

"ဒါဆို မင်းရဲ့ပညာသင်ဘက် ညီအစ်ကိုတစ်ယောက်ပေါ့"

"ဟုတ်ပါတယ်ဗျာ"

"ဘယ်လိုဖြစ်တာလဲ ... ပြောစမ်းပါဦး"

ဖေးဂူက အဖြစ်အပျက်ကို ရှင်းပြလိုက်လေသည်။ လုံကြုံးဖသည် ဖေးဂူ၏စကားကို ငြိမ်ပြီးနားထောင်နေသည်။ ဖေးဂူ၏စကားဆုံးသွားတော့မှ ...

"မင်းပြောတာ အမှန်ပဲနော်"

"ကျွန်တော် လိမ်မပြောဝံ့ပါဘူး ခင်ဗျာ"

ကျန်းရှထင်းထက်ပိုပြီး ငါ့ကို အထင်ကြီးနေတာကိုး"

ဖေးဂူက ...

"ဆရာကြီးဟာ ကျွန်တော်တို့ဆရာ ကျန်းရှထင်းထက် အများကြီးသာပါတယ် ခင်ဗျာ၊ ဒါကြောင့် ဆရာကြီးဆီမှာ တပည့်ခံ



ပြီး သိုင်းပညာသင်ချင်တာပါ"

လုံကြုံးဖက ...

"ကောင်းပြီ ငါ့ဆီမှာ သိုင်းသင်ပြီးရင်မင်း ဘာလုပ်မလဲ ပြောစမ်းပါဦး"

ဖေးဂူက မစ်းစားဘဲ ပြာလိုက်လေသည်။

"စီကျုံးတို့ကို ဆုံးမလိုက်မှာပါ"

"ဟား ဟား ဟား"

လုံကြုံးဖ ဟားတိုက်ရယ်မောလိုက်လေသည်။

"မင်း တော်တော်အပြောကောင်းပါလား၊ နေပါဦး ... မင်းရဲ့စကားကို ငါက ယုံကြည်မယ်မျှားထင်နေသလား"

"ကျွန် ... ကျွန်တော် အမှန်အတိုင်း ပြောနေတာပါ ခင်ဗျာ"

လုံကြုံးဖ ခေါင်းခါယမ်းလိုက်သည်။

"မင်း ဘယ်လိုပြောပြော ငါမယုံဘူးကွ"

ဖေးဂူက ...

"ဒါဖြင့် ဆရာကြီးယုံကြည်အောင် ကျွန်တော် ဘာလုပ်ပြရမလဲ ခင်ဗျာ"

လုံကြုံးဖက ...

"ငါခိုင်းတာကို မင်း တကယ်လုပ်ဝံ့လို့လား"

"ကျွန်တော် လုပ်ဝံ့ပါတယ် ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မင်း လူသတ် ဓားပြတိုက်ရမယ်"

"ဗျာ"

မမျှော်လင့်သောစကား ကြားလိုက်ရခြင်းကြောင့် ဖေးဂူ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ လုံကြိုးဖက ...

"ငါက မင်းရဲ့ ဆရာကျန်းရှထင်းကို ဘာကြောင့် အနိုင်ယူနိုင်ခဲ့သလဲဆိုတာ မင်းသိသလား"

"ကျွန် ... ကျွန်တော် မသိပါဘူး ခင်ဗျာ"

"အေး ... ငါဟာ နယ်ခြားက လူဆိုးဓားပြကြီးတစ်ယောက် ဆီမှာ တပည့်ခံခဲ့လို့ပဲကွ"

ဖေးဂူ ထိတ်လန့်သွားသည်။ လုံကြိုးဖမှာ သူ မျှော်လင့်ထားသည်ထက်ပင် ရက်စက်ကြမ်းကြုတ်သော လူဆိုးဓားပြကြီးတစ်ဦး ဖြစ်နေသည် မဟုတ်ပါလား။ လုံကြိုးဖက ...

"သူ့ရဲ့သိုင်းပညာက စနစ်တကျ မရှိဘူး၊ မယ်မယ်ရရ မရှိဘူး၊ ကြုံရင်ကြုံသလို တိုက်ခိုက်တာပဲ၊ တစ်ဖက်လူကို အနိုင်ရဖို့ ဘယ်လိုနည်းလမ်းမျိုးကိုမဆို အသုံးပြုဖို့ ဝန်မလေးဘူး"

ဖေးဂူက ရင်တထိတ်ထိတ်ဖြင့် နားထောင်နေ၏။ လုံကြိုးဖက ...

"သူက ဘယ်လိုရက်စက်ရမယ်ဆိုတာ သင်ပေးခဲ့တယ်၊ ရက်စက်မှုနဲ့ တိုက်ခိုက်မှု ပေါင်းစပ်လိုက်တော့ ငါသင်ခဲ့ရတဲ့ ပညာ



ဟာ မင်းဆရာထက် သာသွားတာပေါ့"

သူက ဖေးဂူကို စိုက်ကြည့်ကာ မေးလိုက်လေသည်။

"ကဲ ... မင်းရော ဘယ်လောက်ရက်စက်ကြမ်းကြုတ်နိုင်မလဲ ... ပြောပါဦး"

"ကျွန် ... ကျွန်တော်"

"မင်း လူသတ် ဓားပြတိုက်ပြီး ဘယ်လောက်ရက်စက် ကြမ်းကြုတ်တယ်ဆိုတာကို လက်တွေ့ပြရမယ်၊ မင်းကို ငါယုံကြည်လာပြီဆိုရင် ငါ့တပည့်အဖြစ် လက်ခံပြီး သိုင်းပညာ သင်ပေးမယ်"

ဖေးဂူ ဝမ်းသာသွားလေသည်။

"သိုင်းပညာသင်ကြားရမယ်ဆိုရင် ဘာပဲလုပ်ရလုပ်ရ ကျွန်တော်လုပ်ဝံ့ပါတယ် ခင်ဗျာ"

"မင်း သေချာတယ်နော်"

"ဟုတ်ကဲ့ ... သေချာပါတယ်"

"ဒါဖြင့် ငါ့နောက်လိုက်ခဲ့ပေတော့"

လုံကြိုးဖသည် ဖေးဂူ၏လက်မောင်းကို လွှတ်ပေးလိုက်ပြီး ချာခနဲ လှည့်ကာ ထွက်သွာလေသည်။ ဖေဂူလည်း ကောက်ကောက်ပါအောင် လိုက်သွားလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး အစ်ကိုကြီး"

ချာလောင်က တကြော်ကြော်ခေါ်ကာ ပြေးဝင်လာခြင်းကြောင့် စီကျူးသည် ယွမ်ချင်း၊ ယင်ကြိုင်တို့နှင့် စကားပြောနေရာမှ လှမ်းကြည့်လိုက်လေသည်။ ချာလောင်က ...

"အစ်ကိုကြီး ကိုယ်ကျိုးတော့နည်းပြီ ထင်တယ်ဗျ"

အနီးသို့လှမ်းလာရင်း ညည်းတွားလိုက်လေသည်။ စီကျူးက

"ဘာတွေ ကိုယ်ကျိုးနည်းနေတာလဲ ပြောစမ်းပါဦးကွ"

"ဖေးဂူပေါ့"

"ဖေးဂူ ... ဟုတ်လား၊ သူက ဘာဖြစ်လို့လဲ"

ဖေးဂူဆိုခြင်းကြောင့် ယွမ်ချင်းနှင့်ယင်ကြိုင်တို့လည်း စိတ်ဝင်စားသွားကြလေသည်။ ချာလောင်က ...

"ဖေးဂူက လုံကြုံးဖနောက်ကို လိုက်သွားတယ်"

"ဟင်"

"ဟာ"

စီကျူးတို့ အလန့်တကြား ဖြစ်သွားကြသည်။ ယွမ်ချင်းက

"သူက လုံကြုံးဖကို တိုက်ခိုက်မယ့်လူ မဟုတ်ပါဘူး၊ ဆရာထက်တောင် သူက လုံကြုံးဖကိုပိုပြီး အထင်ကြီးနေတဲ့လူပါဗျာ"



မကျေမနပ် ပြောလိုက်လေသည်။ ချာလောင်က ...

"ဟုတ်တယ် သူက လုံကြုံးဖဆီမှာလိုက်ပြီး တပည့်ခံနေတာ"

ထိုစကားကြားလျှင် အားလုံး ဒေါသချောင်းချောင်း ထွက်သွားလေတော့သည်။

"တောက် ... ရိုင်းစိုင်းလိုက်တာ"

"သည်လိုလူစားမျိုးကို လောကပေါ်မှာ မထားသင့်ဘူး"

"ဖေးဂူကို ဆုံးမမှ ဖြစ်တော့မယ်"

တစ်ယောက်တစ်ခွန်း ပြောလိုက်ကြလေသည်။ စီကျူးလက်ကာပြလိုက်သည်။

"ဖေးဂူဟာ လူယုတ်မာတစ်ယောက်ဆိုတာ ထင်ရှားနေပေမယ့် ကျုပ်တို့ဟာ သူနဲ့ယှဉ်ပြီး မိုက်မဲလို့ မဖြစ်သေးဘူး၊ လုံကြုံးဖနဲ့ ပတ်သက်နေပြီဆိုတော့ သူ့ကို ဘယ်လိုမှ တားဆီးလို့လည်း ရတော့မှာ မဟုတ်ဘူး။ ကျုပ်တို့အနေနဲ့ သူ့ကို ဆုံးမဖို့ထက် တစ်ချိန် ဒုက္ခပေးလာရင် ဘယ်လိုရင်ဆိုင်ကြမယ်ဆိုတာကိုပဲ အဓိကထား စဉ်းစားကြရတော့မယ်"

သူ၏စကားအဓိပ္ပာယ်ရှိပြီး သဘာဝကျလှပေသည်။ ဖေးဂူက သူတို့နှင့်ဆန့်ကျင်ဘက် ဖြစ်သွားခဲ့ချေပြီ။ ဖေးဂူ၏ စိတ်နေသဘောထားအရ တစ်ချိန်ချိန်တွင် သူတို့အား ပြန်ပြီး ဒုက္ခပေးလာ

www.burmeseclassic.com

www.burmeseclassic.com



မည်မှာ သေချာနေ၏။

ယခုလောလောဆယ် ဖေးဂူကို ဆုံးမဖို့ထက် နောင်တစ်ချိန်တွင် ဖေးဂူဒုက္ခပေးလာပါက မည်သို့ ရင်ဆိုင်ဖြေရှင်းကြမည် ဆိုသည်ကို စဉ်းစားရမည် မဟုတ်ပါလား။ စီကျုံးက သေချာအောင် မေးလိုက်လေသည်။

"ဖေးဂူက လုံကြုံးဖနဲ့ ဘယ်လို ပတ်သက်သွားတာလဲ ပြောပါဦး"

ချာလောင်က ...

"ဖေးဂူက လုံကြုံးဖဆီကိုသွားပြီး တပည့်ခံတယ်၊ လုံကြုံးဖက ပထမတော့ လက်မခံဘူး နောက်တော့ ဘယ်လိုသဘောထားပြောင်းသွားတယ် မသိဘူး၊ ဖေးဂူကိုခေါ်သွားတာပဲ၊ တပည့်အဖြစ်လက်ခံလိုက်မယ်လို့ ယူဆရတယ်"

သူကြားသိခဲ့ရသော သတင်းနှင့် ဖြစ်နိုင်ချေရှိသည်ကို ပြောပြလေသည်။ စီကျုံးက ...

"ကောင်းပြီ ... ခုချိန်ကစပြီး ကျုပ်တို့လေးယောက် မခွဲမခွာနေကြမယ်၊ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ သိုင်းပညာ လေ့ကျင့် ကြမယ်၊ တစ်ချိန် ဖေးဂူက ဒုက္ခပေးလာရင် စုပေါင်းရင်ဆိုင်ကြတာပေါ့"

ဟု စီစဉ်လိုက်ရာ ပွမ်ချင်းတို့လည်း လက်ခံလိုက်ကြလေ



တော့သည်။ မကြာမီ ဖေးဂူ၏ မကောင်းသတင်းများကိုနားမဆန့်အောင် ကြားလိုက်ရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## တပည့်

ကျောက်တုံးကျောက်ခဲများ ပေါများလှသော တောင်ကုန်းပေါ်၌ လူနှစ်ယောက် ထိုင်နေကြ၏။ ဖေးဂူနှင့် လုံကြုံးဖတို့ ဖြစ်လေသည်။

နှစ်ယောက်သား တောင်ကုန်းလေးအောက်ဖက်မှ မြေနီလမ်းကလေးကို ဂရုစိုက်ပြီး ကြည့်နေကြသည်။

မကြာပါချေ။

မြင်းဟီသံ၊ မြင်းလှည်းဘီးလိမ့်သံများ လေထဲ ပျံ့လွင့်လာသည်ကို ကြား လိုက်ရလေသည်။ လုံကြုံးဖ ပြုံးလိုက်သည်။

"ရွှေဓားငွေတိုက်က မြင်းလှည်းတော့ လာနေပြီ"

ဖေးဂူ မျက်နှာပျက်သွားလေသည်။ ရွှေဓားငွေတိုက်သည် ထင်ရှားသော ငွေတိုက်တစ်ခု ဖြစ်သည်။ သူဌေးကြီးတစ်ဦးက အပ်နှံထားသော ငွေများကို ထုတ်ယူမည်ဟု အကြောင်းကြားလိုက်သော အခါ ငွေတိုက်က သူဌေးကြီး၏ ငွေများကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးရန် တာဝန်ယူခဲ့လေသည်။



ငွေတိုက်တာဝန်ခံတစ်ဦးနှင့် သိုင်းဆရာသုံးဦးက ငွေသေတ္တာတင်ထားသော မြင်းလှည်းကို စောင့်ရှောက်ရင်း လိုက်ပါလာခဲ့ကြလေသည်။

ယခု ငွေသေတ္တာပါရှိသော မြင်းလှည်းသည်မြေနီလမ်းကလေးအတိုင်း မောင်းနှင်လာနေပြီ ဖြစ်လေသည်။ မြင်းလှည်းသည် ဖေးဂူတို့၏ မြင်ကွင်းအတွင်းသို့ တဖြည်းဖြည်း ဝင်ရောက်လာလေသည်။ လုံကြုံးဖက ...

"မြင်းလှည်းပေါ်မှာ လျှံငွေ တစ်သိန်းပါတဲ့ ငွေသေတ္တာရှိတယ်၊ အဲဒါကို မင်းရအောင် တိုက်ခိုက်လုယူရလိမ့်မယ်"

ဖေးဂူ ဦးညွတ်လိုက်သည်။

"ဟုတ်ကဲ့ ကျွန်တော် ကြိုးစားပါ့မယ် ခင်ဗျာ"

မြင်းလှည်းသည် တစ်စထက်တစ်စ နီးကပ်လာပြီဖြစ်လေသည်။

"သွားတော့"

လုံကြုံးဖက ပြောလိုက်လျှင် ဖေးဂူလည်း တောင်ကုန်းပေါ်မှ ခုန်ဆင်းလိုက်လေသည်။

'ဟူး ဟူး'

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာလေသည်။ ဖေးဂူသည် လေထဲ ကျွမ်းသုံးပတ်ပစ်လိုက်ပြီး မြေနီလမ်းလေးပေါ်

www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်ရှိသွားလေသည်။ ရုတ်တရက် ဖေးဂူက လမ်းပိတ်ထား လိုက်သဖြင့် ...

"ရပ်လိုက်"

မြင်းလှည်းသမားက မြင်းများကို အော်ငေါက်ရင်း မြင်းလှည်းကို ရပ်တန့်လိုက်လေသည်။ မြင်းဟီသံများ ဆူညံသွား၏။ မြင်းလှည်းသည် ဖေးဂူနှင့် မလှမ်းမကမ်းတွင် ရပ်တန့်သွားလေသည်။

မြင်းလှည်းပေါ်မှ လူသုံးယောက် အောက်ဆင်းလာကြလေသည်။ ငွေတိုက်မှ သိုင်းဆရာသုံးယောက် ဖြစ်သည်။ သူတို့က ဖေးဂူအား ချက်ချင်း ဝိုင်းရံထားလိုက်ကြလေသည်။ သိုင်းဆရာသုံးယောက်၏ လှုပ်ရှားမှုကိုကြည့်ပြီး ဖေးဂူ ရင်ထိတ်သွား၏။

"သူတို့ရဲ့ပညာ မသေးဘူး၊ ငါတစ်ယောက်တည်းနဲ့ သူတို့ကို ရင်ဆိုင်ဖို့ မလွယ်ဘူးထင်တယ်"

သိုင်းသမားတစ်ယောက်၏ လှုပ်ရှားမှုကို ကြည့်ရုံဖြင့် ထိုလူ၏ သိုင်းပညာကို ခန့်မှန်း၍ရပေသည်။ ငွေတိုက်သိုင်းဆရာ သုံးယောက်၏ သိုင်းပညာမှာ ထိပ်တန်းအဆင့်ရှိသည်မှာ သေချာနေပါတော့သည်။ သိုင်းဆရာတစ်ယောက်က ...

"မင်းဘယ်သူလဲ၊ ဘာကြောင့် လမ်းပိတ်ထားတာလဲ"

ဟု ငေါက်လိုက်သည်။ တခြားတစ်ယောက်က ...



"ကျုပ်တို့ကို နှောင့်ယှက်မယ်ဆိုရင် မင်းဒုက္ခရောက်သွားလိမ့်မယ်"

ဖေးဂူသည် ရုတ်တရက် မည်သို့ ပြောရမှန်းမသိဖြစ်နေ၏။ စိတ်နေသဘောထား ဆိုးသွမ်းသူဖြစ်သည့်တိုင်အောင် လုယက်တိုက်ခိုက်မှုမျိုး တစ်ကြိမ်တစ်ခါမှ မကျူးလွန်ခဲ့ဖူးပါချေ။ အတွေ့အကြုံမရှိသဖြင့် စိတ်လှုပ်ရှားနေခြင်း ဖြစ်ပါတော့သည်။

"ဟိတ် ... မင်းက ဘာသဘောနဲ့ လမ်းပိတ်ထားတာလဲ ... ပြောလေကွာ"

ရုတ်တရက် ဖေးဂူ အကြံတစ်ခု ရလာလေသည်။ သိုင်းဆရာသုံးယောက်အား လှည့်စားအနိုင်ယူရန် ဖြစ်လေသည်။ ဖေးဂူ ပြုံးလိုက်သည်။

"ကျုပ်က ဖေးဂူပါ၊ သိုင်းဆရာ ကျန်းရှုထင်းရဲ့တပည့်ပါ"

ကျန်းရှုထင်းမှာ မသိသူမရှိသလောက် ထင်ရှားကျော်ကြားသူ ဖြစ်သည်။ ငွေတိုက်သိုင်းဆရာသုံးယောက်ကလည်း သိကြလိမ့်မည်ဟု ယုံကြည်ကာ ပြောလိုက်ခြင်း ဖြစ်သည်။

ဖေးဂူအတွေး မှန်သွားသည်ဟု ဆိုရပေမည်။ သိုင်းဆရာသုံးယောက်သည် ကျန်းရှုထင်း၏ အမည်ကို ကောင်းစွာသိရှိနေကြ၏။

"သြော် ... ဆရာကြီးကျန်းရှုထင်းရဲ့ တပည့်ကိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးနေကောင်းရဲ့လား"

"မင်း အခုလိုလာခဲ့တာ အကြောင်းရှိလို့လား"

ဟူ၍ မေးမြန်းပြောဆိုလာကြလေသည်။ ဖေးဂူက ...

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားတို့ရဲ့မြင်းလှည်းကို လူတစ်ယောက်က ဓားပြတိုက်ဖို့ ကြံစည်နေတဲ့ကိစ္စ ပြောပြချင်လို့ပါ"

"ဟင်"

သိုင်းဆရာသုံးယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။ ပတ်ဝန်းကျင်ကို ကျီးကန်းတောင်မှောက် အကဲခတ်လိုက်ကြသည်။

"ဘယ်သူလဲ"

"ဘယ်မှာလဲ"

"မြန်မြန်ပြောပါ"

ဖေးဂူက လုံကြုံးဖ ကျန်ရစ်ခဲ့သော တောင်ကုန်းလေးဆီသို့ လှမ်းကြည့်လိုက်လေသည်။ သိုင်းဆရာသုံးယောက်လည်း အမှတ်မထင် တောင်ကုန်းလေးဆီသို့ ကြည့်လိုက်ကြလေသည်။

ဤတွင် ဖေးဂူက အငိုက်ဖမ်း တိုက်ခိုက်လိုက်လေတော့သည်။

✳



သိုင်းဆရာသုံးယောက် တောင်ကုန်းလေးဆီသို့ အာရုံရောက်သွားချိန်၌ ဖေးဂူက အလစ်တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။ သူ၏လက်ထဲ၌ လှံတိုတစ်လက်ပါလာသည်။

ထိုလှံဖြင့် ရှေ့တည့်တည့်၌ ရှိနေသော သိုင်းဆရာ၏ ရင်ဝကို ထိုးစိုက်ချလိုက်သည်။ သိုင်းဆရာ၏လက်ထဲမှ ဓားကိုလုယူပြီး ဝဲဘက်မှ သိုင်းဆရာအား ခုတ်ချလိုက်သည်။

တစ်ဆက်တည်းမှာပင် ခြေတစ်ဖက်မြှောက်ကာ ယာဘက်မှ သိုင်းဆရာ၏ ဦးခေါင်းကို ကန်ကျောက်လိုက်လေသည်။ အငိုက်မိသွားသော သိုင်းဆရာသုံးယောက်လည်း မရှုမလှ ခံလိုက်ကြရလေတော့သည်။

'ဖုန်း'

'ခွပ်'

"အား"

စူးရှသောအော်ဟစ်သံများနှင့်အတူ သိုင်းဆရာသုံးယောက် မြေပေါ်လဲကျသွားကြလေတော့သည်။

✳

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား"

ဖေးဂူ ဝမ်းသာသွားသည်။ အားရပါးရ ရယ်မောလိုက်လေသည်။

ထိုအချိန်မှာပင် ...

'ဝုန်း'

မြင်းလှည်းတံခါး ပွင့်သွားပြီး တာဝန်ခံက မြင်းလှည်းပေါ်မှ ခုန်ဆင်းလာ၏။ သူ၏ရင်ခွင်ထဲ၌ ငွေသေတ္တာလေးကို ပိုက်ထားလေသည်။

တာဝန်ခံသည် ကြောက်ရွံ့တုန်လှုပ်စွာ တောင်းပန်လေတော့သည်။

"ငွေကိုယူသွားပါ ... လူကိုတော့ ချမ်းသာပေးပါဗျာ"

ငွေသေတ္တာကို ထိုးပေးလာလေသည်။ ဖေးဂူက ဝံ့ကြွားစွာဖြင့် လှမ်းယူလိုက်၏။

"ပေးစမ်း"

ငွေသေတ္တာလေးက သူ၏လက်ထဲရောက်လာသည်။ သေတ္တာလေးကို ကိုင်ထားရသဖြင့် သူ၏လက်နှစ်ဖက် မအားမလပ်ဖြစ်သွား၏။



ထိုတဒင်္ဂအချိန်ကလေးမှာပင် တာဝန်ခံက တိုက်ခိုက်လိုက်လေသည်။

ဖေးဂူ ရင်ထိတ်သွားသည်။ သူလည်း အလှည့်စားခံလိုက်ရပြီဖြစ်ကြောင်း နားလည်လိုက်သော်လည်း ရှောင်တိမ်းဖို့ နောက်ကျသွားလေသည်။

'ဝုန်း'

ဖေးဂူမှာ မြေပေါ် ပက်လက်လန်ကျသွားလေတော့သည်။

တာဝန်ခံက သိုင်းဆရာတစ်ယောက်၏ ရင်ဝ၌ စိုက်ဝင်နေသော ဓားကို ဆွဲနုတ်လိုက်ပြီး ဖေးဂူကို ချိန်ရွယ်ထားလိုက်သည်။

"မလှုပ်နဲ့"

ဖေးဂူ ဘာမှ မတတ်နိုင်တော့ပါ။

ထိုစဉ် သူ၏နားထဲသို့ ခြင်တစ်ကောင် ပျံသန်းလာသည့် အသံမျိုးဖြင့် အလွန်စူးရှိသေးငယ်သော အသံတစ်ခု တိုးဝင်လာလေသည်။

"ကောင်လေး ... မင်း တော်တော်ညံ့ဖျင်းတာပဲ၊ ငါလာပြီး မင်းကိုကူညီလိမ့်မယ်မထင်နဲ့၊ မင်းဘာသာ ဖြေရှင်းရလိမ့်မယ်"

လုံကြုံးဖအသံဖြစ်လေသည်။

ဖေးဂူ စိတ်ဓာတ်ကျဆင်းသွားသည်။ လုံကြုံးဖက သူ့အား ကူညီလိမ့်မည် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ...

"မင်းလို ဓားပြမျိုးကို အရှင်မထားဘူး"

တာဝန်ခံက ဖေးဂူ၏ရင်ဝကို ဓားဖြင့်ထိုးစိုက်ချလိုက်လေသည်။

ဖေးဂူ အံတင်းတင်းကြိတ်လိုက်သည်။ လက်နှစ်ဖက်ကို ဆန့်ထုတ်ပြီး ဓားဦးကို လက်ဝါးနှစ်ဖက်ဖြင့် ညှပ်ကာ တားဆီးထားလိုက်သည်။

တစ်ဆက်တည်းမှာပင် ခြေတစ်ဖက်မြှောက်ကာ တာဝန်ခံ၏ ပေါင်ခွကြားကို ကန်ကျောက်လိုက်လေသည်။

"အိး"

တာဝန်ခံသည် မျက်လုံးကြီးပြူးကာ ညည်းတွားရင်း မြေပေါ် ဒူးထောက်ကျသွားလေသည်။

ဖေးဂူက အလျှင်အမြန် ခုန်ထလိုက်ပြီး ဓားဆွဲကာ တာဝန်ခံကို ခုတ်ချလိုက်သည်။

"အား"

ဓားတစ်ချက်တည်းဖြင့် တာဝန်ခံအသက်ပျောက်သွားလေတော့သည်။

ဖေးဂူ ဝမ်းသာသွားသည်။ အသက်ဘေးအန္တရာယ်မှ အချိန်မီ ရုန်းထွက်နိုင်ခဲ့ပြီ မဟုတ်ပါလား။



ထိုစဉ် အလွန်သေးငယ်သော အသံလေးက နားထဲသို့ တိုးဝင်လာပြန်သည်။

"မြင်းလှည်းသမား ထွက်ပြေးတော့မယ်၊ မင်း ဘာလုပ်နေတာလဲ"

ဖေးဂူကြည့်လိုက်သောအခါ မြင်းလှည်းသမားက မြင်းလှည်းပေါ်မှ ခုန်ချလိုက်သည်ကို တွေ့လိုက်ရလေသည်။ ဖေးဂူ အံကြိတ်လိုက်သည်။

"မင်း ဘယ်ပြေးမလဲ"

လက်ထဲမှ ဓားဖြင့် တအားပစ်ပေါက်လိုက်လေသည်။

'ဝှစ်'

'ဒုတ်'

"အား"

မြင်းလှည်းသမား၏နောက်ကျော၌ ဓားစိုက်ဝင်သွားပြီး မြေပေါ် မှောက်လျက်လဲကျကာ အသက်ပျောက်သွားလေတော့သည်။

"ဟား ဟား ဟား"

ကျယ်လောင်သောရယ်မောသံ ထွက်ပေါ်လာသည်။

ဖေးဂူက ရယ်မောလိုက်ခြင်း မဟုတ်ပါ။ မည်သည့်အချိန်က အနီးသို့ ရောက်ရှိနေမှန်းမသိသော လုံကြုံးဖက ရယ်မောလိုက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေတော့သည်။

လုံကြိုးဖက ဖေးဂူအား ပြုံးပြုံးကြီးကြည့်ရင်း ...

"မင်းမဆိုးဘူး၊ ပွဲဦးထွက် စမ်းသပ်မှု အောင်မြင်သွားပြီ၊ ကဲ ... မင်းလုယက်ထားတဲ့ငွေတွေနဲ့ ငါတို့ ပျော်ပျော်ကြီး သုံးဖြုန်းလိုက်ကြတာပေါ့"

ဟု ပြောလိုက်လေသည်။

* * *



## လှိုင်းဂယက်

ဖေးဂူက ထင်ရာစိုင်းနေသည်။ သူ၏ မကောင်းသတင်းများက တစ်နေ့တခြား ပိုပြီး ကျော်ကြားလာသည်။ အာမခံဌာနများကို တိုက်ခိုက်လုယက်သည်။

လူသတ်သည်၊ ဓားပြတိုက်သည်။ မကောင်းမှုမှန်သမျှ အကုန်လုပ်လေသည်။

ဖေးဂူ၏ မကောင်းသောလုပ်ရပ်များက ပြောစရာဖြစ်လာလေတော့သည်။

ဖေးဂူကြောင့် ကွယ်လွန်သွားပြီဖြစ်သော ဆရာကြီးကျန်းရှထင်းလည်း ဂုဏ်သိက္ခာကျဆင်းခဲ့ရလေတော့သည်။

ထိုမျှမကသေး။

စီကျုံး၊ ချာလောင်၊ ယင်ကြိုင်နှင့် ယွမ်ချင်းတို့လည်း အပြစ်ပြောခံ အထင်သေးခံဘဝသို့ရောက်ခဲ့ကြရလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



စီကျုံး၏မျက်နှာကြီး ခက်ထန်တင်းမာနေသည်။

"သည်ကောင့်ကြောင့် အားလုံး ဒုက္ခရောက်ရတာထက် ကွယ်လွန်သွားပြီဖြစ်တဲ့ ဆရာကြီးကျန်းရှုထင်းပါ ဂုဏ်သိက္ခာ ညှိုးနွမ်းရတာ အတော်ဆိုးတယ်"

မကျေမနပ် ပြောလိုက်လေသည်။ ချာလောင်က ...

"လူတွေက ဖေးဂူမကောင်းတာကို ကျွန်တော်တို့အပေါ် ပုံချနေကြတယ်၊ သည်ကိစ္စကို လက်ပိုက်ကြည့်နေလို့မဖြစ်ဘဲ ဖြေရှင်းလိုက်ရင် ကောင်းမယ်ထင်ပါတယ်"

ယင်ကြိုင်က ...

"ဟုတ်တယ် ... ဖေးဂူကြောင့် ကျုပ်တို့ဟာ မလိုလားအပ်တဲ့လူတွေ ဖြစ်နေပြီ"

ယွမ်ချင်းက ငြိမ်နေ၏။ စီကျုံးက ...

"ဒါတွေဟာ လုံကြုံးဖရဲ့ လက်ချက်ပါပဲ၊ သူက ဆရာကြီးကို လုပ်ကြံလိုက်တဲ့အပြင် ဖေးဂူကို အသုံးချပြီး ဂုဏ်သိက္ခာကျဆင်းအောင် လုပ်ပစ်လိုက်တာ"

ဖေးဂူကိုဆုံးမည်ဆိုလျှင် လုံကြုံးဖကိုပါ ရင်ဆိုင်ကြရလိမ့်မည် ဖြစ်လေသည်။



သူတို့လေးယောက်၏ သိုင်းပညာဖြင့် လုံကြုံးဖအား မည်သို့မျှ ယှဉ်နိုင်လိမ့်မည် မဟုတ်ပါ။

နောက်ဆုံး ...

သူတို့သာ ပျက်စီးသွားပြီး လုံကြုံးဖက အောင်ပွဲခံသွားလိမ့်မည် ဖြစ်လေသည်။ စီကျုံးက ...

"ဖေးဂူကို ကျုပ်တို့တားဆီးနိုင်မှာ သေချာတယ်၊ ဒါပေမဲ့ လုံကြုံးဖကိုတော့ ဘယ်နည်းနဲ့မှ ယှဉ်နိုင်မှာမဟုတ်ဘူး၊ သူတို့ကို တားဆီးဖို့ ကျုပ်တို့အတွက် အကူအညီလိုအပ်နေတာ အမှန်ပဲ၊ ဒါကြောင့် ဆရာ့မိတ်ဆွေတစ်ယောက်ယောက်ဆီမှာ အကူအညီ တောင်းကြည့်ရင် ကောင်းမလား စိတ်ကူးမိတာ"

ထိုစကားကြားလျှင် အားလုံးလှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။ ချာလောင်က ...

"အစ်ကိုကြီးပြောတာ မှန်တယ်၊ သိုင်းလောကမှာ ဆရာ့ရဲ့ မိတ်ဆွေတွေ အများကြီးရှိတာပဲ၊ တစ်ယောက်ယောက်ဆီကိုသွားပြီး အကူအညီတောင်းရင် ရနိုင်တယ်"

လုံကြုံးဖအား ရင်ဆိုင်နိုင်မည့်နည်းလမ်း ပေါ်ပေါက်လာသဖြင့် ဝမ်းသာနေကြလေသည်။ ယင်ကြိုင်က ...

"ဆရာဟာ ရှောင်လင်ကျောင်းထိုင်နဲ့ အင်မတန် ရင်းနှီးပါတယ်၊ ကျောင်းထိုင်ဆီကိုသွားပြီး အကူအညီတောင်းကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု အကြံပေးရာ အားလုံး လက်ခံလိုက်လေသည်။

စိကျုံးက ...

"ကောင်းပြီ ... ရှောင်လင်ကျောင်းထိုင်ဆီကို သွားပြီး အကူအညီတောင်းကြမယ်၊ သည်ကိစ္စကို ညီလေးယွမ်ချင်း တာဝန်ယူရမယ်"

ယွမ်ချင်းအား လှမ်းပြောလိုက်လေသည်။

"ဗျာ"

ယွမ်ချင်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ကျွန်တော်သွားရမယ် ဟုတ်လား"

"ဟုတ်တယ်၊ ညီလေးက ဆရာနဲ့အတူ ရှောင်လင်ကျောင်းကို တစ်ကြိမ်လိုက်သွားဖူးတယ် မဟုတ်လား၊ ညီလေးကို ရှောင်လင်ကျောင်းထိုင်က သိနေတော့ အကူအညီတောင်းရတာ ပိုပြီး အဆင်ပြေနိုင်တာပေ့ါ၊ ကျုပ်တို့က ဖေးဂူကိစ္စကို ဖြေရှင်းရဦးမှာဆိုတော့ သည်မှာနေခဲ့တာ အကောင်းဆုံးဖြစ်မယ်"

ချာလောင်နှင့်ယင်ကြိုင်တို့ကလည်း ယွမ်ချင်းအား ရှောင်လင်ကျောင်းသို့သွားဖို့ ဝိုင်းပြီးတိုက်တွန်းကြလေသည်။

ယွမ်ချင်းလည်း မတတ်သာတော့ဘဲ သဘောတူလိုက်ရလေတော့သည်။

"ကောင်းပါပြီ၊ ရှောင်လင်ကျောင်းကို ကျုပ်သွားပါ့မယ်ဗျာ"



ဟု ပြောလိုက်၏။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် အပြင်ဘက်မှ ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

✳

အပြင်ဘက်မှ ဆူဆူညံညံ အသံများ ထွက်ပေါ်လာလေသည်။

"ဘာတွေ ဖြစ်နေတာပါလိမ့်"

စိကျုံး ထိုင်ရာမှ ထကာ ထွက်သွားရာ ယွမ်ချင်းတို့လည်း လိုက်သွားကြလေသည်။

အပြင်ဘက် ထွက်လိုက်မိကြလျှင် အိမ်ရှေ့၌ စုရုံးရောက်ရှိနေသည့် လူအုပ်ကြီးကို တွေ့လိုက်ရလေသည်။

"လူဆိုးတွေ ထွက်သွား"

"မောင်းထုတ်ကြဟေ့"

"သိုင်းပညာအားကိုးနဲ့ လူသတ်ဓားပြတိုက်နေတဲ့ လူတွေကို ကျုပ်တို့ လက်မခံဘူး"

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ခွန်း အော်ဟစ်ပြောဆိုနေကြ၏။ ဖေးဂူကြောင့် ယွမ်ချင်းတို့ကိုပင် လက်မခံတော့ဘဲ မောင်းထုတ်နေကြလေတော့သည်။ ယွမ်ချင်း မကျေမနပ် ဖြစ်သွားသည်။

"ဖေးဂူ မကောင်းတာနဲ့ ကျုပ်တို့ကိုလာပြီး မောင်းထုတ်တာ မတရားဘူး"

ဟု ရေရွတ်လိုက်သည်။ စီကျုံး ဖျောင်းဖျလိုက်သည်။

"ညီလေး စိတ်ထိန်းစမ်းပါဗျာ၊ ဖေးဂူကြောင့် ဒုက္ခရောက်နေရတော့ လူတွေက ဘယ်ကျေနပ်ပါတော့မလဲ၊ ဖေးဂူဟာ ကျုပ်တို့ရဲ့ ညီအစ်ကိုတစ်ယောက် ဖြစ်ခဲ့တာပဲ မဟုတ်လား၊ သည်ကိစ္စကို ကျုပ် ဖြေရှင်းပေးပါ့မယ်"

ထိုနောက် ရှေ့သို့ လှမ်းထွက်လိုက်လေသည်။ ဒေါသထွက်နေသော လူအုပ်ကြီးကို ဝေ့ကြည့်လိုက်ပြီး ...

"အားလုံး နားထောင်ကြပါဗျာ၊ ဖေးဂူဟာ ကျုပ်တို့ဆရာဆီမှာ သိုင်းပညာသင်ကြားခဲ့တာ မှန်ပါတယ်၊ ဒါပေမဲ့ ခုချိန်မှာတော့ ကျုပ်တို့နဲ့ လမ်းခွဲလိုက်ပါပြီ၊ သူဟာ လုံကြုံးဖဆိုတဲ့ လူတစ်ယောက်နဲ့ပေါင်းပြီး ဆိုးသွမ်းသောင်းကျန်းနေတာပါ၊ သူ့ကို ကျုပ်တို့ရဲ့ ပညာသင်ဘက် ညီအစ်ကိုအဖြစ် အသိအမှတ်မပြုတော့ပါဘူး၊ ကျုပ်တို့ကိုယ်တိုင်က သူ့ကို ဆုံးမဖို့ ဆုံးဖြတ်ထားပြီးပါပြီ"

ဟု ရှင်းလင်းပြောပြလိုက်လေသည်။ သို့သော် လူအုပ်ကြီး



နားမဝင်ပါ၊ လက်မခံပါ။

"ထွက်သွား ... မင်းတို့အားလုံး သည်နယ်ထဲက ထွက်သွား"

"ခုချက်ချင်း ထွက်သွား"

ဆူညံအော်ဟစ်ရင်း တုတ်များ၊ ခဲများဖြင့် ပစ်ပေါက်လာကြလေတော့သည်။ ချာလောင် မကျေမနပ်ဖြစ်သွားလေသည်။

"သည်လူတွေ တအားလွန်လာပြီ"

ယင်ကြိုင်က ...

"ဟုတ်တယ် ဆုံးမလိုက်မှဖြစ်မယ်"

တုတ်များ၊ ခဲများကို ရှောင်တိမ်းပုတ်ချရင်း ပြန်လည် တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြလေသည်။

"ညီလေးတို့ စိတ်လိုက်မာန်ပါ မလုပ်ကြပါနဲ့"

စီကျုံးတားဆီးလိုက်ရလေသည်။ ထိုစဉ် ...

"အားလုံး ရပ်လိုက်ကြစမ်း"

အော်ငေါက်တားဆီးသံနှင့်အတူ လူတစ်စုရောက်ရှိလာကြလေသည်။ မြို့စားကြီးနှင့် ကိုယ်ရံတော်များ ရောက်ရှိလာကြခြင်း ဖြစ်လေသည်။

မြို့စားကြီးကိုယ်တိုင် ရောက်လာသဖြင့် အားလုံး ငြိမ်သက်သွားကြလေတော့သည်။ စီကျုံးတို့လည်း မြို့စားကြီးကို ဦးညွတ်ဂါရဝပြုလိုက်ကြလေသည်။ မြို့စားကြီးက ...

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးကျန်းရှထင်းဟာ အများအကျိုး ဆောင်ရွက်ခဲ့တဲ့ အဖြူရောင်သိုင်းသမားကြီးတစ်ဦးပါ၊ ကျုပ်ကလည်း သူ့ကို ကြည်ညို လေးစားပါတယ်၊ ဆရာကြီးကွယ်လွန်သွားတဲ့အတွက်လည်း ဝမ်းနည်း ပါတယ်၊ ဒါပေမဲ့ ဆရာကြီးရဲ့တပည့်တွေက အများပြည်သူကို ဒုက္ခ ပေးနေတာကိုတော့ ကျုပ်လက်မခံနိုင်ပါဘူး"

ဟု ပြောလာလေသည်။ စီကျိုးက ...

"အများပြည်သူကို ဒုက္ခပေးနေတာ ဖေးဂူတစ်ဦးတည်းပါ ခင်ဗျာ၊ ဖေးဂူဟာ ဆရာကြီးမရှိတဲ့နောက်ပိုင်း ပြောဆိုဆုံးမစကား တွေကို အမှုမထားတော့ဘဲ လုံကြုံးဖဆိုသူနဲ့ ပူးပေါင်းပြီး ထင်ရာစိုင်း နေတာ ဖြစ်ပါတယ်"

ဖေးဂူနှင့် လုံကြုံးဖအကြောင်းကို အသေးစိတ်ရှင်းပြလိုက် လေသည်။ မြို့စားကြီးလည်း ယခုမှ အဖြစ်မှန်ကို သိရှိသွားလေတော့ သည်။

"လက်စသတ်တော့ သည်လိုကိုး၊ ဖေးဂူ တော်တော်ဆိုးပါ လား၊ ဆရာ့ကျေးဇူးကိုတောင် မထောက်ဘဲ ထင်ရာစိုင်းရဲတယ်၊ ကောင်းပြီ ဖေးဂူကို ကျုပ်ဖမ်းဆီးအရေးယူမယ်၊ လုံကြုံးဖကိုလည်း ဖမ်းဆီးရလိမ့်မယ်၊ တစ်ခုတော့ရှိတယ်၊ အများပြည်သူက လက်မခံ တော့ဘူးဆိုတော့ မင်းတို့ သိုင်းကျောင်းကိုလည်း ပိတ်ပစ်လိုက်ရလိမ့် မယ်"



စီကျိုး ဝမ်းနည်းသွားလေသည်။ သို့သော် အခြေအနေအရ မြို့စားကြီးအမိန့်ချမှတ်သည့်အတိုင်း လိုက်နာရုံသာ ရှိတော့သည် မဟုတ်ပါလား။

မြို့စားကြီးက ...

"သိုင်းကျောင်းကို ပိတ်လိုက်ပါ၊ မင်းတို့လည်း သည်က ထွက်သွားရလိမ့်မယ်"

စီကျိုး ဦးညွှတ်လိုက်သည်။

"မြို့စားကြီးကို ကျွန်တော်တစ်ခုလောက် တောင်းပန်ချင်ပါ တယ် ခင်ဗျာ"

"ပြောပါ"

"သိုင်းကျောင်းကို ပိတ်ဆိုလည်း ပိတ်လိုက်ပါ့မယ်၊ ဒါပေမဲ့ ကျွန်တော်တို့ဟာ ဒီအရပ်ဒေသဇာတိဆိုတော့ တခြား တစ်နေရာကို ထွက်သွားဖို့ဆိုတာ အင်မတန် အခက်အခဲ ရှိပါတယ်၊ ဒါကြောင့် ဇာတိရပ်ရွာမှာပဲ နေခွင့်ပြုစေချင်ပါတယ် ခင်ဗျာ"

မြို့စားကြီး တွေဝေသွားလေသည်။ အခြားအရပ်ဒေသသို့ ထွက်သွားရခြင်းမှာ အခက်အခဲ ဖြစ်စေလိမ့်မည်ဟု နားလည်မိ သည်။

မည်သူမဆို ကိုယ့်ဇာတိရပ်ရွာ၌ပင် နေထိုင်လိုကြသည် မဟုတ်ပါလား။ ထိုသို့တွေးမိပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ... မင်းတို့ သည်အရပ်ဒေသမှာပဲနေနိုင်ပါတယ်၊ ဒါပေမဲ့ သိုင်းပညာနဲ့ ပတ်သက်တဲ့ လှုပ်ရှားမှုမျိုး ဘာတစ်ခုမှ မလုပ်ပါဘူးလို့ ကတိပေးရမယ်"

ဟု ပြောလေသည်။

စီကျိုး ကတိပေးလိုက်လေသည်။ မြို့စားကြီး လာရောက်ဖြေရှင်းပေးသဖြင့် လူအများလည်း ကျေနပ်သွားပြီး အသီးသီး လူစုခွဲကာ ပြန်သွားကြလေတော့သည်။ မြို့စားကြီးနှင့် လူအုပ်ကြီး ပြန်သွားကြလျှင် စီကျိုးက ...

"ကဲ ... ကျုပ်တို့ သည်နေရာက ထွက်သွားရတော့မယ်"

ချာလောင်တို့ဘက်သို့ လှည့်ကာ ပြောလိုက်လေသည်။ ချာလောင်က ...

"ကျုပ်က ဦးလေးဝမ်းကွဲတစ်ယောက်ရဲ့အိမ်မှာ ခဏသွားနေမယ်"

ယင်ကြိုင်က ...

"ကျုပ်ကတော့ ဘကြီးတစ်ယောက်ဆီမှာ သွားနေမယ်"

ယွမ်ချင်း ဘာမှမပြောပါ။ ထို့ကြောင့် စီကျိုးက မေးလိုက်လေသည်။

"ညီလေး ယွမ်ချင်းကကော"

ယွမ်ချင်းသက်ပြင်းချလိုက်လေသည်။



"ကျွန်တော်ကတော့ ဆုံးဖြတ်ထားတဲ့အတိုင်း ရှောင်လင်ကျောင်းကိုသွားမယ် စိတ်ကူးထားပါတယ် ခင်ဗျာ"

စီကျိုးတို့ အချင်းချင်း ကြည့်လိုက်ကြလေသည်။ တစ်ဖန်

"ညီလေး ဖေးဂူနဲ့လုံကြိုးဖကို မြို့စားကြီးက တာဝန်ယူမယ်လို့ ပြောသွားတာပဲ"

"ဟုတ်ပါတယ်၊ မြို့စားကြီးက သူတို့ကို ပြတ်ပြတ်သားသား အရေးယူ ဆောင်ရွက်သွားမယ်ဆိုတာ ကျုပ်ယုံကြည်ပါတယ်၊ ဒါပေမဲ့ ဖေးဂူတို့က မဟာန်မှန်းသိလို့ သည်နယ်က ထွက်ပြေးရှောင်တိမ်းသွားကြမယ်ဆိုရင် ကျုပ်တို့အတွက်သာမက သိုင်းလောကအတွက်ပါ ရင်လေးရမယ် မဟုတ်လားဗျာ"

စီကျိုး မေးလိုက်၍ ယွမ်ချင်းက ရှင်းပြလိုက်လေသည်။ ဖေးဂူနှင့် လုံကြိုးဖတို့မှာ လွယ်လွယ်နှင့် နှိမ်နင်း၍ရမည့်သူများ မဟုတ်ကြောင်း အားလုံးနားလည်ထားကြ၏။ ထို့ကြောင့် စီကျိုး ခွင့်ပြုလိုက်လေတော့သည်။

"ကောင်းပြီလေ ... ညီလေးက ရှောင်လင်ကျောင်းကို သွားမယ်ဆိုရင်လည်း သွားပါ၊ ကျုပ်တို့ ညီလေးကို စောင့်နေပါ့မယ်ဗျာ"

"ကျုပ်ဘက်ကလည်း အစ်ကိုကြီးတို့နဲ့ အမြဲမပြတ် အဆက်အသွယ်လုပ်ပါ့မယ်"

အချင်းချင်းတိုင်ပင်ဆွေးနွေးပြီးနောက် လူချင်းခွဲလိုက်ကြ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ယွမ်ချင်းကလည်း အထုပ်အပိုးပြင်ကာ ရှောင်လင်ကျောင်းသို့ ထွက်လာခဲ့လေတော့သည်။

✵

မြို့စားကြီးသည် ဖေးဂူနှင့် လုံကြုံးဖတို့အား ဖမ်းဆီး အရေးယူနိုင်ရန် စီစဉ်လိုက်လေသည်။ မြို့စောင့်တပ်ဖွဲ့များ၊ ကိုယ်ရံတော်သိုင်းသမားများ စေလွှတ်ကာ ဖေးဂူတို့အား လိုက်လံစုံစမ်းရှာဖွေစေသည်။

ဖေးဂူနှင့်လုံကြုံးဖတို့ကား လူသတ်စားပြတိုက် ဆိုးချင့်တိုင်းဆိုးသွမ်းသောင်းကျန်းနေဆဲ။ မြို့စားကြီး၏ သိုင်းသမားများကိုလည်း အမှုမထားဘဲ တိုက်ခိုက်ကြလေသည်။

မြို့စားကြီး၏လူများသည် ဖေးဂူအား မယှဉ်နိုင်ဘဲ အထိနာခဲ့လေသည်။ မြို့စားကြီးလည်း ဖေးဂူနှင့်လုံကြုံးဖတို့အား ဆုံးမရန် မတတ်သာတော့ဘဲ ဖြစ်နေတော့သည်။

ထို့ကြောင့် မြို့စားကြီးသည် နယ်စားကြီးထံသို့ အကူအညီတောင်းခဲ့ရလေတော့သည်။ နယ်စားကြီးသည် ဖေးဂူနှင့်လုံကြုံးဖတို့အား ဝရမ်းထုတ်လိုက်သည်။



ထိပ်သီးကိုယ်ရံတော်များ စေလွှတ်ကာ လိုက်လံဖမ်းဆီးခိုင်းခဲ့လေသည်။ ဤတွင် ဖေးဂူနှင့်လုံကြုံးဖတို့ ထင်တိုင်းကျဲ၍ မရကြတော့ပါ။

တိုက်ပွဲများနှင့် အဆက်မပြတ် ရင်ဆိုင်နေကြပြီး မြောက်ပိုင်းဒေသမှ ထွက်ပြေးရှောင်တိမ်းသွားဖို့ ကြိုးစားခဲ့ကြရလေတော့သည်။

✵ ✵ ✵

www.burmeseclassic.com

www.burmeseclassic.com



## သံစွပ်

ကျောက်ဂူကြီးတစ်ခုအတွင်း၌ ဖြစ်သည်။ လုံကြုံးဖနှင့် ဖေးဂူတို့နှစ်ယောက် ရောက်ရှိနေကြလေသည်။ ဖေးဂူက မီးပုံတစ်ခု ပြုလုပ်ကာ ကြက်ကင်နေ၏။ လုံကြုံးဖက အရက်သောက်နေသည်။ မွှေးကြိုင်သော ကြက်ကင်နံ့ကြောင့် လုံကြုံးဖ ဗိုက်ဆာလာလေသည်။

"ဟေ့ ဖေးဂူ၊ မကျက်သေးဘူးလားကွ"

ဖေးဂူက ...

"ကျက်ပါပြီ ဆရာ၊ ခဏလေးပါ"

ကြက်ကင်ကို မီးပုံပေါ်၌ သုံးလေးပတ် လှည့်ပေးလိုက်ပြီးမှ လုံကြုံးဖထံသို့ ယူသွားလိုက်လေသည်။ လုံကြုံးဖက ကြက်ပေါင်ကို ဖဲ့ယူကာ အရက်နှင့် မြည်းလိုက်လေသည်။

"ကောင်းလိုက်တဲ့ ကြက်ကင်"

ဖေးဂူကို မေးဆတ်ပြလိုက်သည်။

"မင်းလည်းစားလေ"



"ဟုတ်ကဲ့"

ဖေးဂူကလည်း လုံကြုံးဖနှင့်အတူ စားသောက်လိုက်လေသည်။ မြို့စားကြီးနှင့်နယ်စားကြီး၏ သိုင်းသမားများက သဲကြီးမဲကြီး လိုက်လံရှာဖွေကာ တိုက်ခိုက်နေကြသဖြင့် ဖေးဂူတို့ တိုက်ပွဲများနှင့် နေ့စဉ်ရက်ဆက် ရင်ဆိုင်ခဲ့ရလေသည်။

အခြေအနေ မဟန်တော့မှန်းသိ၍ နှစ်ဦးသား ထွက်ပြေးရှောင်တိမ်းလာခဲ့ကြလေသည်။ တောအုပ်ကြီးတစ်ခု၏ အရှေ့ဘက်ရှိ ကျောက်တောင်ခြေရင်း လိုဏ်ဂူကြီးထဲ၌ လာရောက်ပုန်းဆောင်းနေခဲ့ကြသည်မှာ သုံးရက်ရှိသွားပြီ ဖြစ်လေသည်။

လုံကြုံးဖသည် ဖေးဂူကို သဘောကျနေပြီဖြစ်သည်။ တပည့်အဖြစ် လက်ခံလိုက်ပြီဖြစ်သည်။ သူ၏သိုင်းပညာကိုလည်း သင်ကြားပေးနေပြီ ဖြစ်လေသည်။

နှစ်ယောက်သား ပလုတ်ပလောင်း စားသောက်လိုက်ကြရာ ကြက်ကင်တစ်ကောင်နှင့် အရပ်တစ်အိုးမှာ တစ်ခဏအတွင်းမှာပင် တက်တက်စင်ပြောင်သွားလေတော့သည်။ လုံကြုံးဖက ဝမ်းဗိုက်ကို လက်ဖြင့် ပွတ်ရင်း ...

"ခုမှပဲ နေသာထိုင်သာ ရှိသွားတော့တယ်၊ ဖေးဂူ ငါတို့ ဒီအတိုင်း နေလို့မဖြစ်တော့ဘူးဆိုတာ မင်းသိတယ် မဟုတ်လား"

ဖေးဂူကိုလည်း လှမ်းမေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေးဂူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... သိပါတယ် ဆရာ"

လုံကြုံးဖက ...

"ငါ မြောက်ပိုင်းနယ်က ထွက်သွားတော့မယ် ... မင်း လိုက်ခဲ့မလား"

"ဟုတ်ကဲ့ ... ဆရာဘယ်သွားသွား ကျွန်တော်လိုက်ခဲ့ပါ့မယ် ဆရာ"

"အေး ... ငါတို့ သည်ကထွက်သွားပြီးရင် သည်အရပ်ဒေသကို ပြန်ရောက်လာဖို့ မလွယ်တော့ဘူးဆိုတာလည်း မင်း ထည့်ပြီးစဉ်းစားဦး"

ဤအရပ်ဒေသသို့ ပြန်ရောက်လာဖို့ မလွယ်တော့သဖြင့် စီကျုံးအား ဆုံးမဖို့ဆိုသည်မှာ ဖြစ်နိုင်တော့မည် မဟုတ်ပါချေ။ သူ့အား လက်သီးဖြင့် ထိုးခဲ့သော စီကျုံးကို သူဘယ်တော့မှ မေ့သွားနိုင်မည် မဟုတ်ပါချေ။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင် စီကျုံးကို ဆုံးမမည်ဟု ဆုံးဖြတ်ထားခဲ့ပေသည်။

လုံကြုံးဖက ...

"ငါလည်း ဟိုတစ်ချိန်က ဘယ်နေရာပဲရောက်ရောက် မင်းရဲ့ဆရာ ကျန်းရှုထင်းကို ဆုံးမမယ်ဆိုတဲ့ စိတ်က ပျောက်မသွားဘူး၊ ရှင်းရှင်းပြောရရင် ကျန်းရှုထင်းကိုရော သူနဲ့ပတ်သက်နေသူအားလုံးကိုပါ ဆုံးမပစ်ချင်ခဲ့တာ"

အငြိုးကြီးသူပီပီ ကျန်းရှုထင်းသာမက ပတ်သက်နေသူအားလုံးကိုပါ သုတ်သင်ပစ်မည်ဟု ဆုံးဖြတ်ခဲ့ခြင်း ဖြစ်လေသည်။ ဖေးဂူ ကံကောင်းခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် လုံကြုံးဖက ဖေးဂူကို လက်ခံခဲ့သည်မှာ စီကျုံးတို့လူစုကို ဆုံးမလိုခြင်းကြောင့် ဖြစ်လေသည်။ အိမ်ကြက်ချင်း အိုးမည်းသုတ်ကာ ခွပ်ခိုင်းမည့်သဘောလည်း ဖြစ်လေသည်။

ဖေးဂူက သူ့ထံ တပည့်ခံကာ စီကျုံးတို့အား ဆုံးမလိုက်သည်ဆိုလျှင် ကျန်းရှုထင်းမှာ တမလွန်ဘဝရောက်နေသည့်တိုင်အောင် စိတ်ချမ်းသာနိုင်တော့မည် မဟုတ်ပါချေ။

လုံကြုံးဖ၏ စိတ်ထားကား ကောက်ကျစ်စဉ်းလဲပြီး ရက်စက်ကြမ်းကြုတ်လှပေတော့သည်။ လုံကြုံးဖက ...

"ငါတို့ သည်ကထွက်မသွားခင် စီကျုံးတို့လူစုကို ဆုံးမသွားသင့်တယ် မဟုတ်လား"

ဖေးဂူ ဝန်ခံလိုက်သည်။

"ဟုတ်ပါတယ် ဆရာ"

လုံကြုံးဖက ...

"မင်းကို ငါက မိုးကြိုးကန်ချက်ပညာကို သင်ပေးခဲ့ပြီးပြီ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းလေ့ကျင့်လို့ မပြီးဆုံးသေးဘူးဆိုရင်ပေဘာင် အခုဟတ်မြောက်ထားတဲ့အဆင့်နဲ့ပဲ စီကျုံးတို့ကို အနိုင်ယူနိုင်မှာ သေချာတယ်"

ဖေးဂူ ဝမ်းသာသွားလေသည်။

"ကျွန်တော် သူတို့ကို ဆုံးမချင်နေတာ ကြာပါပြီ၊ ဆရာ ကျွန်တော့်ကို ခွင့်ပြုစေချင်ပါတယ်ခင်ဗျာ"

ချက်ချင်းခွင့်တောင်းလိုက်လေသည်။ လုံကြုံးဖ ပြုံးလိုက်သည်။

"မင်းရဲ့ဆန္ဒ ပြည့်ဝရမှာပေါ့၊ ဒါပေမဲ့ ငါပြောသလို မင်းလုပ်ရလိမ့်မယ်"

"စိတ်ချပါ ... ဆရာ့စကားကို ကျွန်တော် မြေဝယ်မကျနားထောင်ပါ့မယ် ခင်ဗျာ"

ဖေးဂူက ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ကတိပေးလိုက်လေသည်။ လုံကြုံးဖက ...

"မင်းက စီကျုံးတို့အားလုံးကို ချိန်းလိုက်ပါ၊ မင်း တစ်ယောက်တည်းနဲ့ သူတို့လေးယောက်ကို တစ်ချိန်တည်း တစ်ပြိုင်တည်း ယှဉ်ပြိုင်အနိုင်ယူပြရမယ်"

ဖေးဂူ ရင်ထိတ်သွားလေသည်။ လုံကြုံးဖက မိုးကြိုးကန်ချက် သိုင်းပညာသင်ကြားပေးထားသော်လည်း သူက ဆုံးခန်းတိုင်အောင် လေ့ကျင့်ရခြင်း မရှိသေးပါ။



လုံးဝ ကျွမ်းကျင်တတ်မြောက်သည်အထိ အချိန်ယူကာ ထပ်မံ လေ့ကျင့်ရဦးမည် ဖြစ်လေသည်။ ထို့ကြောင့် စီကျုံးတို့ လေးယောက်စလုံးအား တစ်ချိန်တည်း တစ်ပြိုင်တည်း ယှဉ်ပြိုင်အနိုင်ယူဖို့ဆိုသည်မှာ ခဲယဉ်းသောကိစ္စတစ်ခု ဖြစ်နေပါတော့သည်။

လုံကြုံးဖသည် တွေဝေသွားသော ဖေးဂူကိုကြည့်ပြီး ပြုံးလိုက်လေသည်။

"ဘာလဲ ... မင်းစိုးရိမ်နေတာလား"

"မဟုတ်ပါဘူး ဆရာ"

"ဒါဖြင့် ငါ့ရဲ့မိုးကြိုးကန်ချက်ပညာကို မယုံကြည်တာလား"

"ဟာ ... သည်လို မဟုတ်ပါဘူး ဆရာ"

လုံကြုံးဖက ...

"နေစမ်းပါဦး ... မင်းဘာတွေ စိုးရိမ်နေတာလဲ"

"ကျွန်တော်"

"ငါ့ရဲ့ မိုးကြိုးကန်ချက်ပညာနဲ့ စီကျုံးတို့လေးယောက်ကို မယှဉ်နိုင်ဘူး မင်းထင်နေတာလားကွ၊ ကဲ ... ကြည့်လိုက်စမ်း"

လုံကြုံးဖသည် ဒေါသဖြစ်လာသည့်အလား အနီးရှိ ကျောက်တုံး တစ်တုံးကို ခြေထောက်ဖြင့် လှမ်းကန်လိုက်လေသည်။

'ဝုန်း'

ကျောက်တုံးလည်း စိစိညက်ညက် ကြေမွသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လုံကြိုးဖ၏ မိုးကြိုးကန်ချက်က ကြောက်ခမန်းလိလိ ပြင်းထန်လှပေသည်။

ခြေကန်ချက်တစ်ချက်တည်းဖြင့် ထိပ်သီးသိုင်းဆရာကြီး ကျန်းရှုထင်းပင် သေဆုံးသွားခဲ့ရသည် မဟုတ်ပါလား။ ဖေးဂူ ထိတ်လန့်ကာ နောက်ဆုတ်လိုက်လေသည်။ လုံကြိုးဖက ...

"ဖေးဂူ၊ မင်းက သည်မိုးကြိုးကန်ချက်ပညာကို ရထားတာတောင် သူတို့ကို ကြောက်နေတုန်းပဲလားကွ ပြောစမ်း"

ဖေးဂူ ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် မကြောက်ပါဘူး ဆရာ"

"ဒါဖြင့် ဘယ်လိုဖြစ်နေတာလဲ ပြောစမ်းပါဦး"

"ကျွန်တော် မိုးကြိုးကန်ချက်ကို သင်ယူထားရတယ် ဆိုပေမယ့် ပြည့်စုံအောင် မလေ့ကျင့်ရသေးလို့ပါ"

"ဟား ဟား ဟား"

လုံကြိုးဖ ရယ်မောလိုက်လေသည်။

"ရယ်စရာကောင်းလိုက်တာ၊ စိုးရိမ်စရာမရှိတာကို ကြံဖန်စိုးရိမ်နေတာကိုး၊ မင်းက ဆုံးခန်းတိုင်အောင် အောင်မြင်မှုမရှသေးဘူးဆိုတာ ငါသိတာပေါ့၊ မင်းကိုငါက သည်အတိုင်း လွှတ်လိုက်မယ်ထင်နေလို့လား"

ဖေးဂူ ဝမ်းသာသွားလေသည်။ လုံကြိုးဖသည် သူ့အတွက်



အစီအစဉ်တစ်ခုပြုလုပ်ထားလိမ့်မည် မဟုတ်ပါလား။ လုံကြိုးဖက...

"ဟောသည်မှာကြည့်စမ်း"

သံမဏိဖြင့် ပြုလုပ်ထားသော ခြေစွပ်နှစ်ခုကို ထုတ်ပြလေသည်။ ဖိနပ်တစ်ရန်၏ ခြေဦးပိုင်းသဏ္ဍာန်ရှိပြီး ခြေချောင်းလေးများကို စွပ်ထားနိုင်သော ခြေစွပ်ဖြစ်သည်။ လုံကြိုးဖက ...

"မင်းရဲ့ ခြေဖျားထိပ်မှာ သံမဏိခြေစွပ်နှစ်ခု စွပ်ထားပြီး အပေါ်က ဖိနပ်စီးလိုက်ရင် ဘယ်သူသိနိုင်မှာလဲ"

ဖေးဂူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ဆရာ"

လုံကြိုးဖက ...

"သံမဏိခြေစွပ်စွပ်ထားတဲ့ မင်းရဲ့ခြေထောက်ကန်ချက်က ဘယ်လောက်ပြင်းထန်သွားလိမ့်မယ်ဆိုတာ မင်းစမ်းကြည့်လိုက်ပါလား"

"ဟုတ်ကဲ့ ဆရာ"

ဖေးဂူသည် လုံကြိုးဖပေးသော ခြေစွပ်နှစ်ခုကို ယူကာ ခြေနှစ်ဖက်၌ စွပ်ကာ အပေါ်မှ ဖိနပ်ထပ်စီးလိုက်၏။ ဖိနပ်စီးထားခြင်းကြောင့် ခြေစွပ်စွပ်ထားသည်ကို တွေ့မြင်နိုင်တော့မည် မဟုတ်ပါ။

လုံကြိုးဖက ကျောက်တုံးကြီးတစ်တုံးကို ညွှန်ပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲသည်ကျောက်တုံးကို ကန်လိုက်စမ်း"

"ဟုတ်ကဲ့ ဆရာ"

ဖေးဂူသည် ရုတ်တရက် မြေပေါ် ခြေဆောင့်ကာခုန်ထွက်လိုက်ပြီး လုံကြုံးဖ ညွှန်ပြသော ကျောက်တုံးကြီးကို မိုးကြိုးကန်ချက် အသုံးပြုကာ ကန်ကျောက်လိုက်လေသည်။

"ဟိတ်"

"ယား"

ဖေးဂူ၏ ကန်ချက်ကြောင့် ကျောက်တုံးကြီး တုန်ခါသွားလေသည်။ ကျောက်တုံးတစ်ခုလုံး ကွဲအက်ကြေမွသွားခြင်းတော့ မရှိပါချေ။ သို့သော် ကျောက်တုံးကြီး၌ အက်ကွဲကြောင်းများ ထင်ရှားပေါ်လွင်လာလေသည်။

"ဖြောင်း ဖြောင်း ဖြောင်း"

လုံကြုံးဖ လက်ခုပ်လက်ဝါးတီးကာ ရယ်မောလိုက်သည်။

"တော်တယ်ဟေ့၊ မင်းသာ လေ့ကျင့်မှု ပြီးဆုံးသွားရင် သည်ကျောက်တုံး ဘယ်ခံနိုင်တော့မှာလဲ"

ချီးကျူးပြောဆိုပြီး ...

"ကဲ နောက်တစ်ချက်လောက် ကန်လိုက်စမ်းပါဦး"

ဟု ပြောလေသည်။

"ကောင်းပါပြီ ဆရာ"

BURMESE CLASSIC .com



ဖေးဂူက မာန်သွင်းကာ နောက်ထပ်တစ်ချက် ကန်ကျောက်လိုက်လေသည်။ ယခုတစ်ကြိမ် ...

'ဝုန်း'

ကျောက်တုံးကြီး အစိတ်အစိတ်အမြွှာမြွှာ ကွဲအက်ကြေမွသွားလေတော့သည်။

✳

ဖေးဂူကိုယ်တိုင် တအံ့တသြ ဖြစ်သွားလေသည်။ လုံကြုံးဖက ...

"ဒါ အံ့သြစရာမဟုတ်ပါဘူး၊ မိုးကြိုးကန်ချက်ပညာဟာ တခြားပညာတွေနဲ့ မတူဘဲ ခြေစောင်းနဲ့ကန်တဲ့အမျိုး မဟုတ်ဘူး၊ ခြေဦးနဲ့ ကန်တာဆိုတော့ ခြေချောင်းလေးတွေကို မထိခိုက်ရလေအောင် ခြေစွပ်စွပ်ထားလိုက်ရင် ပြည့်စုံသွားပြီလေ"

ခြေစောင်းနှင့်ကန်ကျောက်ခြင်းထက် ခြေဦးဖြင့် ကန်ကျောက်ခြင်းက ပို၍ အန္တရာယ်များလေသည်။ နုနယ်သော ခြေချောင်းကလေးများ ကျိုးသွားမည့်အန္တရာယ်ရှိသည် မဟုတ်ပါလော။

မိုးကြိုးကန်ချက်ကို အသုံးပြုမည်ဆိုလျှင် ခြေချောင်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးများကို သံမဏိချောင်းများပမာ မာကျောလာအောင် လေ့ကျင့်ရလေသည်။

ထိုသို့ လေ့ကျင့်မအောင်မြင်မီ သံမဏိခြေစွပ်စွပ်ထားခြင်းက အန္တရာယ်အကင်းဆုံး ဖြစ်ပေတော့သည်။ လုံကြီးဖက ...

"မင်းက စီကျုံးတို့ လေးယောက်ကို ယှဉ်နိုင်တော့မယ်၊ ငါထင်တယ်"

ဖေးဂူ ပြုံးလိုက်သည်။

"သူတို့လေးယောက်စလုံး မိုးကြိုးကန်ချက်နဲ့ အရှုံးပေးသွားရတော့မှာပါ"

လုံကြီးဖက ...

"ငါတို့အတွက် အချိန်သိပ်မရှိဘူး၊ စီကျုံးတို့ဆီကို မင်းသွားပေတော့၊ ငါ သည်ကပဲ စောင့်နေမယ်၊ သူတို့ကို ဆုံးမပြီး မင်းပြန်ရောက်လာတာနဲ့ ငါတို့ သွားကြတာပေါ့"

"ဟုတ်ကဲ့ဆရာ"

ဖေးဂူက ဦးညွှတ်လိုက်ပြီး စီကျုံးတို့အား ဆုံးမရန် ကျောက်ဂူထဲမှ ထွက်လာခဲ့လေတော့သည်။

✳



စီကျုံးသည် ချာလောင်ထံသို့ ရောက်ရှိသွားသောအခါ ယင်ကြိုင်လည်း ရောက်နေသည်ကို တွေ့ရလေသည်။ ချာလောင်က ...

"အစ်ကိုကြီးရောက်လာတာနဲ့ အတော်ပဲဗျ။ ကျုပ်တို့လည်း အစ်ကိုကြီးဆီကို လာခဲ့ကြတော့မလို့"

စီကျုံးက ...

"ဖေးဂူကြောင်း ဟုတ်လား"

ချာလောင်က ...

"ဟုတ်တယ်အစ်ကိုကြီး၊ သူ့ဆီက စာတစ်စောင်ရောက်လာတာပါ၊ ကျွန်တော်တို့ကို စိန်ခေါ်လိုက်တာပဲ"

ယင်ကြိုင်က ဝင်ပြောသည်။

"ကျုပ်ဆီကိုလည်း စိန်ခေါ်စာတစ်စောင် ရောက်လာလို့၊ အစ်ကိုကြီးဆီကိုကော"

စီကျုံး ခေါင်းညိတ်လိုက်သည်။

"ကျုပ်ကိုလည်း သူက စိန်ခေါ်လိုက်တယ်"

သူတို့အား တစ်ချိန်တည်း တစ်ပြိုင်တည်း စိန်ခေါ်လိုက်ခြင်းဖြစ်ပေတော့သည်။ ချာလောင်က ...

"သူ့ကို လုံကြီးဖက ကျောထောက်နောက်ခံပြုထားပေမယ့် ကျုပ်ကတော့ သူနဲ့သွားပြီး ရင်ဆိုင်မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ၏သဘောထားကို ပွင့်ပွင့်လင်းလင်း ပြောလေသည်။

ယင်ကြိုင်က ...

"လုံကြီးဖ လိုက်လာမယ်ဆိုရင်တောင် ကျုပ်က ဖေးဂူနဲ့ သွားတွေ့မှာပါ"

သူတို့သုံးယောက်သည် အသက်ကို ပမာနမထားဘဲ ဖေးဂူနှင့် ယှဉ်ပြိုင်ဖို့ ဆုံးဖြတ်လိုက်ကြလေသည်။

ချာလောင်က ...

"ဖေးဂူ ခုလိုစိန်ခေါ်လိုက်တာ ယွမ်ချင်းတော့ သိနိုင်မယ် မထင်ဘူး၊ သူ့ကို အကြောင်းကြားလိုက်ရင် ကောင်းမလား၊ အစ်ကိုကြီး ဘယ်လိုသဘောရသလဲ"

ဟု စီကျုံးအား မေးလိုက်လေသည်။ စီကျုံး ခေါင်းခါယမ်းလိုက်သည်။

"ရှောင်လင်ကျောင်းထိုင်က ရန်ကိုရန်ချင်းမတုံ့ပြန်ဖို့ ယွမ်ချင်းကို တရားချပြီး ရှောင်လင်ကျောင်းမှာ ခေါ်ထားပြီး သိုင်းပညာ သင်ပေးနေတယ်၊ သူ့ကို အကြောင်းမကြားဘဲထားတာ ကောင်းမယ်၊ ဒါမှ ကျုပ်တို့ ကံဆိုးခဲ့ရင် တစ်ချိန်မှာ သူက ဖေးဂူကို ဆုံးမနိုင်မှာပေါ့"

ထိုစကားကို ချာလောင်နှင့်ယင်ကြိုင်တို့ လက်ခံလိုက်ကြလေသည်။ ယွမ်ချင်းထံသို့ အကြောင်းမကြားဘဲနေရန် ဆုံးဖြတ်လိုက်ကြလေသည်။ စီကျုံးက ...



"ကဲ ... ဖေးဂူ စောင့်နေလိမ့်မယ်၊ ကျုပ်တို့ သွားကြတာပေါ့"

"ကောင်းပါပြီဗျာ"

ချာလောင်နှင့်ယင်ကြိုင်တို့ သဘောတူလိုက်ကြသည်။ ထို့နောက် ဖေးဂူနှင့်ချိန်းထားရာသို့ ထွက်လာခဲ့ကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## သစ္စာမဲ့တဲ့လူ

အေးမြသောလေပြည်လေညင်းလေး သုန်သုန်ညင်းညင်း ဝှေ့ယမ်းတိုက်ခတ်လာလေသည်။

မွှေးကြိုင်သောပန်းရနံ့များနှင့် အဝေးမှ လွမ်းဆွေးဖွယ်ကောင်းသော ငှက်ကလေးများ၏ တေးဆိုသံများ လွင့်ပျံ့လာလေသည်။

စီကျူးတို့သည် တောင်ကုန်းလေးပေါ်သို့ တက်လာခဲ့ကြခြင်း ဝမ်းနည်းကြေကွဲမှုများ ခံစားလာရလေသည်။

တောင်ကုန်းလေး၊ ...။

ထိုတောင်ကုန်းလေးပေါ်၌ တစ်ချိန်က ကျန်းရှထင်းနှင့် လုံကြိုးဖတို့ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြသည် မဟုတ်ပါလား။

ကျန်းရှထင်း အရေးနိမ့်ခဲ့သော တောင်ကုန်းလေးပေါ်၌ စီကျူးတို့သည် သစ္စာဖောက် ဖေးဂူနှင့် ရင်ဆိုင်ကြရတော့မည် မဟုတ်ပါလား။

စီကျူး၊ ချာလောင်နှင့်ယင်ကြိုင်တို့က တောင်ကုန်းလေး



ပေါ်သို့ နှေးကွေးလေးလံသော ခြေလှမ်းများဖြင့် တက်လာခဲ့ကြသည်။

ကျန်းရှထင်းနှင့်လုံကြိုးဖတို့ ယှဉ်ပြိုင်ခဲ့ကြသည့်နေရာသို့ ရောက်လျှင် သုံးယောက်သား ခြေလှမ်းရပ်လိုက်ကြလေသည်။ ချာလောင်က ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ပြီး အံကြိတ်လိုက်လေသည်။

"ဖေးဂူက သည်လိုနေရာမျိုးကိုမှ ချိန်းလိုက်တာ ကျုပ်တို့ကို တမင်စော်ကားလိုက်တာပဲဗျ"

ဟု မကျေမနပ် ပြောလိုက်လေသည်။ ယင်ကြိုင်လည်း ခံပြင်းနေပါသည်။

"ကျုပ်တို့က သည်သစ္စာဖောက် လူယုတ်မာကို ဆုံးမလိုက်ကြတာပေါ့ဗျာ"

စီကျူးက ...

"ဟုတ်တယ် ... ဖေးဂူကို မဆုံးမနိုင်ဘူးဆိုရင် ကျုပ် သည်တောင်ကုန်းပေါ်က ဆင်းမသွားတော့ဘူး"

ဟု ပြတ်သားစွာပြောလိုက်လေသည်။ သူတို့သည် အသက်ကို ပဓာနမထားဘဲ ဖေးဂူကို တိုက်ခိုက်သွားကြတော့မည် ဖြစ်လေသည်။

"ဟား ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com



ရယ်မောသံက သူတို့၏ ဦးခေါင်းပေါ်မှ ထွက်ပေါ်လာလေသည်။

စီကျိုးတို့ ခေါင်းမော့ကြည့်လိုက်ကြသောအခါ သစ်ပင်တစ်ပင်၏ သစ်ကိုင်းတစ်ကိုင်းပေါ်၌ ထိုင်နေသော ဖေးဂူကို တွေ့မြင်လိုက်ကြရလေသည်။

ဖေးဂူသည် သူတို့ထက် အရင်ရောက်နှင့်နေပြီး စောင့်ဆိုင်းနေခြင်း ဖြစ်ပါတော့သည်။

"ယွမ်ချင်းရော ပါမလာဘူးလားဗျ"

ဖေးဂူက ပြောရင်း သစ်ကိုင်ပေါ်မှ ခုန်ဆင်းလာလေသည်။ သူ၏ လှုပ်ရှားမှုကိုကြည့်လိုက်သည်နှင့် ယခင်ကနှင့်မတူဘဲ သိုင်းပညာ ပို၍ တိုးတက်လာပြီဖြစ်ကြောင်း စီကျိုးတို့ နားလည်လိုက်ကြလေသည်။ စီကျိုးက ...

"မင်း ထွက်သွားပြီးကတည်းက ယွမ်ချင်းလည်း စိတ်ပျက်ပြီး ထွက်သွားတာ ... ဘယ်ရောက်နေမှန်းတောင် မသိတော့ဘူးကွ"

ဟု လိမ်ပြောလိုက်လေသည်။ ဖေးဂူက ...

"ထားပါတော့လေ၊ အခု သူမရောက်လာနိုင်လည်း တစ်နေ့ကျရင် သူ့ကို ဆုံးမရမှာပဲ၊ ခုတော့ ခင်ဗျားတို့သုံးယောက်အလှည့်ပေါ့"



ပြောရင်း ရှေ့တိုးလာလေသည်။ စီကျိုးက ...

"ဖေးဂူ ... မင်းက ဆရာ့မျက်နှာကိုမထောက်ဘဲ ထင်ရာစိုင်းခဲ့တာကြောင့် ဆရာရဲ့ဂုဏ်သိက္ခာ ကျဆင်းခဲ့ရတယ်၊ ဒါကြောင့် မင်းကို ဆုံးမဖို့ ငါတို့ ဆုံးဖြတ်ထားကြပြီးပြီ၊ မင်းက ငါတို့ကို စိန်ခေါ်ရဲတာ သိပ်ကို အံ့သြစရာကောင်းနေပြီ၊ တကယ်ဆိုရင် ငါတို့နဲ့ ဝေးရာကို မင်းထွက်ပြေးသွားရမှာကွ"

ချာလောင်ကလည်း ဝင်ပြောလိုက်လေသည်။

"မင်းက လုံကြိုးဖနဲ့ပေါင်းပြီး ထင်ရာစိုင်းနေတာကြောင့် နယ်စားကြီးက မင်းတို့ကို ဖမ်းဆီးဖို့ ဝရမ်းထုတ်ထားပြီ၊ မင်းကို ဖမ်းဆီးကွပ်မျက်ပစ်ကြတော့မှာကွ"

ဖေးဂူ ကြောက်လန့်ခြင်းမရှိသည့်အပြင် တဟားဟား ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား ... ကျုပ်က ဘယ်သူ့ကိုမှ မကြောက်လို့ ခင်ဗျားတို့ကို ဆုံးမဖို့ လာခဲ့တယ်ဆိုတာ မှတ်ထားစမ်းပါ"

စီကျိုးကို မုန်းတီးစွာကြည့်လိုက်ပြီး ...

"ကျုပ်ကို လက်သီးနဲ့ထိုးခဲ့တာ ခင်ဗျားမှတ်မိမှာပေါ့၊ ကောင်းပြီ ... ခင်ဗျား စောစောက ပြောခဲ့သလိုပဲ၊ သည်ကနေ့ ခင်ဗျား အသက်ရှင်လျက် သည်တောင်ကုန်းလေးပေါ်က ဆင်းသွားစေရဘူးလို့ ကျုပ်အာမခံတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေသည်။ စီကျုံးက ...

"လုံကြိုးဖဆီက ပညာသင်ခဲ့ရတယ်ဆိုပြီး ဘဝင်မြင့်မနေ စမ်းပါနဲ့ကွာ၊ မင်း ဘာများတတ်နိုင်မှာမို့လဲ"

ဖေးဂူ ခေါင်းညိတ်လိုက်သည်။

"ကျုပ် ဘာတတ်နိုင်တယ်ဆိုတာ ခင်ဗျားသိရမယ်"

စကားဆုံးလျှင် စီကျုံးအား စတင်တိုက်ခိုက်လေသည်။ စီကျုံးကလည်း ပြန်လည်တိုက်ခိုက်လိုက်လေတော့သည်။

✵

"ဟိတ်"

"ယား"

စီကျုံးနှင့်ဖေးဂူတို့ တိုက်ခိုက်လိုက်ကြပြီဖြစ်လေသည်။

စီကျုံးက ဆရာကြီးကျုန်းရှုထင်း၏ လုံသိုင်းပညာကို အသုံးပြုသကဲ့သို့ ဖေးဂူကလည်း လုံသိုင်းကိုပင် အသုံးပြုခဲ့လေသည်။

ဆရာတစ်ဆူတည်းထံတွင် ပညာသင်ကြားခဲ့ကြသူများပီပီ တစ်ယောက်၏ သိုင်းကွက်ကို တစ်ယောက်သိနေကြပြီး ရုတ်တရက် မည်သူမျှ အသာစီးမရဘဲ လက်ရည်ညီမျှနေကြလေတော့သည်။



ချာလောင်နှင့် ယင်ကြိုင်တို့ အချင်းချင်း ကြည့်လိုက်ကြသည်။

"ဖေးဂူလိုလူစားမျိုးကို သိုင်းလောကစည်းကမ်း စောင့်ထိန်းနေစရာမလိုပါဘူး"

"ဟုတ်တယ် ... သည်လူယုတ်မာကို ဆုံးမနိုင်ဖို့က အရေးကြီးတယ်၊ ကျုပ်တို့လည်း ဝင်တိုက်ကြတာပေါ့"

"ကောင်းပြီ"

ထို့နောက် နှစ်ယောက်သား လုံတစ်ချောင်းစီ ဆွဲကိုင်ကာ တိုက်ပွဲအတွင်းသို့ ခုန်ဝင်လိုက်ကြလေသည်။

"သေပေတော့"

"ယား"

သူတို့နှစ်ယောက် ဝင်ရောက်လာကြသောအခါ တိုက်ပွဲပိုပြီး ပြင်းထန်လာလေတော့သည်။

'ဝှစ် ဝှစ် ဝှစ်'

ရူးရှသော လေထိုးသံများနှင့်အတူ လုံရိပ်များသည် ဖေးဂူ၏ တစ်ကိုယ်လုံး လွှမ်းခြုံသွားလေသည်။

ဖေးဂူကလည်း လုံရှည်ကို ဝှေ့ယမ်းကာ ပြန်လည်ရင်ဆိုင်လိုက်လေသည်။

တစ်ယောက်အကြောင်း တစ်ယောက်သိသူများ ဖြစ်နေကြရကား စီကျုံးတို့က သုံးယောက်ဖြစ်နေခြင်းကြောင့် မကြာမီမှာပင်သာ

www.burmeseclassic.com

www.burmeseclassic.com



စီး ရှိသွားကြလေတော့သည်။

'ထန်း ထန်း'

'ဗိုး'

ယှဲ့သုံးလက်၏ ပြင်းထန်သော ရိုက်ချက်များက ဖေးဂူ၏ လက်ထဲမှ လှံကို အဝေးသို့ လွင့်စဉ်သွားစေတော့သည်။ လက်နက်မဲ့ ဖြစ်သွားသော ဖေးဂူက ...

"ဟိတ်"

မြေပေါ် ခြေတစ်ချက်ဆောင့်ကာ နောက်ကျွမ်းပစ်၍ ခုန်ထွက် ရှောင်တိမ်းသွားတော့သည်။

"မင်း ဘယ်ပြေးမလဲ"

"မင်း ပြေးလို့ လွတ်မယ်ထင်သလား"

စီကျူးတို့သုံးယောက်က ဗြသံပေးကာ ပြေးလိုက်သွားကြပြီး လှံရှည်များ ဝှေ့ယမ်းကာ ဖိ၍ တိုက်ခိုက်လိုက်ကြလေသည်။ သုံးယောက်သား အသာစီးယူကာ ဖေးဂူအား ဆုံးမနိုင်တော့မည်ဟု လည်း ယူဆမိကြလေသည်။

စီကျူးက ...

"လှံကြိုးဖ ထွက်မလာခင် သူ့ကို အပြတ်ရှင်းရမယ်"

ချာလောင်တို့အား သတိပေးလိုက်လေသည်။

ချာလောင်နှင့် ယင်ကြိုင်တို့ကလည်း အခြေအနေကို နား



လည်သဘောပေါက်ထားကြပြီး အားမာန်သွင်းကာ ဖိဖိစီးစီး တိုက်ခိုက်လိုက်ကြလေသည်။

ဖေးဂူမှာ မကြာမီ ရှုံးနိမ့်သွားတော့မည်ဟု ထင်ရသော်လည်း ...

"ကျုပ်က ခင်ဗျားတို့ကို ကြောက်နေရမှာလား"

ဖေးဂူသည် လှံကြိုးဖ သင်ပေးထားသော သိုင်းကွက်များ အသုံးပြုကာ ပြန်လည်ရင်ဆိုင်လိုက်လေသည်။ စီကျူးတို့၏ လှံချက်များကို ခန္ဓာကိုယ် ယိမ်းနွဲ့ပြီး ပွတ်ကာသီကာ ရှောင်တိမ်းပေးလိုက်သည်။

တစ်ဆက်တည်းပင် မိုးကြိုးကန်ချက်ကို အသုံးပြုကာ ကန်ကျောက် တိုက်ခိုက်လိုက်လေသည်။

မိုးကြိုးကန်ချက်မှာ အလွန်အစွမ်းထက်သော သိုင်းပညာ ဖြစ်လေသည်။

ဖေးဂူအတွက် ပညာစုံခြင်းမရှိသေးသော်လည်း သံမဏိ ခြေစွပ်ကို လျှို့ဝှက်စွာစွပ်ထားသဖြင့် ထိုခြေစွပ်ကန်ချက်များလည်း ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လာလေတော့သည်။

'ဖျောင်း ဖျောင်း ဖျောင်း'

ဖေးဂူသည် မိုးကြိုးကန်ချက်ကို အသုံးပြုကာ စီကျူးတို့၏ လှံရှည်များကို ကန်ချိုးပစ်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဟာ"

စီကျုံးတို့ ထိတ်လန့်သွားကြလေသည်။ ကပျာကယာ နောက်ဆုတ်လိုက်လေသည်။ ဖေးဂူကိုလည်း မယုံနိုင်စွာ ကြည့်လိုက်ကြလေသည်။

"ဟား ဟား ဟား"

ဖေးဂူ ဟားတိုက်ရယ်မောလိုက်လေသည်။

"ဆရာကြီးကျုန်းရှထင်းရဲ့ပညာက ဘယ်လောက်များ အသုံးဝင်နိုင်မှာမို့လဲဗျာ"

"မင်း"

"ကျုပ်ရဲ့ မိုးကြိုးကန်ချက်က အစွမ်းထက်တယ် မဟုတ်လား ... ဘယ့်နှယ်လဲ"

"တောက် ... ကျုပ်တို့က မင်းကိုကြောက်နေမယ်များ ထင်နေသလား"

စီကျုံးတို့သည် ခံပြင်းဒေါသထွက်ကာ ဖေးဂူထံ ခုန်ဝင်တိုက်ခိုက်လိုက်ကြလေသည်။

ဖေးဂူက ...

"ခင်ဗျားတို့ မယုံကြသေးဘူးလား၊ ဒါဖြင့် ကျုပ်ရဲ့ မိုးကြိုးကန်ချက်ကို ထပ်ပြီး မြည်းစမ်းကြည့်လိုက်ကြပါဦးဗျာ"



မိုးကြိုးကန်ချက်ပညာကို အသုံးပြုကာ ကန်ကျောက် တိုက်ခိုက်လိုက်လေသည်။

လုံကြိုးဖက ဆရာစားမချန် ပညာကုန်သင်ပေးထားသည့်အပြင် သံမဏိခြေစွပ်ကိုပါ ပေးထားသဖြင့် ဖေးဂူသည် အလွန်ကြောက်စရာကောင်းသူအဖြစ် ပြောင်းလဲသွားပြီ ဖြစ်လေသည်။

'ဗိုး ဗိုး ဗိုး'

သူ၏မိုးကြိုးကန်ချက် အဆက်မပြတ် ထွက်ပေါ်လာပြီး စီကျုံးတို့ထဲ တိုးဝင်သွားတော့သည်။ ရှေ့ဆုံးမှ ချာလောင်မှာ မိုးကြိုးကန်ချက်ကို ပထမဆုံးခံလိုက်ရလေသည်။

'ဝုန်း'

"အား"

'ဝေါ့'

မိုးကြိုးကန်ချက်က သူ၏ရင်ဝကို ကန်ကျောက်မိလိုက်သည်။ ချာလောင်၏ရင်ဝမှ အရိုးများ ကျိုးကြေသွား၏။ ပါးစပ်မှလည်း သွေးများ အန်ထုတ်လိုက်ပြီး အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

"တောက်"

ချာလောင်ခံလိုက်ရသည်ကိုမြင်လျှင် စီကျုံးနှင့်ယင်ကြိုင်တို့ ပိုပြီး ဒေါသထွက်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သိကြသေးတာပေါ့"

"မင်းကို သတ်ပစ်ရမှ ငါကျေနပ်မယ်"

နှစ်ယောက်သား ဖေးဂူကို ခုန်အုပ်လိုက်ကြလေသည်။

"သွားစမ်း"

ဖေးဂူက ခြေထောက်ဖြင့် ဆီးကြိုကန်ကျောက်ပစ်လိုက်လေသည်။

မိုးကြိုးကန်ချက်က အလွန်လျင်မြန်နေသဖြင့် စီကျုံးနှင့် ယင်ကြိုင်တို့ မရှောင်နိုင်ကြတော့ပါချေ။

'ဖုန်း'

'ဝုန်း'

နှစ်ယောက်သား မိုးကြိုးကန်ချက်ထိကာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

✳

တိုက်ပွဲပြီးဆုံးသွားပြီ ဖြစ်သည်။ စီကျုံး၊ ချာလောင်နှင့် ယင်ကြိုင်တို့ မြေပေါ်လဲကျနေကြ၏။

ဖေးဂူ၏ ပြင်းထန်သော မိုးကြိုးကန်ချက်က သူတို့အား



မရှုမလှ ရှုံးနိမ့်သွားစေခဲ့ပြီ ဖြစ်လေသည်။

ချာလောင်မှာ မြေပေါ်လဲကျသွားပြီး ပြန်မထနိုင်တော့ပါ။ ရင်ဘတ်မှ အရိုးများ ကျိုးကြေသွားသဖြင့် တစ်ခါတည်း အသက်ပျောက်သွားပြီ ဖြစ်လေသည်။

ယင်ကြိုင်က မြေပေါ်လူးလိမ့်ကာညည်းတွားနေ၏။ စီကျုံးက အားတင်းကာ ထရပ်လိုက်လေသည်။ သူ၏ နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျနေသည်။ ခန္ဓာကိုယ်မှာလည်း ဒယီးဒယိုင် ဖြစ်နေသည်။

စီကျုံးက ဖေးဂူနှင့် ရင်ဆိုင်လိုက်ချိန်၌ လူးလိမ့်နေသည်။ ယင်ကြိုင်ငြိမ်သက်သွားတော့သည်။ စီကျုံးက ...

"မင်း လူယုတ်မာ"

အံကြိတ်ကာ ပြောလိုက်သည်။ ဖေးဂူက ...

"ခင်ဗျား ဘာပြောပြော ကျုပ် ဂရုမစိုက်ဘူး၊ ကျုပ်ကို လက်သီးနဲ့ ထိုးခဲ့တဲ့ကိစ္စကိုပဲ ကျုပ်သိတယ်၊ သည်တစ်ခါ ခင်ဗျား အလှည့်ပေါ့ဗျာ"

ရုတ်တရက် ရှေ့တိုးလာပြီး စီကျုံး၏မျက်နှာကို လက်သီးဖြင့် ထိုးချလိုက်လေသည်။ စီကျုံးမှာ ဖေးဂူတိုက်ခိုက်လာသည်ကို တွေ့မြင်နေရပါသော်လည်း ဒဏ်ရာပြင်း အရထားပြီးပြီဖြစ်ရာ ခုခံခြင်း၊ ရှောင်တိမ်းခြင်း မပြုနိုင်တော့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



'ခွပ်'

"အင့်"

စီကျူးပက်လက်လန်ကာ မြေပေါ်လဲကျ အသက်ပျောက်သွားလေတော့သည်။

ဖေးဂူသည် စီကျူးတို့သုံးယောက် သူ၏လက်ချက်ဖြင့် သေဆုံးသွားခဲ့ကြသော်လည်း မည်သို့မျှ မခံစားရပါချေ။ စီကျူးတို့အား ဆုံးမနိုင်လိုက်ပြီဟုပင် ကျေနပ်နေတော့သည်။

"ဆရာကြီး လုံကြူးဖဆီကို ပြန်သွားရမယ်၊ သူနဲ့အတူ သိုင်းလောကထဲ လိုက်သွားပြီး မိုးကြိုးကန်ချက်ကို ဆက်ပြီး လေ့ကျင့်သွားမယ်"

ဟု ဆုံးဖြတ်ကာ တောင်ပေါ်မှ ဆင်းသွားလေသည်။ သို့သော် ဖေးဂူသည် လုံကြူးဖဆီသို့ မသွားဖြစ်တော့ပါ။ နယ်စားကြီး၏ တပ်ဖွဲ့များသည် သတင်းရသွားပြီး လုံကြူးဖပုန်းအောင်းနေသော ကျောက်ဂူကြီးကို ဝိုင်းရံခဲ့ကြသည်။

လုံကြူးဖက အဖမ်းမခံဘဲခုခံခဲ့သဖြင့် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့လေသည်။ နောက်ဆုံးတွင် နယ်စားကြီး၏ တပ်ဖွဲ့များသည် ကျောက်ဂူထဲ ဝင်ရောက်တိုက်ခိုက်ခြင်း မပြုကြတော့ဘဲ ကျောက်ဂူအပေါက်ဝကို ပိတ်ဆို့ကာ မီးလောင်တိုက်သွင်းခဲ့ကြလေသည်။



ညတွင် ဂူထဲခိုအောင်းနေသည့် လုံကြူးဖ ဘာမှမတတ်နိုင်တော့ဘဲ သေဆုံးသွားလေတော့သည်။ ဖေးဂူသည် လုံကြူးဖ သေဆုံးသွားသည့်သတင်းကို ကြားလျှင် ထိတ်လန့်တုန်လှုပ်သွားလေသည်။ မည်သူမျှမသိအောင် မြောက်ပိုင်းဒေသမှ တိတ်တဆိတ် ထွက်ပြေးရှောင်တိမ်းသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## နောက်ဆုံးလူ

မိုးကြိုးကန်ချက် ...။

မိုးကြိုးကန်ချက်ကား ကြောက်စရာကောင်းအောင် ပြင်းထန်လှပေတော့သည်။

ဖေးဂူ၏လက်ချက်ကြောင့် ယွမ်ချင်းဒဏ်ရာရသွားပြီ ဖြစ်သည်။ သူ၏ ဝဲဘက်လက်တစ်ချောင်းလုံး ပြုတ်ထွက်သွားလုမတတ် ဖြစ်နေပါသည်။ ဖေးဂူက ...

"ယွမ်ချင်း ... စီကျုံးတို့ သေကုန်ပြီ၊ မင်းလည်း သေချင်လို့ ငါ့ကို လိုက်ရှာနေတာပဲ"

ဟု ပြောလိုက်လေသည်။ ယွမ်ချင်း အံကြိတ်လိုက်သည်။

"ခင်ဗျားဟာ ဆရာ့ရဲ့ ဂုဏ်သိက္ခာ ညှိုးနွမ်းစေတဲ့အပြင် ပညာသင်ဘက် ညီအစ်ကိုတွေကိုလည်း ရက်ရက်စက်စက် သတ်ပစ်ခဲ့တယ်၊ ဒါကြောင့် ခင်ဗျားကို ဆုံးမဖို့ ကျုပ်လိုက်ရှာနေတာပဲ"

ဖေးဂူ မဲ့ပြုံးပြုံးလိုက်သည်။

"အခု ကျုပ်ကို တွေ့ပြီ မဟုတ်လား၊ ကဲ ... မင်း ဘာတတ်



နိုင်သေးသလဲ ... ပြောပါဦး"

ယွမ်ချင်း ခံပြင်းသွားလေသည်။ သူက ဖေးဟိုအမည်ဖြင့် ပန်သိုင်းကျောင်း၌ ဇာတ်မြှုပ်နေသော ဖေးဂူကို တွေ့အောင်ရှာနိုင်ခဲ့ပြီ ဖြစ်သည်။

သို့သော် ဖေးဟို (ဝါ) ဖေးဂူပြောသကဲ့သို့ ဘာမှမတတ်နိုင်အောင် ဖြစ်နေပါတော့သည်။ ဖေးဂူက ...

"ကျုပ်က ပန်သိုင်းကျောင်းမှာပဲ တစ်သက်လုံး ဇာတ်မြှုပ်နေတော့မယ်လို့ ဆုံးဖြတ်ထားတာ အမှန်ပါ၊ မင်းက ကျုပ်ရဲ့ အကြောင်းကိုလာပြီး ဖော်ထုတ်ချင်တာကိုး၊ ကျုပ်လည်း လူဆိုး မလုပ်ချင်လည်း လုပ်ရပြန်တာပေါ့"

ဖေးဟို (ဝါ) ဖေးဂူသည် အမှန်တကယ် လူကောင်း တစ်ယောက်အဖြစ် ပြောင်းလဲတော့မည်လော။ ဖေးဂူနှင့်ပတ်သက်ပြီး ဘယ်အရာမျိုးကိုမှ တိတိကျကျ ပြောနိုင်လိမ့်မည် မဟုတ်ပါ။

ဖေးဂူ၏ စိတ်နေသဘောထားသည် မှန်းဆရအလွန်ခက်သည် မဟုတ်ပါလား။ ယွမ်ချင်းက ...

"အပိုတွေမပြောနဲ့၊ ခင်ဗျားဟာ ဘယ်တော့မှ လူကောင်း တစ်ယောက် ဖြစ်လာမှာ မဟုတ်ဘူး"

"မင်း သေချင်ပြီထင်တယ်"

ဖေးဂူက ရှေ့တိုးလာ၏။ ယွမ်ချင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို လွယ်လွယ်နဲ့ မရနိုင်ပါဘူးဗျာ"

"ကြည့်ကြသေးတာပေါ့"

ဖေးဂူက လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေသည်။ ယွမ်ချင်းလည်း သတိကြီးစွာထားပြီး ခုခံလိုက်၏။ ဆရာကြီးကျန်းရှုထင်း၏ သိုင်းပညာများသာမက ရှောင်လင်ကျောင်း၌ သင်ကြားခဲ့ရသော သိုင်းပညာများကိုပါ အသုံးပြုကာ ခုခံရင်ဆိုင်လိုက်ခြင်း ဖြစ်လေသည်။

ယွမ်ချင်း၏ပညာလည်း ယခင်ကထက် များစွာတိုးတက်နေပြီ ဖြစ်ပါသည်။ စီကျူးတို့ထက်ပင် သာနေသည်ဟု ဆိုနိုင်သည်။ သို့သော် ယွမ်ချင်းမည်သို့ပင် ကြိုးစားစေကာမူ ဖေးဂူကို မယှဉ်နိုင်တော့ပါချေ။

"ဟိတ်"

ဖေးဂူက ဩသံပေးကာ မိုးကြိုးကန်ချက်ကို ထုတ်ဖော်လိုက်လေသည်။

'ဗိုး ဗိုး ဗိုး'

ပြင်းထန်သော ကန်ချက်များက ယွမ်ချင်းထံသို့ အဆက်မပြတ် တိုးဝင်လာလေသည်။

ယွမ်ချင်းသည် နောက်ဆုတ်ရှောင်တိမ်းရင်း ဖေးဂူ၏ ခြေထောက်ကို လက်ဖြင့် ပုတ်ထုတ်လိုက်၏။ ခြေထောက်နှင့်လက် ထိ



တွေ့မိလိုက်လျှင် ...

'ဖျောင်း'

ယွမ်ချင်း၏လက်မှ အရိုးများ အပိုင်းပိုင်း ကျိုးသွားတော့သည်။

"အား"

ယွမ်ချင်း စူးရှစွာ အော်ဟစ်လိုက်သည်။ သူ၏ လက်တစ်ဖက်မှာ လက်ဖျံမှနေ၍ အပိုင်းပိုင်းကျိုးသွားပြီး ကျန်လက်တစ်ဖက်မှာလည်း ပခုံးရိုးကျိုးနေပြီဖြစ်သည်။

လက်နှစ်ဖက်စလုံး အသုံးပြု၍ မရနိုင်တော့ပါ။ ယွမ်ချင်း ဟန်ချက်ပျက်သွားပြီး ရှေ့သို့ ငိုက်ကျသွားလေတော့သည်။ ထိုအချိန်မှာပင် ဖေးဂူ၏ မိုးကြိုးကန်ချက်က ရင်ဝသို့ တိုးဝင်လာလေသော အခါ ...

'ဝုန်း'

ယွမ်ချင်းအဝေးသို့ လွင့်စဉ်သွားတော့သည်။ ဖေးဂူက ထပ်မံတိုက်ခိုက်ခြင်း မပြုတော့ပါ။ တိုက်ခိုက်စရာလည်း မလိုတော့ပါ။ ယွမ်ချင်းသည် မြောက်၍ ပက်လက်ဖြစ်ကာ အသက်ပျောက်နေပြီ မဟုတ်ပါလား။

ဖေးဂူ သက်ပြင်းချလိုက်သည်။ ယွမ်ချင်း၏ အလောင်းကို တစ်ချက်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန်ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် ကြည့်လိုက်လေသည်။

ပြီးလျှင် ချာခနဲလှည့်ကာ ပြေးလွှားသွားတော့သည်။ ကိုယ်ဖော့ပညာ အသုံးပြုကာ လျင်မြန်စွာ ပြေးလွှားသွားရာ တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

✳

ယွမ်ချင်း သေဆုံးသွားပြီ ဖြစ်သည်။ ထို့ကြောင့် နောက်တစ်နေ့နံနက်တွင် ယောင်ဖေးဟုန်တို့ ခရီးထွက်သွားသောအခါ လာရောက်နှုတ်ဆက်ခြင်း မပြုနိုင်တော့ပေ။

ယောင်ဖေးဟုန်သည် ယွမ်ချင်းကို မတွေ့ရသဖြင့် စိတ်အနှောင့်အယှက် ဖြစ်မိလေသည်။

"သူ ဘာကြောင့် ရောက်မလာတာလဲ"

"တစ်ခုခုများ ဖြစ်နေလို့လား"

အမျိုးမျိုးတွေးတော စဉ်းစားနေမိလေသည်။ မည်သို့ဆိုစေ သိုင်းပညာသင်ကြားပေးမည့် ဆရာကြီးလုအာစိုင်းနောက်သို့ လိုက်မသွား၍ မဖြစ်သဖြင့် ဘာမှ မတတ်သာဘဲ လိုက်သွားရလေသည်။



ယောင်ဖေးဟုန်တို့ ထွက်သွားပြီး မကြာမီ တောအုပ်ထဲ၌ ယွမ်ချင်း၏အလောင်းကို တွေ့ရသည်ဟူသည့်သတင်း ထွက်ပေါ်လာလေတော့သည်။

ထိုသတင်းကိုသာ ယောင်ဖေးဟုန် ကြားသိသွားနိုင်ခဲ့မည်ဆိုပါလျှင် ...

✳ ✳ ✳

www.burmeseclassic.com

www.burmeseclassic.com



## စံပြ

တစ်လ ...။

တစ်လဟူသော အချိန်ကုန်ဆုံးသွားပြီ ဖြစ်လေသည်။

ယောင်ဖေးဟုန်သည် ဆရာကြီးလုအာစိုင်းနှင့်အတူ သိုင်းလောကထဲ၌ လှည့်လည်သွားလာနေခဲ့ရလေသည်။

ဆရာကြီးလုအာစိုင်းမှာ မိတ်ဆွေသင်္ဂဟ ပေါများလှသူ ဖြစ်လေသည်။ ရောက်လေရာအရပ်တိုင်း၌ မိတ်ဆွေသင်္ဂဟများ ရှိနေပြီး စားသောက်နေထိုင်ရေးအတွက် မပူပင်ရချေ။

ယောင်ဖေးဟုန်သည် ဆရာကြီးလုအာစိုင်းနှင့်အတူ သွားလာနေထိုင်ရသဖြင့် ဗဟုသုတများ ရလာသည်။

သိုင်းလောကသားများ၏ စိတ်ဓြန်သဘောထားကို လေ့လာခွင့်ရလာလေသည်။

သိုင်းလောကနှင့် သိုင်းပညာကား အဆုံးအစမရှိ ကျယ်စန်းလှပေသည်။

သိုင်းလောကသားတို့၏ အဖြစ်အပျက်များကလည်း အမျိုးမျိုးအဖုံဖုံ ရှိနေသည်။



အများအကျိုး ဆောင်ရွက်ကြသည့် အဖြူရောင်သိုင်းသမားများနှင့် ထင်ရာစိုင်းနေသော အနက်ရောင်သိုင်းသမားများ၏ အားပြိုင်မှုများကိုလည်း နေရာအနှံ့အပြား၌ တွေ့မြင်နေရလေသည်။

ဆရာကြီးလုအာစိုင်းသာမက သူ၏ မိတ်ဆွေများကလည်း ယောင်ဖေးဟုန်ကို သိုင်းပညာဝိုင်းသင်ပေးကြလေသည်။ ဝိုင်းဝန်းဆုံးမ သွန်သင်ကြလေသည်။

ယောင်ဖေးဟုန်မှာ အတွေ့အကြုံများရလာကာ တဖြည်းဖြည်း ပြောင်းလဲလာလေတော့သည်။

✳

တစ်နေ့ ...။

ယောင်ဖေးဟုန်နှင့် လုအာစိုင်းတို့ တောလမ်းတစ်ခုမှ ဖြတ်သန်းလာကြသည်။ တိုက်ပွဲ တစ်ခုနှင့် ကြုံတွေ့လိုက်ရလေသည်။

တောအုပ်ထဲမှ ထွက်ပေါ်နေသော စကားသံများကြောင့် လုအာစိုင်းက ခြေလှမ်းရပ်လိုက်လေသည်။ စကားသံများကို နားစွင့်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ယောင်ဖေးဟုန် … ငါနဲ့လိုက်ခဲ့"

ယောင်ဖေးဟုန်ကိုခေါ်ကာ အသံဗလံများ ထွက်ပေါ်နေသောနေရာသို့ လှမ်းသွားလိုက်လေသည်။ ယောင်ဖေးဟုန်လည်း လိုက်ပါသွားလေသည်။

မကြာပါချေ။

မြေကွက်လပ်တစ်ခုပေါ် လူတစ်စုရှိနေသည်ကို တွေ့လိုက်ရလေသည်။

လုအာစိုင်းက …

"ယောင်ဖေးဟုန် … သူတို့ကို ဂရုစိုက်ပြီး ကြည့်နေ … ဟုတ်ပြီလား"

ဟု မှာကြားလိုက်၏။

"ဟုတ်ကဲ့ ဆရာကြီး"

ယောင်ဖေးဟုန်ကလည်း လုအာစိုင်းမှာကြားသည့်အတိုင်း ဂရုစိုက်ပြီး ကြည့်နေလိုက်လေသည်။

တစ်ဖက်လျှင် လူသုံးယောက်စီ နှစ်ဖက်ခွဲကာ မျက်နှာချင်းဆိုင် ရပ်နေကြခြင်း ဖြစ်လေသည်။

ရှေ့ဘက်မှ လူတစ်ယောက်က …

"ကျုပ်နဲ့ သိုင်းပညာကို စမ်းကြည့်ချင်တယ်ဆိုပြီး ဘာကြောင့် ထွက်မလာသေးတာလဲ"



ဟု စိန်ခေါ်လိုက်လေသည်။

အနောက်ဘက်မှ လူတစ်ယောက်က ခုန်ထွက်လာလေသည်။

"စိတ်ချ … ကျုပ်စမ်းသပ်မယ်"

ထိုလူနှစ်ယောက် ရင်ဆိုင်တိုက်ခိုက်လိုက်ကြလေသည်။ အရှေ့ဘက်မှ လူက လက်သီးကိုအသုံးပြုပြီး နောက်ဘက်မှလူက လက်ဝါးကို အသုံးပြုလေသည်။

သူတို့နှစ်ယောက် ယှဉ်ပြိုင်တိုက်ခိုက်နေကြသည်မှာ အလွန်ကြည့်၍ ကောင်းနေပါတော့သည်။

"ဟိတ်"

"ယား"

ဩသံများပေးရင်း လက်သီးလက်ဝါး သိုင်းကွက်အမျိုးမျိုး ပြောင်းလဲတိုက်ခိုက်ကြလေသည်။

ယောင်ဖေးဟုန်သည် တိုက်ပွဲကိုကြည့်ပြီး သိုင်းကွက်များကို လေ့လာမှတ်သားနေလိုက်လေသည်။

ထိုလူနှစ်ယောက်သည် အတန်ကြာ ယှဉ်ပြိုင်နေကြသည့်တိုင်အောင် မည်သူမှ အသာစီးမရဘဲ လက်ရည်ညီမျှနေတော့သည်။ ဤတွင် …

"သတိသာထားပေတော့"

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်မှလူသည် အန္တရာယ်ကို အမှုမထားဘဲ ရှေ့သို့ အတင်းတက်ကာ လက်သီးနှစ်လုံးဖြင့် အဆက်မပြတ် ထိုးသွင်းတိုက်ခိုက်လိုက်လေသည်။

'ဗိုး ဗိုး'

ပြင်းထန်သော လက်သီးထိုးချက်များက အနောက်ဘက်မှ လူထံသို့ တိုးဝင်သွားလေသည်။ လက်သီးတစ်ချက် အထိုးခံရလျှင် သက်သာမည်မဟုတ်ပါချေ။

အနောက်ဘက်မှလူက ခန္ဓာကိုယ်ယိမ်းနွဲ့ပြီး ရှောင်တိမ်းပေးလိုက်သည်။

တစ်ဖန် အခွင့်အရေးရသည်နှင့် လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။ လက်ဝါးရိုက်ချက်သည် အရှေ့ဘက်မှလူ၏ပခုံးကို ရိုက်ချမိလိုက်သည်။

'ဖုန်း'

အရှေ့ဘက်မှလူ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေတော့သည်။

"မင်း ရှုံးသွားပြီ"

အနောက်ဘက်မှလူက ဝံ့ကြွားစွာ ပြောလိုက်၏။ သူ၏ အဖော်နှစ်ယောက်က လက်ခုပ်လက်ဝါးတီးပြီး သြဘာပေးလိုက်ကြလေသည်။



အရှေ့ဘက်မှ လူ၏ အဖော်နှစ်ယောက်မှာမူ မျက်နှာပျက်သွားကြလေသည်။ တစ်ယောက်က ...

"ကျုပ်ရှိပါသေးတယ်ဗျာ"

ဟုပြောပြီး ရှေ့သို့ ခုန်တက်လာလေသည်။ ထိုလူသည် အဝါရောင်ဝတ်ထားပြီး ခါး၌ ဓားတစ်လက်ချိတ်ဆွဲထား၏။

"ကျုပ်က ခင်ဗျားနဲ့ယှဉ်ပြိုင်မယ်"

အနိုင်ရသွားသည့် အနောက်ဘက်မှလူ၏အဖော် တစ်ယောက်က ရှေ့ထွက်လာလေသည်။ ထိုလူသည်လည်း ခါး၌ ဓားတစ်လက်ချိတ်ဆွဲထားကာ အပြာရောင်အဝတ်အစား ဝတ်ဆင်ထားလေသည်။

ထိုလူနှစ်ယောက် ရင်ဆိုင်မိလိုက်လျှင် ဓားများ ဆွဲထုတ်ကာ တိုက်ခိုက်လိုက်ကြရလေတော့သည်။

✷

ဆရာကြီးလုအာစိုင်းသည် တိုက်ပွဲကို တစ်ချက်ကြည့်ပြီးမှ ယောင်ဖေးဟုန်ကို မေးလိုက်လေသည်။

"ပထမတိုက်ပွဲကို မင်းဘယ်လိုမြင်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

ယောင်ဖေးဟုန် ကြောင်အမ်းအမ်းဖြစ်သွား၏။

"ဆရာကြီး ဘာကိုဆိုလိုတာလဲ ခင်ဗျာ"

လုအာစိုင်းက ...

"ပထမယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြတဲ့ လူနှစ်ယောက်နဲ့ တိုက်ပွဲအနိုင်အရှုံးကိုမေးတာ"

ယောင်ဖေးဟုန်က ...

"အရှေ့ဘက်က လက်သီးသိုင်းသမား ရှုံးသွားပါတယ် ဆရာ"

လုအာစိုင်းက ...

"သူ ဘာကြောင့် ရှုံးသွားရတာလဲ"

ယောင်ဖေးဟုန်က ...

"သူက အလောတကြီးသွားလို့ပါ ဆရာ၊ အမှန်ဆိုရင် သူတို့ရဲ့ ယှဉ်ပြိုင်ပွဲဟာ သရေပွဲပဲ ဖြစ်ရမှာပါ"

လုအာစိုင်း ပြုံးလိုက်လေသည်။

"အလောကြီးတယ်ဆိုတာကို မင်းက ဘယ်လိုသဘောနဲ့ ပြောတာလဲ"

ယောင်ဖေးဟုန်က ...

"သူက အနိုင်ရလိုဇောနဲ့ မဆင်မခြင် တိုက်ခိုက်ခဲ့လို့ပါ"



လုအာစိုင်း ခေါင်းညိတ်လိုက်သည်။

"သူကသာ စိတ်ရှည်ရှည်ထားပြီး သတိနဲ့ယှဉ်ပြိုင်သွားမယ်ဆိုရင် အခုလို ရှုံးသွားစရာအကြောင်း မရှိပါဘူး၊ ဒါကြောင့် ရန်သူနဲ့ ရင်ဆိုင်တဲ့အခါ စိတ်ရှည်ရမယ်၊ သတိဝီရိယရှိရမယ်ဆိုတာ သင်ခန်းစာယူရမယ်"

ထစ်ခနဲဆိုလျှင် တိုက်ခိုက်ဖို့သာ စိတ်ကူးနေတတ်သည့် ယောင်ဖေးဟုန်အား လက်တွေ့သင်ခန်းစာ ပေးလိုက်ခြင်း ဖြစ်ပေသည်။ ထိုအချိန်မှာပင် ...

'ချွမ်း'

'ချွမ်း'

ဓား ဓားချင်း ပြင်းထန်စွာ ထိတွေ့မိသော အသံများ ထွက်ပေါ်လာသည်။

အဝါရောင် ဝတ်ထားသူနှင့် အပြာရောင် ပတ်ထားသူတို့၏ ယှဉ်ပြိုင်မှုမှာ ပို၍ ပြင်းထန်လာပါသည်။

ရုတ်တရက် ...

'ချွမ်း'

အပြာရောင်ဝတ်ထားသူ၏ ဓားမှာ လက်ထဲမှ လွတ်ကျသွား၏။ အဝါရောင်ဝတ်ထားသူ ဝမ်းသာသွားသည်။

"မင်း ဘာတတ်နိုင်သေးသလဲ"

www.burmeseclassic.com

www.burmeseclassic.com



အော်ပြောရင်း ရှေ့တိုးပြီး အပြာရောင်ဝတ်ထားသူ၏ ရင်ဝကို ဓားဖြင့် ချိန်ရွယ်ထားလိုက်လေသည်။

ထိုတဒင်္ဂအချိန်အတွင်းမှာပင် အပြာရောင်ဝတ်ဆင်ထားသူက မြေပေါ်ကျနေသော သူ၏ဓားရိုးကို ခြေထောက်ဖြင့် ခတ်လိုက်၏။

ဓားရှည်သည် မြေပေါ်၌ မြွေတစ်ကောင်ပမာ ရှေ့သို့ လျောခနဲ တိုးထွက်သွားပြီး အဝါရောင်ဝတ်ထားသူ၏ ခြေထောက်တစ်ဖက်ကို ထိမှန်သွားလေသည်။

"အင့်"

ခြေထောက်နာကျင်သွားသဖြင့် အဝါရောင်ဝတ်ထားသူ ညည်းတွားလိုက်သည်။ ဟန်ချက်လည်း ပျက်သွားလေသည်။ အပြာရောင် ဝတ်ထားသူက အခွင့်အရေးကို လက်လွှတ်မခံဘဲ သူ၏ရင်ဝကို ချိန်ရွယ်ထားသည့် အဝါရောင်ဝတ်ထားသူ၏ဓားကို ပုတ်ထုတ်လိုက်လေသည်။

အဝါရောင်ဝတ်ထားသူ၏ဓား မြေပေါ်လွှတ်ကျသွားလေတော့သည်။

လုအာစိုင်းက ယောင်ဖေးဟုန်ကို ပြုံးပြလိုက်သည်။

"ကဲ ကြည့်စမ်း ... ဒုတိယတိုက်ပွဲကလည်း ဘယ်လောက်စိတ်ဝင်စားစရာကောင်းလဲ"



ယောင်ဖေးဟုန် ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ် ဆရာ ... တစ်ဖက်လူရဲ့ လှည့်ကွက်ထဲကို ဝင်မိလို့ ရှုံးသွားရတာ"

"မင်းမဆိုးဘူး"

လုအာစိုင်းက ချီးကျူးလိုက်သည်။ ထို့နောက် ...

"ငါတို့သွားကြစို့"

ဟုပြောပြီး ထွက်သွားလေသည်။

ယောင်ဖေးဟုန်လည်း ကပျာကယာ ပြေးလိုက်သွားရလေတော့သည်။

✷

လုအာစိုင်းက ရှေ့မှ သွားနေ၏။ ယောင်ဖေးဟုန်နောက်က လိုက်နေရသော်လည်း အားမလိုအားမရ ဖြစ်နေ၏။

အတန်ကြာသွားလိုက်ကြပြီး ...

တောအုပ်ကိုလွန်မြောက်ကာ ရွာကလေးတစ်ရွာသို့ ရောက်ရှိသွားကြလေသည်။

ထိုရွာကလေးရှိ ထမင်းဆိုင်တစ်ဆိုင်၌ ခေတ္တအနားယူ စား

www.burmeseclassic.com

www.burmeseclassic.com



သောက်လိုက်ကြလေသည်။ စားသောက်ပြီး စီးသွားတော့မှ လုအာ စိုင်းက မေးလေသည်။

"ယောင်ဖေးဟုန် ... ထမင်းစားလို့ ကောင်းရဲ့လား"

"ဟုတ်ကဲ့ ... ကောင်းပါတယ် ဆရာ"

"မင်းကသာ စားလို့ကောင်းတယ် ပြောတာ၊ မင်း ဟက် ဟက်ပက်ပက် စားတာလည်း မတွေ့ရပါလား"

"ကျွန်တော်"

"ဟိုလူသုံးယောက်ရဲ့ တတိယမြောက်တိုက်ပွဲကို မကြည့်ခဲ့ ရလို့ မင်းဘဝင်မကျဖြစ်နေပြီး အစားအသောက်တောင် မင်းကောင်း ကောင်း မစားနိုင်အောင် ဖြစ်နေတာ ငါသိတယ်"

ယောင်ဖေးဟုန် မည်သို့ ပြောရမှန်းမသိ ဖြစ်သွားလေ သည်။

လုအာစိုင်းက ...

"တတိယတိုက်ပွဲကို အချိန်အကုန်ခံပြီး ကြည့်စရာမလို တော့ပါဘူး၊ ဘယ်လိုအဖြေမျိုး ထွက်လာမယ်ဆိုတာ တွက်ဆလို့ရ တာပဲ"

"ဗျာ"

ယောင်ဖေးဟုန် အံ့သြသွားလေသည်။ လုအာစိုင်းကို မယုံ နိုင်စွာ ကြည့်လိုက်လေသည်။



"ဆရာက သူတို့တိုက်ပွဲကို မကြည့်ဘဲ အဖြေကိုသိနေတယ် ဟုတ်လား"

"ဒါပေါ့"

"ဘယ်လိုအဖြေမျိုး ထွက်လာမှာလဲ ဆရာ"

"သရေပွဲပေါ့"

ယောင်ဖေးဟုန် မချင့်မရဲ ဖြစ်သွားလေသည်။ လုအာစိုင်း ပြုံးလိုက်သည်။

"ငါပြောတာကို မင်းမယုံဘူးလား"

ယောင်ဖေးဟုန်က ...

"မယုံလို့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ကျွန်တော့်ကို ရှင်းပြဖို့ တောင်းပန်ပါတယ် ခင်ဗျာ"

လုအာစိုင်းက ...

"ပထမပွဲမှာ စိတ်လောကြီးတဲ့လူ ရှုံးသွားတယ်၊ ဒုတိယပွဲ မှာတော့ လှည့်စားခံရတဲ့လူ ရှုံးခဲ့တယ်၊ ဒါကြောင့် တတိယအကြိမ် ယှဉ်ပြိုင်မယ်၊ လူတွေဟာ စိတ်လောတော့မှာ လှည့်စားခံတော့မှာ မဟုတ်ဘူး၊ အစစအရာရာ သတိဝီရိယထားပြီး ယှဉ်ပြိုင်ကြလိမ့် မယ်"

ယောင်ဖေးဟုန်က စိတ်ဝင်စားစွာ နားထောင်နေ၏။ လု အာစိုင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ရဲ့ သိုင်းပညာချင်း မတိမ်းမယိမ်း ရှိကြတော့ ဘယ်သူမှ အနိုင်မယူနိုင်ဘဲ သရေပွဲ ဖြစ်သွားတော့မှာပေါ့"

ယောင်ဖေးဟုန်သည် လုအာစိုင်းကို အလွန်ကြည်ညိုလေးစားသွားလေသည်။

မိမိတွင် ပြုပြင်စရာနှင့်သင်ယူစရာများစွာ ရှိနေသေးကြောင်းလည်း နားလည် သဘောပေါက်လိုက်လေသည်။

ယောင်ဖေးဟုန် ဦးညွတ်လိုက်သည်။

"ကျွန်တော့်ကို သွန်သင်ဆုံးမတဲ့အတွက် ဆရာကြီးရဲ့ ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူးဗျာ"

လုအာစိုင်းက ...

"မင်းကိုယ်မင်း ပြုပြင်သွားမယ်၊ သိုင်းပညာကို ကြိုးစားသွားမယ်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ကောင်းပြီ ... မင်းကို ငါပြောပြစရာကိစ္စတစ်ခု ရှိတယ်၊ သေသေချာချာ နားထောင်ပါ"

"ဟုတ်ကဲ့"

လုအာစိုင်း၏မျက်နှာ သည် တည်ကြည်လေးနက်သွားလေသည်။

"ငါတို့ ထွက်လာတဲ့အချိန်မှာ မိတ်ဆွေတွေ အားလုံးလာပြီး



နှုတ်ဆက်ကြပေမယ့် ဆရာယွမ်ချင်း ရောက်မလာခဲ့ဘူးဆိုတာ မင်းသတိထားမိတယ် မဟုတ်လား"

ယောင်ဖေးဟုန်က ...

"ဟုတ်ပါတယ်ဆရာ"

"သူ ဘာကြောင့် ရောက်မလာရတာလဲ"

"ကျွန်တော်လည်း ဒါကိုပဲ သိချင်နေတာပါ ခင်ဗျာ"

လုအာစိုင်းက ...

"သူလိုက်ရှာနေတဲ့ လူဆိုးဓားပြဆိုတာကို တွေ့သွားလို့ မလာနိုင်တာဖြစ်မယ်လို့ မထင်မိဘူးလား"

ယောင်ဖေးဟုန် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"ဟုတ်ပါတယ် ဆရာ ... သည်လိုပဲ ဖြစ်မယ်လို့ ကျွန်တော်ထင်နေမိတာပါ"

လုအာစိုင်းက ...

"သူကသာ အဲသည်လူဆိုးကို ဆုံးမနိုင်ခဲ့ရင် တို့ဆီကိုလာနိုင်ရမှာပေါ့"

"ဟုတ်ပါတယ် ဆရာ၊ သူက"

ယောင်ဖေးဟုန်၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွား၏။ မျက်လုံးများလည်း ပြူးကျယ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်ကျောင်းမှ ဦးစီးသိုင်းဆရာဖေးဟိုသည် ယွမ်ချင်းလိုက်ရှာနေသည့် ဖေးဝူပင် ဖြစ်သည်။

ယွမ်ချင်းက ဖေးဟိုအား ဆုံးမနိုင်လျှင် သူတို့ထံသို့ ရောက်လာမည်သာ ဖြစ်ပါသည်။

ဖေးဟိုအား ဆုံးမနိုင်ခဲ့ခြင်းမရှိ၍သာလျှင် ယောင်ဖေးဟုန် တုန်လှုပ်ချောက်ချားသွားလေသည်။

ယွမ်ချင်း ကြမ္မာဆိုးကြုံလိုက်ရပြီဖြစ်ကြောင်းလည်း နားလည်ထားလေတော့ သည်။

"လူယုတ်မာကြီး"

ယောင်ဖေးဟုန် ဒေါသတကြီး အော်ဟစ်လိုက်သည်။

ထို့နောက် ထမင်းဆိုင်လေးအတွင်းမှ တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့သည်။

✳

စမ်းရေ တသွင်သွင်စီးဆင်းနေသည်။ စမ်းချောင်းလေးနံဘေးရှိ သစ်ပင်ကြီးတစ်ပင်အောက်၌ ယောင်ဖေးဟုန် ထိုင်နေ၏။ သူ၏မျက်ဝန်းအစုံ၌ မျက်ရည်များ ရစ်ဝဲနေသည်။



သူ့အပေါ် ကျေးဇူးကြီးမားလှသော ယွမ်ချင်းကာ သေဆုံးသွားချေပြီ။

ဖေးဟိုက သူ၏အကြောင်း ပေါ်ပေါက်သွားမည်ကို စိုးရိမ်ကာ နှုတ်ပိတ်သုတ်သင်လိုက်သည်သာ ဖြစ်လေသည်။

နဂိုကတည်းက ဖေးဟိုကို ကြည့်မရခဲ့ပါ။ ပန်ကျောင်းသို့ ဖေးဟိုရောက်လာပါမှ လုကျောင်းသံသည် တံခွန်လုပွဲ၌ အရေးနိမ့်ခဲ့ရသည် မဟုတ်ပါလား။

ဖေးဟိုသည် ခက်ထန်မောက်မာသူ၊ လုကျောင်းကို အထင်သေးသူမို့ ယောင်ဖေးဟုန် ကြည့်မရခဲ့ပါ။

ယခု ...

ယွမ်ချင်းအား ဒုက္ခပေးလိုက်သည့် လူယုတ်မာကြီးတစ်ယောက်အဖြစ် ပို၍မုန်းတီးသွားပြီ ဖြစ်လေသည်။

ယောင်ဖေးဟုန်သည် အစကတည်းက ဒေါသကြီးသူ စိတ်ဆတ်သူ၊ ထစ်ခနဲဆိုလျှင် ရန်ဖြစ်ဖို့လောက် စိတ်ကူးနေသူဖြစ်သည်။

ယွမ်ချင်း၏အကြောင်းကို ကြားသိလိုက်ရသောအခါ ဒေါသမထိန်းနိုင်အောင်ဖြစ်ကာ ထမင်းဆိုင်လေးထဲမှ ပြေးထွက်လာခဲ့မိခြင်း ဖြစ်ပါတော့သည်။

သူက လုသိုင်းကျောင်းသို့ ချက်ချင်းပြန်သွားလိုသည်။ ဖေးဟိုနှင့် ထိပ်တိုက်ရင်ဆိုင်လိုသည်။ သို့သော် လုသိုင်းကျောင်းသို့

www.burmeseclassic.com

www.burmeseclassic.com



ပြန်မသွားဖြစ်တော့ဘဲ စမ်းချောင်းလေးနံဘေးရှိ သစ်ပင်ကြီးအောက်၌ ထိုင်ချခဲ့တော့သည်။

✲

ဒေါသ ...။

သူ၏ချို့ယွင်းချက်သည် ဒေါသဖြစ်သည်။ ဒေါသကြောင့် အမှားများ ကြုံတွေ့ရသည်။ သိုင်းပညာသင်ခွင့် မရခဲ့ပါ။ ထိုဒေါသသည်ပင်လျှင် ချို့ယွင်းချက် ဖြစ်လေသည်။

သူ၏ချို့ယွင်းချကကို ပြုပြင်ပါမည်ဟု ယွမ်ချင်းကို လည်းကောင်း၊ လုအာစိုင်းကို လည်းကောင်း ကတိပေးခဲ့ပြီးပြီ ဖြစ်သည်။ သူ၏ကတိကို ချိုးဖောက်တော့မည်လော၊ ချို့ယွင်းချက်ကို မပြင်ဘဲနေသွားတော့မယ်လော။

ယောင်ဖေးဟုန်သည် အဖြစ်အပျက်ကို ပြန်လည်တွေးတော ဆင်ခြင်ရင်း စိတ်လှုပ်ရှားမှုကို ထိန်းချုပ်လိုက်လေသည်။ အမှန်အတိုင်း မြင်နိုင်အောင် ကြည့်လိုက်သည်။

သို့ဖြင့် သူ၏စိတ် တဖြည်းဖြည်း ပြန်လည်ကြည်လင်လာလေတော့သည်။



“ငါက ဒေါသတကြီးနဲ့ နောက်ကြောင်းပြန်လှည့်သွားပြီး ဖေးဟိုကို ရင်ဆိုင်မယ်ဆိုရင်ရော ဘာအကြောင်းထူးမှာလဲ၊ ဆရာယွမ်ချင်းတောင် မယှဉ်နိုင်ရင် ငါကရော ဘယ်လိုလုပ်ယှဉ်နိုင်မှာတဲ့လဲ”

ဒေါသတကြီး ပြန်သွားခြင်းဖြင့် အမှားကြုံရမည်သာ ဖြစ်လေသည်။ အကျိုးကျေးဇူးရှိလာမည် မဟုတ်ပါ။

“ဖေးဟိုကို တကယ်တမ်း ဆုံးမချင်တယ်ဆိုရင် သူ့ကိုယှဉ်နိုင်တဲ့ သိုင်းပညာမျိုးရအောင် ငါကြိုးစားရမှာ၊ ငါ့ရဲ့ချို့ယွင်းချက်ကို ပြုပြင်နိုင်မှ ဆရာကြီးကလည်း သိုင်းပညာသင်ပေးမှာ”

ယောင်ဖေးဟုန်သည် ကတိအတိုင်း ချို့ယွင်းချက်ကို ပြုပြင်ကာ ဆရာကြီးလုအာစိုင်းထံသို့ ပြန်သွားရန် ဆုံးဖြတ်လိုက်လေသည်။

သို့တိုင် ...

“ငါ့ရဲ့စိတ်မထိန်းနိုင်တဲ့ အပြုအမူကြောင့် ဆရာကြီးက ငါ့ကို သိုင်းပညာ သင်ပေးပါတော့မလား”

ညည်းတွားရင်း ထိုင်ရာမှ ထလိုက်လေသည်။ စမ်းချောင်းလေးကို ကျောခိုင်းကာ ထွက်သွားရန်ဟန်ပြင်လိုက်စဉ် မလှမ်းမကမ်း၌ ရှိနေသော လုအာစိုင်းကို တွေ့လိုက်ရလေသည်။

“ဆရာကြီး”

ယောင်ဖေးဟုန် မြေပေါ်ဒူးထောက်ချလိုက်လေသည်။ လု

www.burmeseclassic.com

www.burmeseclassic.com



အာစိုင်းက ဂရုဏာသက်သောလေသံဖြင့် ...

"မင်း ဘယ်လိုခံစားရမယ်ဆိုတာ ငါသိပါတယ်၊ ငါတို့မြို့က ထွက်လာပြီး မကြာခင်မှာဘဲ ယွမ်ချင်းရဲ့သတင်းဆိုးကို ငါကြားလိုက်ရတာ၊ ဒါပေမဲ့ အဲသည်အချိန်က မင်းကို ငါဖွင့်မပြောခဲ့ဘူး၊ မင်းသိသွားရင် စိတ်မထိန်းနိုင်ဘဲ ဖေးဟိုဆီကို ချက်ချင်းသွားလိမ့်မယ်ဆိုတာ ငါသိထားလို့ပဲ"

အမြော်အမြင်ကြီးမားစွာ ပြောပြလေသည်။ ယောင်ဖေးဟုန်သည် စိတ်မထိန်းနိုင်လျှင် သိုင်းပညာသင်ကြားဖို့ အခွင့်အရေး ဆုံးရှုံးသွားလိမ့်မည် ဖြစ်လေသည်။

ယောင်ဖေးဟုန်၏ရှေ့ရေးကိုတွေးကာ အာလုစိုင်း ထိုအချိန်ဖွင့်မပြောဘဲ နေလိုက်ခြင်း ဖြစ်လေသည်။ လုအာစိုင်း ဆက်ပြောသည်။

"ဖေးဟိုကို မင်း တကယ်ပဲ ဆုံးမချင်တယ်ဆိုရင် သူ့ကို ယှဉ်နိုင်လောက်တဲ့ သိုင်းပညာ မင်းမှာ ရှိမှဖြစ်မှာပေါ့၊ ယွမ်ချင်းဟာ ရှောင်လင်ကျောင်းက ထွက်လာပြီး သိုင်းလောကမှာ မကောင်းသူပယ် ကောင်းသူကယ်ခဲ့တယ်၊ သူ့ရဲ့သိုင်းပညာနဲ့ အများအကျိုးဆောင်ရွက်မှုတွေကြောင့် အားလုံးကြည်ညိုလေးစားခဲ့ကြရတယ်"

ယွမ်ချင်းအား လုအာစိုင်းကိုယ်တိုင် လေးလေးစားစား ဆက်ဆံခဲ့ရသည် မဟုတ်ပါလား။



"ဆရာယွမ်ချင်းကိုတောင် ဖေးဟိုက မမှုဘူး၊ သူ့ရဲ့ မိုးကြိုးကန်ချက်ဟာ ဘယ်လောက်အစွမ်းထက်နေမယ်ဆိုတာ မင်း စဉ်းစားကြည့်ပေါ့"

ယောင်ဖေးဟုန်က ...

"ဖေးဟိုကို ဆုံးမနိုင်အောင် ကျွန်တော့်ကိုသိုင်းပညာသင်ပေးပါ ဆရာ"

ဟု တောင်းပန်လိုက်လေသည်။ လုအာစိုင်း ခေါင်းခါယမ်းလိုက်သည်။

"သည်သဘောမျိုးဆိုရင်ရင် မင်းကို ငါ သင်ပေးနိုင်မှာမဟုတ်ဘူး"

"ဗျာ"

"သိုင်းပညာဆိုတာ ရန်ငြိုးရန်စတွေကို ဖြေရှင်းတဲ့နေရာမှာ အသုံးပြုရတဲ့ ပညာရပ်မျိုးမှ မဟုတ်တာဘဲ"

"ကျွန်တော်"

ယောင်ဖေးဟုန်သည် သိုင်းပညာမသင်ဘဲ နေရမည်ကို တွေးကာ ထိတ်လန့်သွားလေသည်။ လုအာစိုင်းက ...

"တစ်ခုတော့ရှိတယ် ... ဖေးဟိုက လူဆိုးဓားပြတစ်ဦးပဲ၊ ဆရာ့ကို သစ္စာဖောက်ခဲ့တယ်၊ ပညာသင်ကြားဘက်ညီအစ်ကိုတွေကို သတ်ပစ်ခဲ့တယ်၊ ဒါ့အပြင် လူသတ်၊ ဓားပြတိုက်၊ ရာဇဝတ်မှုတွေ

www.burmeseclassic.com

www.burmeseclassic.com



ကျူးလွန်ခဲ့တယ်၊ သည်လိုလူစားမျိုးကို ဆုံးမနှိမ်နင်းဖို့ဆိုရင်တော့ မင်းကို သင်ပေးလို့ရပါတယ်"

သိုင်းပညာသင်ကြားရသည့် အဓိပ္ပာယ်ကို ပြောပြလေသည်။

ယောင်ဖေးဟုန် ဝမ်းသာသွားလေသည်။ သူက ယွင်ချောင်းအတွက် ဖေးဟိုကို ရင်ဆိုင်လိုသည်ဆိုပါက လုအာစိုင်းက လက်ခံမည်မဟုတ်ပါ။

အများပြည်သူအား ဒုက္ခပေးနေသည့် လူဆိုးကြီး တစ်ယောက်အား ဆုံးမလိုသည်ဆိုပါက သိုင်းပညာသင်ကြားခွင့် ရရှိနိုင်လိမ့်မည် ဖြစ်လေသည်။

ယောင်ဖေးဟုန် ဦးညွှတ်လိုက်လေသည်။

"ဆရာ့ကျေးဇူး ကြီးမားလှပါတယ် ခင်ဗျာ"

လုအာစိုင်းက ...

"ကျုပ်က မင်းကို သိုင်းပညာသင်ပေးမယ်ဆိုပေမယ့် ဖေးဟိုကို ယှဉ်ပြိုင်အနိုင်ယူနိုင်မယ်လို့ တကယ်တမ်း အာမခံနိုင်မှာ မဟုတ်ပါဘူး၊ ဘာကြောင့်လဲဆိုရင် မိုးကြိုးကန်ချက်ပညာဟာ ပြိုင်စံ ရှားတဲ့ သိုင်းပညာတစ်ရပ် ဖြစ်နေလို့ပါပဲ"

မိုးကြိုးကန်ချက် သိုင်းပညာအား လုအာစိုင်းကဲ့သို့ သိုင်းပညာရှင်ကြီးတစ်ယောက်ကသည်ပင်လျှင် ဂရုစိုက်ရသည့်သဘော



ဖြစ်လေသည်။ ယောင်ဖေးဟုန် အံကြိတ်လိုက်လေသည်။

"ဘာပဲဖြစ်ဖြစ် ဖေးဟိုကို အနိုင်ရအောင် ငါကြိုးစားရမယ်"

ဟု သန္နိဋ္ဌာန် ချလိုက်လေတော့သည်။ လုအာစိုင်းက ...

"မင်းက ချို့ယွင်းချက်ကို ပြုပြင်မယ်၊ စိတ်ထိန်းနိုင်မယ်ဆိုရင် တစ်နေ့ မင်းမျှော်လင့်သလို ဖြစ်လာမှာပါ"

"ကျေးဇူးပါပဲ ဆရာ"

"ကဲ ... တို့သွားကြတာပေါ့"

လုအာစိုင်းက ထွက်သွားသောအခါ ယောင်ဖေးဟုန်လည်း ကောက်ကောက်ပါအောင် လိုက်သွားလေတော့သည်။

✵

နွေ၊ မိုး၊ ဆောင်း ရာသီဥတု အလီလီပြောင်းလဲသွားပြီ ဖြစ်လေသည်။

လုအာစိုင်းက သိုင်းလောကထဲလှည့်လည်ကာ အများအကျိုး၊ သိုင်းလောကအကျိုး သယ်ပိုးဆောင်ရွက်ခဲ့လေသည်။

သူသွားလေရာသို့ ယောင်ဖေးဟုန်အား ခေါ်ဆောင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရပ်ဒေသအမျိုးမျိုးသို့ ရောက်ခဲ့ရသည်။ သိုင်းသမား အမျိုးမျိုးနှင့် တွေ့ဆုံခဲ့ရလေသည်။

ယောင်ဖေးဟုန်အတွက် အတွေ့အကြုံအမျိုးမျိုး ရရှိခဲ့လေတော့သည်။

သူ၏စိတ်နေသဘောထား တဖြည်းဖြည်း ပြောင်းလဲလာသည်။ တဖြည်းဖြည်း တည်ငြိမ်ရင့်ကျက်လာသည်။

သိုင်းလောကသားများ၊ သိုင်းပညာရပ်များနှင့် ထိတွေ့ဆက်ဆံရင်း ဗီဘိ သိုင်းသမားတစ်ယောက် ဖြစ်မှန်းမသိဖြစ်လာလေသည်။

လုအာစိုင်းပင်လျှင် ယောင်ဖေးဟုန်ကို နှစ်သက်သဘောကျလာခဲ့လေတော့သည်။

"ယွမ်ချင်းပြောတာ မှန်တယ်၊ သည်ကောင်လေးဟာ သူ့ရဲ့ ချို့ယွင်းချက်ကို ပြုပြင်လိုက်မယ်ဆိုရင် တကယ့်သိုင်းသမားကောင်းတစ်ယောက် ဖြစ်လာမှာသေချာတယ်"

ယောင်ဖေးဟုန်သည် သိုင်းပညာသင်ယူခွင့် ရရှိခဲ့သည်။ သူ၏ ကြိုးစားအားထုတ်မှုကြောင့် အချိန်အနည်းငယ်အတွင်း သိုင်းပညာ တိုးတက်လာခဲ့ပြီး ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်လာခဲ့လေသည်။

သို့သော် ...



ယောင်ဖေးဟုန်က အားမရသေးဘဲ ဆက်လက် ကြိုးစားသင်ယူခဲ့လေသည်။

ဆရာကြီးလုအာစိုင်း၏ သိုင်းပညာသာ မကဘဲ အခြားသေယသိုင်းသမားများ၏ သိုင်းအဖွဲ့အစည်းများ၏ သိုင်းပညာရပ်များကိုပါ ရရှိလာခဲ့လေသည်။

လုအာစိုင်းသည် ယောင်ဖေးဟုန်ကို အားရကျေနပ်သွားလေသည်။

"ယောင်ဖေးဟုန် ... ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင်တော့ မင်းကို ငါဆက်ပြီး သိုင်းပညာသင်ပေးစရာ မရှိတော့ဘူး"

ယောင်ဖေးဟုန် မယုံနိုင်အောင် ဖြစ်သွားလေသည်။

"ဆရာ"

လုအာစိုင်းက ...

"ယောင်ဖေးဟုန် ငါတကယ်ပြောနေတာ၊ ငါ့ရဲ့ပညာ အပြင် အခြားပညာရပ်တွေကိုလည်း မင်းရထားပြီးပြီဆိုတော့ မင်း အတွက် ပြည့်စုံသွားပါပြီ" ငါတို့က ထပ်ပြီး သင်ပေးချင်တယ်ဆိုရင် တောင် သင်ပေးစရာမရှိတော့ဘူးကွ"

ယောင်ဖေးဟုန် လွှတ်ခနဲ ပြောလိုက်လေသည်။

"ဒါဆိုရင် ကျွန်တော်က လူယုတ်မာဖေးပင်ကို ဆုံးမနိုင်ပြီပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သူ့ကို ဆုံးမသွားပါ့မယ် ဆရာ"

လုအာစိုင်း၏မျက်နှာ တည်ကြည်လေးနက်နေ၏။

"မင်းက သူ့ကို မဆုံးမနိုင်ဘူးဆိုရင် ဖေးဟိုကို ယှဉ်ပြိုင်ဖို့ မစဉ်းစားနဲ့တော့"

မြင်းနတ်ကြီး၏ သိုင်းပညာသည် ခြေသိုင်းပညာဖြစ်သည်။ ထို့အတူ ဖေးဟို၏ သိုင်းပညာသည်လည်း ခြေသိုင်းပညာဖြစ်လေသည်။

ပွဲမဝင်မီ အပြင်က ကျင်းပဆိုသကဲ့သို့ မိုးကြိုးကန်ချက်ပိုင်ရှင် ဖေးဟိုနှင့် ရင်မဆိုင်မီ အတွေ့အကြုံရရှိလေအောင် မြင်းနတ်ကြီးနှင့် ရင်ဆိုင်နိုင်းခြင်း ဖြစ်ကြောင်း ယောင်ဖေးဟုန် နားလည်လိုက်၏။ ထို့ကြောင့် ...

"စိတ်ချပါ ဆရာ ... မြင်းနတ်ကြီးကို ကျွန်တော် ဆုံးမပြပါ့မယ်"

ယောင်ဖေးဟုန် ကတိပေးလိုက်လေသည်။

* * *



## ပွဲဦးထွက်

စစ်လိမ်မြို့။

ယောင်ဖေးဟုန်သည် လုအားစိုင်းလမ်းညွှန်ပေးလိုက်သည့်အတိုင်း စစ်လိမ်မြို့သို့ ရောက်ရှိလာလေသည်။

မြင်းနတ်ကြီး 'အားယူ'က စစ်လိမ်မြို့အနီးတစ်ဝိုက်၌ ကျင်လည်ကျက်စားနေသည် မဟုတ်ပါလား။

လုအာစိုင်းသည် ယောင်ဖေးဟုန်ကို ယုံကြည်စိတ်ချကာ တစ်ယောက်တည်း စေလွှတ်လိုက်ခြင်း ဖြစ်လေသည်။ ယောင်ဖေးဟုန်က လူစည်ကားသောနေရာတွင် မြင်းနတ်ကြီးအကြောင်း စုံစမ်းခဲ့လေသည်။ မြင်းနတ်ကြီးဟု မေးလိုက်သည်နှင့်အားလုံး မျက်နှာပျက်သွားကြသည်။

"ကျုပ်တို့ မသိဘူး"

ခါးခါးသီးသီး ငြင်းဆန်လိုက်လေသည်။ နာမည်ကြီးနေသော မြင်းနတ်ကြီးကို မသိဟု ဆိုချင်းမှာ အဓိပ္ပာယ်မရှိပါ။ ကြောက်၍ ထိတ်လန့်နေ၍သာ မသိဟု ဘူးခံခဲ့ခြင်း ဖြစ်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ယောင်ဖေးဟုန်က စိတ်မပျက်ဘဲ ဆက်လက်စုံစမ်းခဲ့လေသည်။ သို့သော် သုံးရက်ဟူသော အချိန်ကုန်ဆုံးသွားသည့်တိုင် ထူးခြားမှု မရှိချေ။ ယောင်ဖေးဟုန်လည်း စိတ်ပျက်လာလေတော့သည်။

"သူတို့ ဘာကြောင့် သည်လောက်တောင် ကြောက်နေကြရတာပါလိမ့်"

ထိုစဉ် တောင်းရမ်းစားသောက်သော ဗေဒါတစ်ယောက် လှမ်းလာနေသည်ကို တွေ့လိုက်ရလေသည်။ ဗေဒါသည် ယောင်ဖေးဟုန်အနီးသို့ ရောက်လာပြီး သနားစဖွယ် တောင်းရမ်းလာလေသည်။ ယောင်ဖေးဟုန်က ငွေအနည်းငယ် ပေးလိုက်ပြီး ...

"မြင်းနတ်ကြီးအားယူဆိုတဲ့လူကို ခင်ဗျားသိသလား"

ဗေဒါက ...

"သူ့ကို လူတိုင်းသိကြတယ်"

"သိပေမယ့် သူဘယ်မှာရှိတယ်ဆိုတာ မပြောဝံ့ကြဘူး၊ ခင်ဗျားကော"

ဗေဒါက ...

"ကျုပ်လည်း မပြောရဲဘူး"

"ဘာဖြစ်လို့လဲ"

"မြင်းနတ်ကြီးက သတ်ပစ်လိမ့်မယ်"



ယောင်ဖေးဟုန် ပြုံးလိုက်သည်။

"တစ်ယောက်ယောက်က သူ့ကို ဆုံးမလိုက်ပြီဆိုရင် သူက ဘယ်လိုလုပ်ပြီး ဒုက္ခပေးနိုင်တော့မှာလဲ"

"ဒါတော့ ဟုတ်ပါတယ်"

"ကျုပ်က သူ့ကို ဆုံးမပေးမယ်ဆိုရင်ကော"

ဗေဒါက ...

"သူ့ကို ဆုံးမမယ်ဆိုတဲ့လူတွေ မကြာခဏ ရောက်လာပါတယ်၊ ဒါပေမဲ့ အဲသည်လူတွေပဲ ဒုက္ခရောက်သွားကြတာ"

"ကျုပ်က သူတို့နဲ့ မတူဘူးဆိုရင်ကော"

ဗေဒါ ခေါင်းညိတ်လိုက်သည်။

"မင်းဟာ သူတို့နဲ့ မတူနိုင်ဘူးဆိုတာ ကျုပ် အကဲခတ်မိပါတယ်"

"ဒါဖြင့် ခင်ဗျားပြောပြမလား"

"ရပါတယ်"

ဗေဒါက မြင်းနတ်ကြီးအကြောင်း ပြောပြလိုက်လေသည်။

✳

www.burmeseclassic.com

www.burmeseclassic.com



မြို့ပြင်တောင်ဘက်ယွန်းယွန်းတွင် တောင်ကုန်းလေး တစ်ခု ရှိသည်။ ထိုတောင်ကုန်းလေးပေါ်၌ ဘုံကျောင်းလေးတစ်ခု ရှိလေသည်။ သို့သော် ထိုဘုံကျောင်းလေး၌ ရသေ့၊ ရဟန်းများ နေထိုင်ခြင်းမရှိပါ။

လူတစ်ယောက်က အားလုံးကိုမောင်းထုတ်ပြီး ဘုံကျောင်းကို အပိုင်စီးထားလိုက်ခြင်းကြောင့် ဖြစ်လေသည်။ ထိုအပိုင်စီးထားသူမှာ မြင်းနတ်ကြီးအားယူဖြစ်လေသည်။

ယောင်ဖေးဟုန်က ဘုံကျောင်းလေးသို့ ဦးတည်လာခဲ့လေသည်။ ဘုံကျောင်းလေးနှင့် မလှမ်းမကမ်းသို့ ရောက်လျှင် သစ်ပင်တစ်ပင်နောက်ကွယ်မှ လူတစ်ယောက် ထွက်လာကာ ဟန့်တားလိုက်လေသည်။

"ကောင်လေး ... မင်း ဘယ်သွားမလို့လဲ"

ယောင်ဖေးဟုန် ခြေလှမ်းရပ်ကာ ထိုလူကို ကြည့်လိုက်လေသည်။ ထိုလူမှာ ခါးကုန်းကြီးတစ်ယောက် ဖြစ်လေသည်။ ယောင်ဖေးဟုန်က ဘုံကျောင်းလေးကို ညွှန်ပြလိုက်သည်။

"ဘုံကျောင်းလေးကို သွားမလို့ပါ"

"မင်း ဘာသွားလုပ်မှာလဲ"

"ကျွန်တော် တွေ့ချင်တဲ့လူတစ်ယောက်က အဲသည် ဘုံကျောင်းလေးမှာ ရှိနေတယ် သတင်းကြားလို့ပါ"



ခါးကုန်းကြီးက ...

"မင်းမသွားဘဲနေရင် ကောင်းမယ်"

"ဘာဖြစ်လို့လဲဗျာ"

"ဘုံကျောင်းလေးမှာနေတဲ့လူက အင်မတန် ရက်စက်တယ်၊ မင်းကို သတ်ပစ်လိုက်လိမ့်မယ်"

ယောင်ဖေးဟုန် ပြုံးလိုက်လေသည်။

"ကိစ္စမရှိပါဘူးဗျာ ... ကျွန်တော် သူ့ကိုမကြောက်ပါဘူး"

"နေပါဦး ... မင်းက ဘာကြောင့် သူ့ကို သွားတွေ့ချင်ရတာလဲကွ"

"သူ့ကို ဆုံးမ,မလို့ပါ"

"ဟား ဟား ဟား"

ခါးကုန်းကြီးက ရယ်မောလိုက်လေသည်။

"သူ့အကြောင်းကို မင်းသိလို့လား"

"သူဟာ မြင်းနတ်ကြီးဆိုတဲ့ လူဆိုးကြီးပဲ မဟုတ်လားဗျာ"

"ဟုတ်တယ်လေ၊ သူ့ကို ဆုံးမမယ်ဆိုတဲ့လူတွေ အများကြီး၊ ဒါပေမဲ့ အဲသည်လူတွေပဲ ဆုံးမခံလိုက်ကြရတာ"

"စိတ်ချပါ ... ကျွန်တော်ကတော့ သူ့ကိုဆုံးမသွားမှာပါ"

ခါးကုန်းကြီး ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ ... မင်း ကြိုးစားကြည့်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူက လမ်းဖယ်ပေးလိုက်လျှင် ...

"ကျေးဇူးပါပဲဗျာ"

ယောင်ဖေးဟုန်လည်း ဘုံကျောင်းလေးသို့ ဆက်၍ လှမ်းသွားလိုက်လေတော့သည်။

✳

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။ ဘုံကျောင်းတစ်ခုလုံးလည်း တိတ်ဆိတ်ငြိမ်သက်နေလေသည်။ ယောင်ဖေးဟုန်က ဘုံကျောင်းရှေ့၌ ခြေလှမ်းရပ်လိုက်သည်။

ဘုံကျောင်းလေးကို အကဲခတ်လိုက်သည်။ မြင်းနတ်ကြီးမှာ ခေသူတစ်ယောက် မဟုတ်ပါ။ ယခုလောက်ဆိုလျှင် သူ့အကြောင်း သိနေလောက်ပြီ ဖြစ်လေသည်။ ယောင်ဖေးဟုန် သက်ပြင်းချလိုက်သည်။

"မြင်းနတ်ကြီးအားယူ၊ ခင်ဗျားထွက်လာခဲ့ပါဗျာ၊ ခင်ဗျားကို ဆုံးမဖို့ ကျုပ် ယောင်ဖေးဟုန် ရောက်လာပါတယ်ဗျာ"

သူ၏အသံ ကြည်လင်ပြတ်သားစွာ ထွက်ပေါ်လာလေသည်။ မရှေးမနှောင်းမှာပင် ...



"ဟား ဟား ဟား ဟား"

ဘုံကျောင်းထဲမှ ရယ်မောသံများ ထွက်ပေါ်လာလေသည်။

"ငါ့ကို ဆုံးမဖို့လာတယ်ဆိုပြီး သတ္တိရှိရင် အထဲဝင်လာခဲ့ပါလား"

အက်ကွဲသောစကားသံ ထွက်ပေါ်လာလေသည်။ ယောင်ဖေးဟုန်က ...

"ကောင်းပါပြီဗျာ"

သတိထားပြီး ဘုံကျောင်းထဲ လှမ်းဝင်လိုက်လေသည်။ ထိုစဉ် ...

'ဝှစ် ဝှစ်'

လေတိုးသံများနှင့်အတူ ဓားမြှောင်နှစ်လက် ပစ်လွှင့်လာလေသည်။ မြင်းနတ်ကြီးအားယူက တိတ်တဆိတ် ချောင်းမြောင်းတိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။ ယောင်ဖေးဟုန် မဲ့ပြုံးပြုံးလိုက်သည်။

"ဒါမျိုး မရဘူးဗျ"

လက်ဝှေ့ယမ်းကာ ဓားမြှောင်နှစ်ချောင်းကို ဖမ်းယူထားလိုက်လေသည်။ တစ်ဖန် ...

"ခင်ဗျားပစ္စည်း ခင်ဗျားပြန်ယူပါဗျာ"

ဖမ်းယူထားသော ဓားမြှောင်နှစ်ချောင်းကို ပြန်လည်ပစ်

www.burmeseclassic.com

www.burmeseclassic.com



လွှတ်လိုက်လေသည်။

'ဝှစ် ဝှစ်'

ဓားမြှောင်နှစ်ချောင်းမှာ လာရာလမ်းအတိုင်း ပြန်လည် ပစ်လွှင်သွားလေသည်။

"မင်း မဆိုးဘူး"

ရယ်မောပြောဆိုသံနှင့်အတူ ဓားမြှောင်နှစ်ချောင်း ပျောက်ကွယ်သွားတော့သည်။ ဘုံကျောင်းလေးအတွင်းဘက်၌ အမှောင်ရိပ် သန်းနေပါသည်။

အပြင်ဘက်မှ ဝင်လာသည့် ယောင်ဖေးဟုန်မှာ ရုတ်တရက် အတွင်းဘက် အမှောင်ရိပ်ထဲ၌ ဘာရှိသည်ကို တွေ့မြင်နိုင်မည် မဟုတ်ပါချေ။

"သည်တစ်ခါ သတိထားဦး'

သတိပေးစကားအဆုံးတွင် ဓားမြှောင်ကလေးများ ပစ်လွှင့်လာပြန်လေသည်။ ယခုတစ်ကြိမ် ဓားမြှောင်သုံးချောင်းသည် ယောင်ဖေးဟုန်၏ ဦးခေါင်း၊ ရင်ဝနှင့် ခြေထောက်တို့ သုံးနေရာခွဲကာ ပစ်လွှင့်လာခြင်း ဖြစ်လေသည်။

မြင်းနတ်ကြီးအားယူသည် ခြေသိုင်းသာမက ဓားပစ်ပညာလည်း တဘက်ကမ်းခတ် တော်သူဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။ ယောင်ဖေးဟုန်က ...



"ခင်ဗျားရဲ့ ဓားပစ်ပညာ ချီးကျူးစရာပါပဲဗျာ"

ယခုတစ်ကြိမ် ဓားမြှောင်ကလေးများကို ဖမ်းယူခြင်း မပြုတော့ဘဲ ခန္ဓာကိုယ်ယိမ်းနွဲ့ ရှောင်တိမ်းလိုက်လေသည်။ ဓားမြှောင်သုံးချောင်းက ပွတ်ကာသီကာ ဖြတ်ကျော်သွားတော့သည်။

ယောင်ဖေးဟုန်သည် ဓားမြှောင်သုံးချောင်းကို ရှောင်တိမ်းရင်း ရုတ်တရက် ရှေ့တိုးလိုက်လေသည်။ ဓားမြှောင်ပစ်လွှင့်ရာသို့ လျှင်မြန်စွာ ချဉ်းကပ်သွားလိုက်ခြင်း ဖြစ်လေသည်။

ဓားမြှောင်ပစ်နေသူကို တိုက်ခိုက်ဖို့ ကြိုးစားလိုက်ခြင်းလည်း ဖြစ်လေသည်။ အမှောင်ရိပ်ထဲလူက ပို၍ လျှင်မြန်နေပါသည်။ ယောင်ဖေးဟုန် ရှေ့တိုးလာသည်နှင့် ကြမ်းပြင်ပေါ် ခြေဘောင်ခုန်ပြီး ယောင်ဖေးဟုန်အား ခြေထောက်ဖြင့် ကန်ကျောက်တိုက်ခိုက်လိုက်လေတော့သည်။

'ဗိုး ဗိုး ဗိုး'

ပြင်းထန်သော ခြေထောက်ကန်ချက်များက ယောင်ဖေးဟုန်ထံ တိုးဝင်လာလေသည်။ ယောင်ဖေးဟုန် ရင်ထိတ်သွား၏။ သတိထားပြီး ရှောင်တိမ်းလိုက်သည့်ကြားမှပင် ရန်သူ၏ ခြေများက ယောင်ဖေးဟုန်၏ ပခုံးကို အဖျားခတ်ကာ ကန်ကျောက်မိသွားလေသည်။

'ဖုန်း'

www.burmeseclassic.com

www.burmeseclassic.com



ယောင်ဖေးဟုန်မှာ ဘုံကျောင်းအပြင်ဘက်သို့တိုင်အောင် လွင့်စဉ်သွားလေတော့သည်။

✳

ယောင်ဖေးဟုန် ခံလိုက်ရသဖြင့် ဒေါသချောင်းချောင်း ထွက်သွားလေသည်။ ပခုံးတစ်ဖက် နာကျင်သွားသည်ကိုပင် အမှု မထားဘဲ ဘုံကျောင်းထဲ ပြေးဝင်သွားရန် ဟန်ပြင်လိုက်၏။

"သိကြသေးတာပေါ့"

မြင်းနတ်ကြီးအားယူနှင့် သူသေကိုယ်သေတိုက်ခိုက်တော့ မည် ဖြစ်လေသည်။ သို့သော် ဘုံကျောင်းတံခါးသို့ရောက်သွားသော အခါ သတိဝင်လာသည်။

"ငါ ဒေါသမထိန်းနိုင်ရင် မှားတော့မှာပဲ"

ထိုသို့ ဆင်ခြင်ကာ ဒေါသစိတ်ကို ထိန်းချုပ်လိုက်၏။ မြင်း နတ်ကြီးအားယူကို ဆုံးမလိုသဖြင့် အလောတကြီး ရှေ့တိုးမိခဲ့ခြင်း ကြောင့် တစ်ချက်ခံလိုက်ရခြင်း မဟုတ်ပါလား။

"မင်း မဝင်ရဲတော့ဘူးလား"

မြင်းနတ်ကြီးအားယူ၏အသံ ထွက်ပေါ်လာသည်။ ယောင် ဖေးဟုန်ကို ခနဲ့လိုက်ခြင်း ဖြစ်လေသည်။ ယောင်ဖေးဟုန်က စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်လိုက်သည်။ လက်နှစ်ဖက်၌ အတွင်းအား စုစည်းလိုက်သည်။ ထို့နောက် ...



"ကျုပ် ဝင်လာခဲ့ပါမယ်ဗျာ"

ဟုပြောကာ ဘုံကျောင်းအတွင်းသို့ တစ်လှမ်းချင်းလှမ်းဝင် သွားလိုက်လေသည်။

'ဝှစ် ဝှစ် ဝှစ်'

ဓားမြှောင်သုံးချောင်းက လေကိုထိုးခွင်းကာ ပစ်လွှင့်လာ ပြန်တော့သည်။

"သွားစမ်း"

ယောင်ဖေးဟုန်က လက်ဝှေ့ယမ်းပြီး ရိုက်ထုတ်လိုက် သည်။ ရှေ့သို့လည်း ခြေလှမ်းမှန်မှန်ဖြင့် ဆက်၍ လှမ်းသွားလိုက် လေသည်။

ဓားမြှောင်ကလေးများသည် လာရာလမ်းအတိုင်း ပစ်လွှင့် သွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။ ရုတ်တရက် ...

'ဟူး'

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာသည်။ လူ တစ် ယောက်သည် အမှောင်ရိပ်ထဲမှ ခုန်ထွက်လာပြီး ယောင်ဖေးဟုန် အား တိုက်ခိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောင်ဖေးဟုန် သတိရှိနေပြီဖြစ်သည်။ စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်ရင်း သိုင်းကွက်များ ဖော်ထုတ်ကာ တည်တည်ငြိမ်ငြိမ် ပြန်လည်ရင်ဆိုင်လိုက်လေသည်။

ရန်သူနှင့် ထိပ်တိုက်ရင်ဆိုင်မိ လိုက်သည်။ ထိုအခါ ရန်သူမှာ ဘုံကျောင်းသို့လာစဉ် လမ်း၌တွေ့ခဲ့ရသော ခါးကုန်းကြီးဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။ ခါးကုန်းကြီးမှာ မြင်းနတ်ကြီးအားယူဖြစ်နေပါတော့သည်။

"ဟိတ်"

"ယား"

မြင်းနတ်ကြီးအားယူက ဩသံပေးကာ ခြေနှစ်ချောင်းအသုံးပြုပြီး တိုက်ခိုက်လာလေသည်။ ခြေကန်ချက်များ အသုံးပြုလိုက်သောအခါ မြင်းနတ်ကြီးအားယူသည် ခါးကုန်းကြီးတစ်ယောက်မဟုတ်တော့ပါ။ ခါးဆန့်လိုက်သောအခါ အလွန်အရပ်ရှည်ပြီး ခြေတံလက်တံရှည်သူတစ်ယောက် ဖြစ်လာလေသည်။

သူ၏ခြေထောက်နှစ်ဖက်ဖြင့် အဆက်မပြတ်ကန်ကျောက်လိုက်ရာ ယောင်ဖေးဟုန်လည်း ဘုံကျောင်းအပြင်ဘက်သို့တိုင် ဆုတ်ပေးလိုက်ရလေတော့သည်။

*



မြင်းနတ်ကြီးအားယူသည် ခြေနှစ်ဖက်အသုံးပြုပြီး အဆက်မပြတ် ကန်ကျောက်တိုက်ခိုက်လိုက်လေသည်။ သူ၏ခြေထောက်ကန်ချက်များက ပြင်းထန်လှသည်။ တစ်ချက်ကန်ကျောက်ခံလိုက်ရလျှင် သက်သာမည် မဟုတ်၊ ဒဏ်ရာပြင်းစွာ ရသွားလိမ့်မည် ဖြစ်လေသည်။

ယောင်ဖေးဟုန်က သတိကြီးစွာထားကာ ရှောင်တိမ်းလိုက်စဉ် ဘုံကျောင်းအပြင်ဘက်သို့ ရောက်လာကြသောအခါ ပို၍ လွတ်လွတ်လပ်လပ် ယှဉ်ပြိုင်လာနိုင်လေသည်။

ယောင်ဖေးဟုန်သည် မြင်းနတ်ကြီးအားယူ၏ ကန်ချက်များကို ဂရုစိုက်ကြည့်ထားရင်း အခွင့်အရေး ပေးလာသည်နှင့်။

"ယား"

ဩသံပေးကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။ မြင်းနတ်ကြီးအားယူ၏ ခြေထောက်ကန်ချက်များကို ရှောင်တိမ်းလိုက်ပြီး ရှေ့တိုးကာ လက်သီးတစ်လုံး ပစ်သွင်းလိုက်ခြင်း ဖြစ်လေသည်။ ထိပ်တိုက်ရင်ဆိုင်မိသည်နှင့် ...

'ဝုန်း'

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာကာ မြင်း

www.burmeseclassic.com

www.burmeseclassic.com



နတ်ကြီးအားယူ အဝေးသို့ လွင့်စဉ်ထွက်သွားလေတော့သည်။

✳

တိုက်ပွဲပြီးဆုံးသွားပြီ ဖြစ်သည်။

မြင်းနတ်ကြီးအားယူ မြေပေါ် လဲကျသွားသည်။

ယောင်ဖေးဟုန်က ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲ ရပ်တန့်လိုက်လေသည်။

မြင်းနတ်ကြီးအားယူ လူးလိမ့်ထလာသည်။ နှုတ်ခမ်းထောင့်မှ စီးကျလာသော သွေးများကို သုတ်ကာ ယောင်ဖေးဟုန်အား မျက်လုံးပြူး၍ ကြည့်လိုက်သည်။ ယောင်ဖေးဟုန်က ...

"ခင်ဗျား ရှုံးသွားပါပြီဗျာ ... အေးအေးဆေးဆေး အဖမ်းခံလိုက်တာ ခင်ဗျားအတွက် အကောင်းဆုံးပါပဲဗျာ"

"မင်း"

"ခင်ဗျားအတွက် အသက်ညှာဆုံး နည်းလမ်းကို ကျုပ်ပြောပြနေတာပါ၊ လက်ခံလိုက်ပါဗျာ"

မြင်းနတ်ကြီးအားယူ အရေးနိမ့်သွားငြိဖြစ်၍ ဘာမှမတတ်နိုင်တော့ပါချေ။



"ကောင်းပြီလေ ... ကျုပ် ရှုံးသွားပြီဆိုတော့ မင်းသဘောပဲပေါ့"

ယောင်ဖေးဟုန် ဝမ်းသာသွားလေသည်။ မြင်းနတ်ကြီးအားယူကို အနိုင်ယူပြီး ဖမ်းဆီးကာ မြို့တော်ဝန်လက်ထဲ အပ်နှံလိုက်တော့သည်။

ယောင်ဖေးဟုန် ပွဲဦးထွက် အောင်ပွဲကြောင့် မျက်နှာပန်းလှခဲ့ရလေတော့သည်။ ဆရာကြီးလုအာစိုင်း ကျေနပ်သွား၏။

"ယောင်ဖေးဟုန် ... မင်းက မြင်းနတ်ကြီးအားယူကို အနိုင်ယူနိုင်ခဲ့တယ်ဆိုတော့ မင်းရဲ့သိုင်းပညာကို စိတ်ချရပြီဆိုနိုင်တယ်၊ ဒါကြောင့် ဖေးဟိုကိုရင်ဆိုင်ဖို့ ငါ ခွင့်ပြုလိုက်မယ်"

ယောင်ဖေးဟုန် ဝမ်းသာသွားလေသည်။

"ဖေးဟိုဟာ မြောက်ပိုင်းမှာ ဆိုးသွမ်းသောင်းကျန်းခဲ့တဲ့ လူဆိုးဓားပြကြီးတစ်ယောက် ဖြစ်ခဲ့တာကြောင့် သူ့ကို ဆုံးမအနိုင်ယူပြီး တရားဥပဒေဘောင်ထဲ ပို့ဆောင်ပေးနိုင်အောင် ကျွန်တော် ကြိုးစားသွားမှာပါ၊ ဆရာယွမ်ချင်းကြောင့် လူကို အာဃာတထားတဲ့ ပုံစံမျိုး မဖြစ်စေရပါဘူး ဆရာ"

"ကောင်းတယ် ကောင်းတယ် ... ကဲ မင်းပြန်ဖို့ ပြင်ဆင်ပေတော့၊ ဖေးဟိုကို ဆုံးမပြီး လုသိုင်းကျောင်းကို ဦးဆောင်နိုင်အောင် မင်း ကြိုးစားပေတော့"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါဆရာ ... ကျွန်တော် ကြိုးစားသွားပါ့မယ်"

ယောင်ဖေးဟုန်သည် ဖေးဟို (ဝါ) ဖေးဂူကို မဖြစ်မနေ ရင်ဆိုင်ဆုံးမသွားမည်ဟု သန္နိဋ္ဌာန် ချလိုက်လေတော့သည်။

* * *



## တစ်ကျော့ပြန်

ပန်သိုင်းကျောင်းသည် ဦးစီးသိုင်းဆရာ ဖေးဟိုကြောင့် အလွန်တိုးတက်လာခဲ့လေသည်။

ဖေးဟိုသည် တံခွန်လုပွဲတွင် ပထမရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

သူ၏ မိုးကြိုးကန်ချက်နှင့် လုံသိုင်းပညာများကြောင့် အောင်ပွဲခံနိုင်ခဲ့ပြီဖြစ်သည်။

ပန်သိုင်းကျောင်း၏ အောင်မြင်မှုက လုသိုင်းကျောင်းအား မှေးမှိန်သွားစေတော့သည်။

ယောင်ကျင်းရင်သည် ပြဿနာမဖြစ်ပွားလို၍ နောင်ကျင်းပမည့် တံခွန်လုပွဲများတွင် လုသိုင်းကျောင်း ပါဝင်ခြင်းမပြုရန် ဆုံးဖြတ်လိုက်လေသည်။

ထိုဆုံးဖြတ်ချက်ကို ပန်သိုင်းကျောင်းသိရှိသွားသောအခါ လက်မ ထောင်ကြလေတော့သည်။ ရန်လောင်က ဖေးဟိုကို ဦးညွှတ် လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာဖေးဟို လုသိုင်းကျောင်းတော့ ကျွန်တော်တို့ကို မလှန်ရဲတော့ဘူးဗျ"

ဖေးဟိုက ...

"ဘာဖြစ်လို့လဲ၊ သူတို့ဟာ နောက်နောင်ကျင်းပမယ့် တံခွန်လုပွဲတွေမှာ ဝင်မပြိုင်ကြတော့ဘူးလို့ ဆုံးဖြတ်လိုက်ကြတယ်"

"မင်း ဘယ်ကကြားလာတာလဲ"

"လုသိုင်းကျောင်းကလူတွေ ပြောနေတာ ကျွန်တော်ကိုယ်တိုင် ကြားလာခဲ့တာ"

"ဒါဆို သူတို့ မယှဉ်ဝံ့ကြတော့ဘူးပေါ့"

"ဟုတ်ပါတယ် ဆရာဖေးဟို ... ကျွန်တော်တို့ကို ကြောက်သွားပါပြီဗျာ"

"ဟား ဟား ဟား"

"ဟား ဟား ဟား"

ဖေးဟိုနှင့် ရန်လောင်တို့က ဟားတိုက်ရယ်မောလိုက်ကြလေသည်။ ထိုစဉ် ...

"ဆရာဖေးဟို"

ယွန်ချောင်းက ပြေးလွှားရောက်ရှိလာလေသည်။ ဖေးဟိုက ...

"ယွန်ချောင်း ဘာဖြစ်လို့လဲ"



ယွန်ချောင်းက ...

"ကျွန်တော်သတင်းတစ်ခုကြားလာလို့ဗျ"

ဖေးဟိုက ...

"ဘာလဲ ... လုသိုင်းကျောင်းဟာ နောက်နောင် ကျင်းပမယ့် တံခွန်လုပွဲတွေမှာ ဝင်မပြိုင်တော့ဘူးဆိုတဲ့ သတင်းလား"

ယွန်ချောင်း ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး ဆရာဖေးဟို"

"ဒါဖြင့် ဘယ်လိုသတင်းများလဲ ... ပြောစမ်းပါဦး"

ယွန်ချောင်းက ...

"ယောင်ဖေးဟုန် ပြန်ရောက်လာပြီဆိုတဲ့သတင်းပါ"

"ဟင်"

ဖေးဟိုနှင့်ရန်လောင်တို့ အံ့သြသွားကြလေသည်။ ဖေးဟိုက ...

"ယောင်ဖေးဟုန် ပြန်လာပြီ ... ဟုတ်လား"

"ဟုတ်ပါတယ် ... သူ့ကို ဆရာကြီးလုအာစိုင်းနဲ့ မိတ်ဆွေတွေက သိုင်းပညာသင်ပေးလိုက်ကြလို့ သိုင်းတတ်မြောက်နေပြီလို့ သိရပါတယ်"

ယွန်ချောင်းနှင့်ရန်လောင်တို့မှာလည်း ခေသူများမဟုတ်ကြပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့သည် ယောင်ဖေးဟုန်ကိုတော့ ရှိန်ကြလေသည်။

ယောင်ဖေးဟုန်သည် လုသိုင်းကျောင်း၌ အစွာဆုံးလူတစ်ယောက် မဟုတ်ပါလား။

ဖေးဟို နှာခေါင်းရှုံ့လိုက်သည်။

"သူပြန်ရောက်လာတော့ရော ဘာဖြစ်ရမှာလဲ၊ သူက ဘာများ တတ်နိုင်မှာမို့လဲ"

ယောင်ဖေးဟုန်သည် ယွမ်ချင်းနှင့် ပတ်သက်နေကြောင်း ဖေးဟို သိရှိထားလေသည်။

ထို့ကြောင့် ယောင်ဖေးဟုန် ပြန်ရောက်လာသည်နှင့် သူ့အား ပြဿနာရှာလိမ့်မည်ဖြစ်ကြောင်းလည်း နားလည်ထားလေသည်။

ဖေးဟို စိတ်မပူပါချေ။ ယောင်ဖေးဟုန်မှာ သူ့အား ဘာမျှ တတ်နိုင်မည်မဟုတ်ဟု ယုံကြည်ထားခြင်းကြောင့် ဖြစ်ပေတော့သည်။

✳



ယောင်ဖေးဟုန်သည် လုသိုင်းကျောင်းသို့ ပြန်လည်ရောက်ရှိလာသဖြင့် အားလုံး ဝမ်းသာနေကြလေသည်။

ဖခင်ကြီး ယောင်ကျင်းရင်သည် တစ်သွေးတစ်မွေး ဖြစ်လာသည့် သားဖြစ်သူ ယောင်ဖေးဟုန်ကို ကြည့်ပြီး ကျေနပ်နေ၏။

"ငါ့သား ဆရာကြီးလုနဲ့လိုက်သွားပြီး အတော်ကို တိုးတက်ပြောင်းလဲလာတာပဲ"

ယောင်ဖေးဟုန်က ...

"ဆရာကြီးလုနဲ့ သူ့ရဲ့မိတ်ဆွေတွေဟာ ကျွန်တော့်ကို သွန်သင်ဆုံးမခဲ့ကြပါတယ်၊ သိုင်းပညာတွေ သင်ကြားပေးခဲ့ကြပါတယ် ဖေဖေ"

"အင်း ... ငါ့သားက ကိုယ့်ကိုယ်ကိုယ် ပြုပြင်နိုင်ခဲ့လို့ သူတို့က ခုလို လက်ခံခဲ့ကြတာပဲ"

"ဆရာယွမ်ချင်းရဲ့ ကျေးဇူးက အဓိကကျပါတယ် ဖေဖေ၊ သူက ဆရာကြီးလု လက်ခံလာအောင် တာဝန်ယူပြောပေးခဲ့တာပါ"

ယောင်ဖေးဟုန်သည် ယွမ်ချင်းအား ဘယ်တော့မှမေ့သွားလိမ့်မည် မဟုတ်ပါ။

ယွမ်ချင်းကြောင့် သူ၏ဘဝ ပြောင်းလဲတိုးတက်ခဲ့ရသည် မဟုတ်ပါလား။

ယောင်ကျင်းရင် သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယွမ်ချင်းသည် သူ၏သားကို ပြုပြင်ပေးခဲ့သည်၊ ဘဝကို တိုးတက်စေခဲ့သည်။

ယွမ်ချင်းနှင့်သာမတွေ့ရလျှင် ယောင်ဖေးဟုန်တစ်ယောက် လူဆိုးကြီးဖြစ်သွားမည်မှာ သေချာလှပေတော့သည်။

ယောင်ဖေးဟုန်အား တိုးတက်စေခဲ့သော ယွမ်ချင်းသည် ယောင်ဖေးဟုန်၏မျက်နှာတွင် ဝမ်းနည်းကြေကွဲသော အရိပ်အယောင်များ လွှမ်းမိုးထား၏။

"ဖေဖေ ပန်သိုင်းကျောင်းက ဦးစီးသိုင်းဆရာဖေးဟိုဟာ မြောက်ပိုင်းမှာ အင်မတန်သတင်းကြီးခဲ့တဲ့ လူဆိုးဓားပြကြီး တစ်ယောက်ပါ"

ယောင်ကျင်းရင် သက်ပြင်းချလိုက်ပြန်သည်။ ယောင်ဖေးဟုန်က ...

"ဆရာယွမ်ချင်းက သူ့ရဲ့အကြောင်းကို သိထားလို့ ဆုံးမဖို့ ကြိုးစားခဲ့တာပါ"

"သားရယ် သည်ကိစ္စတွေဟာ"

"ကျွန်တော်ကတော့ ဆရာယွမ်ချင်းရဲ့ မပြီးဆုံးသေးတဲ့ တာဝန်တွေကို ဆက်ပြီး ထမ်းဆောင်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်"

ယောင်ဖေးဟုန်သည် နောက်ဆုံးတွင် လူဆိုးဖေးဂူနှင့် ရင်



ဆိုင်မည်ဟု ပြောလာလိမ့်မည်ဖြစ်ကြောင်း ယောင်ကျင်းရင် နားလည်ထားပြီး ဖြစ်လေသည်။

ယောင်ဖေးဟုန်အား တားဆီး၍ ရမည်မဟုတ်ကြောင်းလည်း နားလည်ထား၏။

"ဆရာကြီးလုကရော ဘာပြောသေးသလဲ"

ယောင်ဖေးဟုန်က ...

"ဆရာကြီးက ကျွန်တော့်ကို စိတ်မချပေမယ့် ခွင့်ပြုခဲ့ပါတယ် ဖေဖေ"

ယောင်ဖေးဟုန် အမှန်အတိုင်းပြောလိုက်ခြင်း ဖြစ်ပေသည်။

လုအာစိုင်းက ခွင့်ပြုလိုက်ပြီးမှ သူလည်း တားဆီးစရာအကြောင်း မရှိတော့ပါ။

"ငါ့သားဟာ ကိုယ့်ရဲ့ချို့ယွင်းချက်တွေကို ပြုပြင်နိုင်ခဲ့ပြီးဆိုတော့ ဖေဖေလည်း တားမြစ်စရာအကြောင်း မရှိတော့ပါဘူးကွယ်"

ယောင်ဖေးဟုန် ဝမ်းသာသွားလေသည်။

"ဖေဖေ ... ဖေးဟူကို ကျွန်တော်ဆုံးမပြီးမှ လုကျောင်းအတွက် တာဝန်ထမ်းဆောင်ပါရစေ"

"ငါ့သားသဘောပါပဲကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ယောင်ဖေးဟုန်သည် လုကျောင်းမှ မိတ်ဆွေများကို လိုက်လံနှုတ်ဆက်လိုက်လေသည်။

ဖေးဂူနှင့် ရင်ဆိုင်ရန် စီစဉ်လိုက်လေတော့သည်။

✳ ✳ ✳



## နေရာ

မြို့ပြင်တွင် စိမ်းလန်းသော တောအုပ်လေး ရှိနေပါသည်။ သစ်ပင် ပန်းပင် ဝါးပင်များက အရပ်လေးမျက်နှာတွင် ဖုံးလွှမ်းထားလေသည်။

ကျေးငှက်လေးများက ဘာသာဘာဝ တေးဆိုသီကျူးရင်း ဟိုဟိုသည်သည် ပျံဝဲနေ၏။

အေးမြသော လေပြည်လေညင်းက သုန်သုန်ညင်းညင်း တိုက်ခတ်နေသည်။ မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များလည်း လွင့်ပျံ့နေသည်။

ထိုအချိန် ...

ယောင်ဖေးဟုန်က တောအုပ်လေးထဲသို့ ရောက်ရှိလာလေသည်။ အဖြူရောင်အဝတ်အစားများကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားပြီး လက်ထဲ၌ လှံတစ်ချောင်းကိုင်ထား၏။

✳

www.burmeseclassic.com

www.burmeseclassic.com



လုကျောင်း ...။

လုကျောင်းသည် ကျားသိုင်းနှင့် ကြိုးကြာသိုင်းကို အဓိက ထား အသုံးပြုသော သိုင်းကျောင်းဖြစ်လေသည်။

ယောင်ဖေးဟုန်က ပန်ကျောင်းမှ လှံသိုင်းကို ယှဉ်ပြိုင်နိုင် သည်။

လှံသိုင်းကို သိုင်းလောကထဲ၌ သင်ယူလာခဲ့သည် မဟုတ်ပါ လား။

ဖေးဟူ၏ မိုးကြိုးကန်ချက်ကို ယှဉ်နိုင်အောင် မြင်းနတ်ကြီး အားယူနှင့် ရင်ဆိုင်ခဲ့ပြီး ဖြစ်လေသည်။

ယောင်ဖေးဟုန်သည် မြေကွက်လပ်တစ်နေရာ၌ ခြေလှမ်း ရပ်လိုက်လေသည်။

ပတ်ဝန်းကျင်ကို အကဲခတ်ရင်း ရင်ထဲ ဝမ်းနည်းကြေကွဲမှု များ ဖြစ်ပေါ်လာလေသည်။

"ဆရာယွမ်ချင်း"

ဟု တီးတိုးရေရွတ်လိုက်လေသည်။

ယွမ်ချင်း ...။

သူ၏ကျေးဇူးရှင် ယွမ်ချင်းသည် ဤနေရာ၌ သေဆုံးသွားခဲ့



သည် မဟုတ်ပါလား။ ဖေးဂူ၏ လက်ချက်ဖြင့် သေဆုံးသွားခဲ့ရခြင်း ဖြစ်လေသည်။

ဖေးဂူကား သူ၏အကြောင်းမပေါ်ပေါက်ရလေအောင် ယွမ်ချင်းကို သုတ်သင်ရှင်းလင်းပစ်လိုက်ခြင်း ဖြစ်လေသည်။

ယောင်ဖေးဟုန်သည် ယွမ်ချင်း၏မျက်နှာကို မြင်ယောင် ရင်း ဖေးဂူကို ဒေါသ ထွက်လာတော့သည်။

"ဖေးဂူကို မဆုံးမနိုင်ရင် ငါ လူမလုပ်တော့ဘူး"

ဟု ကြုံးဝါးလိုက်လေသည်။ ဖေးဂူနှင့် ထိပ်တိုက်ရင်ဆိုင်ရ မည်သာ ဖြစ်ပါသည်။ ဖေးဂူ မကြာမီ ရောက်လာတော့မည် ဖြစ် သည်။

သူက ဖေးဂူကို စိန်ခေါ်လိုက်ပြီ မဟုတ်ပါလား။ ယောင်ဖေး ဟုန်က ဖေးဂူရောက်လာမည့် အချိန်ကိုစောင့်ဆိုင်းနေလိုက်လေ တော့သည်။

✷

ရန်လောင် စိတ်လှုပ်ရှားနေသည်။

အနားယူနေသော ဖေးဂူ (ဝါ) ဖေးဟိုထံသို့ ခပ်သွက်သွက်

www.burmeseclassic.com

www.burmeseclassic.com



လှမ်းသွားလိုက်လေသည်။

သူ၏ခြေသံကြောင့် ဖေးဂူက လှည့်ကြည့်လာလေသည်။

"ပြော ရန်လောင် ... ဘာကိစ္စလဲ"

ရန်လောင်က ...

"ဆရာ့အတွက် ဖိတ်စာတစ်စောင် ရောက်လာလို့ပါ"

"ဖိတ်စာ"

"ဟုတ်ပါတယ်"

ရန်လောင်က ဖိတ်စာတစ်စောင် ထုတ်ပေးလိုက်သည်။ ဖေးဂူက ဖိတ်စာကိုယူကာ ဖတ်ကြည့်လိုက်လေသည်။ သူ၏မျက်နှာ တည်ကြည်လေးနက်သွား၏။

ဖေးဂူ ဖိတ်စာဖွင့်ဖတ်ကြည့်လိုက်နေသည်ကို ရန်လောင်က စိတ်လှုပ်ရှားစွာစောင့်နေသည်။

"ငါ့ကို ယောင်ဖေးဟုန်က စိန်ခေါ်လိုက်တာပဲ"

ဟုပြောလေသည်။

ရန်လောင်က ...

"သည်ကောင် ပျောက်သွားတာ အတော်ကြာနေပြီ၊ ဆရာကြီးလုအာစိုင်းနဲ့အတူ သိုင်းလောကကို လိုက်သွားပြီး သိုင်းပညာသင်နေတယ်လို့ ပြောကြတာပဲ ဆရာဖေး၊ အခုသူက ပြန်လာပြီး စိန်ခေါ်တယ်ဆိုတော့"



စကားတစ်ပိုင်းတစ်စဖြင့် ရပ်ကာ ဖေးဟို၏မျက်နှာကို မဝံ့မရဲ ကြည့်လိုက်လေသည်။

"ဟား ဟား ဟား"

ဖေးဟူက ဟားတိုက်ရယ်မောလိုက်လေသည်။

"ကျုပ်က သိုင်းပညာကို နှစ်ပေါင်းများစွာကြိုးစားလေ့ကျင့်ခဲ့တယ်၊ တိုက်ပွဲတွေ အများကြီးနဲ့ ရင်ဆိုင်ခဲ့ရတယ်၊ ယောင်ဖေးဟုန်က မနေ့တစ်နေ့ကမှ သိုင်းပညာသင်ခဲ့တဲ့ လူတစ်ယောက်ပါ၊ ကျုပ်ကို ဘယ်လိုလုပ် ယှဉ်နိုင်မှာတဲ့လဲ"

ရန်လောင်ထောက်ခံလိုက်သည်။

"ဟုတ်ပါတယ် ... ဆရာဖေးကို ဘယ်နည်းနဲ့မှ ယှဉ်နိုင်မှာ မဟုတ်ပါဘူး"

ဖေးဂူက ...

"ကျုပ်က ယောင်ဖေးဟုန်ကိုသွားပြီး ဆုံးမလိုက်ဦးမယ်၊ သည်ကိစ္စ ဘယ်သူမှ မသိစေနဲ့"

"စိတ်ချပါ ဆရာဖေး"

ဖေးဂူ ထိုင်ရာမှထလိုက်သည်။ ရန်လောင်၏ပခုံးကို ပုတ်လိုက်သည်။

"မကြာခင် ကျုပ်ပြန်လာခဲ့မယ်"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ပြန်လာတဲ့အခါ မိုးကြိုးကန်ချက်ကို ထပ်သင်ပေးမယ်"

ရန်လောင် ဝမ်းသာအားရ ဖြစ်သွားလေတော့သည်။

*** 



ကံတရား

ဖေးဂူသည် ယောင်ဖေးဟုန်အား လုံးဝ အမှုမထားပါ။ သူ၏ မိုးကြိုးကန်ချက်အား ယောင့်ဖေးဟုန် ခုခံနိုင်စွမ်း ရှိမည်မဟုတ်ဟု ယုံကြည်ထားပေသည်။

သို့သော် တောအုပ်ထဲ လှမ်းဝင်လိုက်သောအခါ သူ၏ရင်ထဲ၌ ထူးခြားသောခံစားချက်များ ဖြစ်ပေါ်လာသည်။ အံ့သြစရာကောင်းအောင်ပင် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာခြင်းပင်။

အဘယ့်ကြောင့်ပါနည်း။

ဤနေရာမှာပင် ယွမ်ချင်းအား သူက ဆုံးမခဲ့သည်။ ယောင်ဖေးဟုန်က ဤနေရာသို့ တမင်ချိန်းလိုက်သည်။ ယွမ်ချင်း၏ဝိညာဉ်က ယောင်ဖေးဟုန်ဘက်မှ ပါဝင်ကူညီတိုက်ခိုက်ပေးမည်လော။

ဖေးဂူက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ သစ်ပင်ဝါးပင်များက စိမ်းလန်းစိုပြေစွာ ရှိနေသည်။ သစ်ပင်တစ်ပင်အောက်၌ မလှုပ်မယှက် ရပ်နေသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ ယောင်ဖေးဟုန်ပင် ဖြစ်ပါသည်။ ဖေးဂူ ပြုံးပြုံး

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"မင်း ရောက်နှင့်နေတာကိုး"

ယောင်ဖေးဟုန်က ...

"ဟုတ်တယ် ... ခင်ဗျား လာမှလာပါ့မလားလို့ ကျုပ်စိုးရိမ်နေတာ"

ဖေးဂူက ...

"ကျုပ်က မင်းကို ကြောက်နေရမှာလား"

ယောင်ဖေးဟုန်က ...

"ဒါပေါ့၊ ကျုပ်က ခင်ဗျားကို ဆုံးမလိုက်မှာပဲ မဟုတ်လားဗျ"

"ဟား ဟား ဟား"

ဖေးဂူ လှောင်ပြောင်ရယ်မောလိုက်လေသည်။ ယောင်ဖေးဟုန်က သစ်ပင်အောက်မှ လှမ်းထွက်လာသည်။ မြေကွက်လပ်တွင် ဖေးဂူနှင့် ရင်ဆိုင်လိုက်သည်။ ဖေးဂူက ...

"မင်းက သိုင်းလောကထဲ လှည့်လည်ပြီး ပညာသင်ခဲ့တယ်ဟုတ်လား"

ယောင်ဖေးဟုန်က ...

"ဟုတ်တယ် ... ခင်ဗျားကို အနိုင်ယူနိုင်မယ့်ပညာတွေ သင်ခဲ့တာ"



ဖေးဂူက ...

"သိပ်လည်း အပြောမကြီးပါနဲ့၊ မင်း ငါ့ရဲ့ မိုးကြိုးကန်ချက်ကို ရှောင်ကြည့်စမ်းပါဦး"

စကားဆုံးလျှင် လျှပ်တစ်ပြက် ကန်ကျောက်လိုက်လေသည်။ ယောင်ဖေးဟုန် သတိရှိနေ၍ တော်ပေသေး၏။ ကပျာကယာ နောက်ဆုတ်ကာ ရှောင်တိမ်းပေးလိုက်လေသည်။

ဖေးဂူက ...

"မဆိုးဘူးဟ"

ရုတ်တရက် သူ၏ခန္ဓာကိုယ် မြေပေါ်မှကြွကာ လေထဲရောက်ရှိသွားလေသည်။ လေထဲ၌ ငှက်ကြီးတစ်ကောင်ပမာ ပျံဝဲရင်း ယောင်ဖေးဟုန် နောက်သို့ လိုက်ပြီး ကန်ကျောက်လိုက်လေသည်။

သူ၏ မိုးကြိုးကန်ချက်က ပြင်းထန်လှသည်။ တစ်ချက်ထိလိုက်သည်နှင့် ယောင်ဖေးဟုန် အသက်ပျောက်သွားရမည် ဖြစ်လေသည်။

မိုးကြိုးကန်ချက်များသည် လေထဲ၌ တဝုန်းဝုန်း မြည်ကာထွက်ပေါ်နေ၏။ ယောင်ဖေးဟုန် ပြန်လည်တိုက်ခိုက်ခွင့်မရဘဲ အလူးအလိမ့် ရှောင်တိမ်းနေရလေသည်။

"မင်း ဘယ်ပြေးမလဲ"

ဖေးဂူက လျှပ်တစ်ပြက်ကန်ကျောက်လိုက်ပြန်ရာ သစ်ပင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပင်နှင့် နောက်ကျောကပ်မိနေပြီဖြစ်သော ယောင်ဖေးဟုန်မှာ မြေပေါ် ကပျာကယာ ထိုင်ချလိုက်နိုင်ခြင်းကြောင့် ကံကောင်းထောက်မစွာ လွတ်မြောက်သွားလေသည်။ ဖေးဂူ၏ ပြင်းထန်သော ကန်ချက်ကြောင့် ....

'ဖျောင်း'

'ဝုန်း'

သစ်ပင်ထက်ပိုင်းကျိုးသွားလေသည်။ ယောင်ဖေးဟုန် ထိတ်လန့်သွားသည်။ မြေပေါ်လိမ့်ကာ အဝေးသို့ ရှောင်ထွက်သွားလိုက်လေသည်။ ဖေးဂူ လှောင်ပြောင်ရယ်မောလိုက်လေသည်။

"မင်း ကြောက်နေပြီလား"

ယောင်ဖေးဟုန်နောက်သို့ ပြေးလိုက်သွားပြီး ထပ်မံတိုက်ခိုက်လေသည်။ ယောင်ဖေးဟုန်က သစ်ပင်ဝါးပင်များကြားသို့ ဝင်ပြေးသွား၏။

'ဖျောင်း ဖျောင်း'

'ဝုန်း ဝုန်း'

ဖေးဂူ၏မိုးကြိုးကန်ချက်ကြောင့် သစ်ပင် ဝါးပင်များ အပိုင်းပိုင်း ကျိုးသွားလေသည်။ သစ်ပင်များက ထက်ပိုင်းကျိုးကာ ပျက်တောက်သွားကြသော်လည်း ဝါးပင်များမှာမူ ကျိုးသွားသည့်တိုင် ပြတ်တောက်သွားခြင်းမရှိပါ။



ဝါးကြောမျှင်များကြောင့် ဝါးလုံးကွဲကြေသွားသော်လည်း အပိုင်းပိုင်း အပြတ်ပြတ် ဖြစ်မသွားချေ။

"ဟိတ်"

"ယား"

ဖေးဂူက လှမ်းကန်လိုက်သောအခါ ယောင်ဖေးဟုန်က ဝါးပင်များကြား တိုးဝင်ကာ ရှောင်တိမ်းလိုက်သည်။

'ခွပ်'

ဖေးဂူ၏ခြေဖျားသည် ဝါးတစ်လုံးကို ကွဲကြေသွားစေခဲ့သည်။ ထို့အတူ ကွဲကြေသွားသော ဝါးလုံးကြား၌ သူ၏ခြေထောက် ညှပ်သွားလေသည်။

"ဟင်"

ဖေးဂူ ထိတ်လန့်ကာ ခြေထောက်ကို ကပျာကယာ ရုပ်သိမ်းလိုက်သည်။ သူ၏ခြေထောက်က ဝါးကြားမှ လွတ်သွားသော်လည်း ဖိနပ်နှင့်သံမဏိခြေစွပ်မှာမူ ဝါးကြား၌ ညှပ်ပြီး ကျန်ရစ်ခဲ့လေသည်။

ယောင်ဖေးဟုန်မှာ ဖေးဂူ၏ လျှို့ဝှက်ချက်ကို မမျှော်လင့်ဘဲ သိရှိသွားလေတော့သည်။

"လက်စသတ်တော့ မိုးကြိုးကန်ချက် ပြင်းထန်နေတာ သံမဏိခြေစွပ်ကြောင့်ကိုး"

ဝါးပင်များက သူ့အတွက် အကောင်းဆုံးလက်နက်များ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေသည်ကိုလည်း နားလည်လိုက်သည်။

"ကျုပ်ကိုထိအောင် ကန်နိုင်ပါ့မလား"

ယောင်ဖေးဟုန်က စိန်ခေါ်ပြီး ဝါးပင်များကြား ပြေးသွားလိုက်၏။

"မင်း သေဖို့သာ ပြင်ထား"

ဖေးဂူက ဒေါသတကြီး လိုက်လံကန်ကျောက်လိုက်လေသည်။ သူ၏ မိုးကြိုးကန်ချက်ကြောင့် ဝါးပင်များ တခွမ်းခွမ်း ကွဲသွား၏။ ထို့အတူ တစ်ကြိမ်တွင် သံမဏိခြေစွပ်ရော ခြေဖဝါးပါ ဝါးကြားထဲ ညှပ်သွားလေသည်။ ယောင်ဖေးဟုန်က အခွင့်အရေးကို လက်လွှတ်မခံဘဲ ...

"ကဲကွာ ကဲကွာ"

ဝါးလုံးကို လက်သီးလက်ဝါးစောင်းဖြင့် တအားထုနက်လိုက်သည်။ ဝါးလုံးကြားထဲ ညှပ်နေသော ဖေးဂူ၏ခြေထောက်မှာ ဝါးရုကာ သွေးခြင်းခြင်း နီရဲသွားတော့သည်။

ကျန်နေသေးသော သံမဏိခြေစွပ်လည်း ကျွတ်ထွက်သွားတော့၏။ ခြေထောက်နှစ်ဖက်စလုံး ဝါးရုကာ သွေးခြင်းခြင်း နီရဲသွားသဖြင့် ဖေးဂူ၏မျက်နှာကြီး ရှုံ့မဲ့သွားတော့သည်။

ခြေထောက်ကို ရှန်းလေ ဝါးပိုရုလေ ဖြစ်နေတော့သည်။ မိုးကြိုးကန်ချက်အား အသုံးမချနိုင်တော့အောင် ဖြစ်သွားလေသည်။



ယောင်ဖေးဟုန်က ...

"သည်တစ်ခါ ကျုပ်အလှည့်ပဲ"

ဖေးဂူ၏မျက်နှာကို လက်သီးဖြင့် ထိုးချလိုက်လေတော့သည်။

'ခွပ်'

"အား"

ဖေးဂူမှာ မမျှော်လင့်ဘဲ အရှုံးကြီး ရှုံးသွားလေတော့သည်။ ယောင်ဖေးဟုန်သည် ကံတရား၏ ကူညီပေးမှုဖြင့် ဖေးဂူကိုအနိုင်ရလိုက်ပြီဖြစ်သည်။

ယွမ်ချင်းအတွက် လက်စားချေသည့်အနေဖြင့် မိမိအား သတ်ပစ်လိမ့်မည်ဟု ဖေးဂူ ထင်နေမိသည်။ သို့သော် ...

"ခင်ဗျားကို မြို့စားကြီးဆီ ခေါ်သွားမယ်၊ ခင်ဗျားရဲ့အပြစ်တွေအတွက် တရားဥပဒေရဲ့ အဆုံးအမကို ခံယူရမှာပေါ့ဗျာ"

ဖေးဂူ ခေါင်းငိုက်စိုက်ကျသွားလေတော့သည်။

*

ယောင်ဖေးဟုန်သည် ဒေါသကြီးသူ၊ စိတ်ဆတ်သူဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် ယခုအချိန်တွင် အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ပြီ ဖြစ်သည်။

သူ၏ချို့ယွင်းချက်ကို ပြုပြင်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ ဖေးဂူအား မြို့စားကြီးထံ၌ အပ်နှံလိုက်လေသည်။ မြို့စားကြီးသည် အကြောင်းစုံကို သိရှိသွားပြီး ဖေးဂူအား ဥပဒေအတိုင်း အရေးယူဆောင်ရွက်ခဲ့လေသည်။

✻

ပန်ကျောင်း ...။

ပန်ကျောင်းပိုင်ရှင် ပန်ဟောင်းသည် ကြားလိုက်ရသည့် သတင်းကြောင့် မယုံနိုင်အောင် ဖြစ်နေသည်။

သူအားထားရသည့် ဦးစီးသိုင်းဆရာဖေးဟိုသည် မြောက်ပိုင်းတွင် အလွန်ဆိုးသွမ်းသောင်းကျန်းခဲ့သော လူဆိုးဓားပြကြီး ဖေးဂူ ဖြစ်နေသည် မဟုတ်ပါလား။

ဖေးဟို (ဝါ) ဖေးဂူ၏အကြောင်းကို ယောင်ဖေးဟုန်က ဖော်ထုတ်ကာ ဆုံးမလိုက်သည့်ကို ပို၍ပြီး မယုံနိုင်အောင် ဖြစ်နေရလေတော့သည်။



ယွန်ချောင်းနှင့်ရန်လောင်တို့သည် ဖေးဟို (ဝါ) ဖေးဂူထံမှ မိုးကြိုးကန်ချက်သိုင်းပညာကို သင်ယူကာ တံခွန်လုပွဲ၌ ပထမရယူဦးမည်ဟု အားခဲထားခဲ့ကြသည်။

ဖေးဂူက ယောင်ဖေးဟုန်ကို ရှုံးနိမ့်သွားပြီး အဖမ်းခံလိုက်ရသောအခါ အကြီးအကျယ် စိတ်ဓာတ်ကျဆင်းသွားလေသည်။ သို့တိုင် ...

"ဆရာဖေးဂူမရှိတော့ကော ဘာအရေးလဲ၊ တံခွန်လုပွဲမှာ ငါတို့ ဗိုလ်စွဲနိုင်အောင် ဖြစ်တဲ့နည်းနဲ့ ကြိုးစားသွားရမှာပဲ"

ယွန်ချောင်းက ပြောလေသည်။ ရန်လောင် ထောက်ခံလိုက်သည်။

"ဟုတ်တယ်၊ တံခွန်လုပွဲမှာ ငါတို့ပဲ ပထမရရမှာပေါ့၊ ယောင်ဖေးဟုန် ပြန်ရောက်လာတာနဲ့ ငါတို့ အရှုံးပေးလိုက်ရမယ်ဆိုရင် ရာဇဝင်ရိုင်းသွားမှာပေါ့"

ထို့နောက် တံခွန်လုပွဲ၌ အနိုင်ရဗိုလ်စွဲနိုင်ရေးအတွက် အကြံထုတ်လိုက်ကြလေတော့သည်။

✻

www.burmeseclassic.com

www.burmeseclassic.com



တောအုပ်ထဲ၌ ဖြူဖွေးသော အုတ်ဂူအသစ်စက်စက် တစ်လုံး ဖြစ်ပေါ်လာလေသည်။ ယောင်ဖေးဟုန်က ထိုအုတ်ဂူလေးကို တည်ဆောက်လိုက်ခြင်း ဖြစ်လေသည်။

ယွမ်ချင်းအတွက် ရည်စူးကာ တည်ဆောက်လိုက်ခြင်း ဖြစ်ပါသည်။ ယွမ်ချင်း၏ကျေးဇူးကို သူ ဘယ်တော့မှ မေ့သွားလိမ့်မည် မဟုတ်ပါချေ။

ယောင်ဖေးဟုန်က အုတ်ဂူလေးရှေ့၌ ဒူးထောက်ချလိုက်လေသည်။ သူ၏မျက်ဝန်းအစုံ၌ ဝမ်းနည်းကြေကွဲမှုများ ပြည့်လျှံနေ၏။

"ဆရာယွမ်ချင်း ... ကျွန်တော့်ကိုယ်ကျွန်တော် ထိန်းသိမ်းနိုင်ခဲ့ပါပြီ၊ ကျွန်တော်ရဲ့ကတိအတိုင်း စောင့်ထိန်းနိုင်ခဲ့ပါပြီ၊ ဆရာယွမ်ချင်း သွန်သင်ဆုံးမတဲ့အတိုင်း သိုင်းသမားကောင်းတစ်ယောက် ဖြစ်အောင် ကြိုးစားနိုင်ခဲ့ပါပြီ၊ တမလွန်ဘဝကနေ ဆရာကျေနပ်နိုင်ပါစေ"

ဟု တိုင်တည်ပြောဆိုလိုက်လေသည်။ ဖေးဂူကို ဆုံးမနိုင်လိုက်သဖြင့် ယွမ်ချင်း ကျေနပ်လိမ့်မည်ဟု ယောင်ဖေးဟုန် ယုံကြည်ထားလေသည်။

"ကျွန်တော် တတ်မြောက်ထားတဲ့ ပညာနဲ့ လုကျောင်းရဲ့ အကျိုး၊ သိုင်းလောကနဲ့ အများပြည်သူ ကောင်းကျိုးကို သည်လို



ဆောင်ရွက်ထားမယ်လို့ ကတိပေးပါတယ် ခင်ဗျာ"

ယောင်ဖေးဟုန်ကား အပြောင်းလဲကြီး ပြောင်းလဲသွားပြီ ဖြစ်လေသည်။ တကယ့်သိုင်းသမားတစ်ယောက်ဘဝသို့ ပြောင်းလဲသွားခြင်း ဖြစ်ပါတော့သည်။

ယောင်ဖေးဟုန်က ယွမ်ချင်း၏ အုတ်ဂူရှေ့၌ ဒူးထောက်နေရာမှ ထလိုက်သည်။ ထိုစဉ် ...

"အစ်ကိုလေး ယောင်"

ခေါ်သံနှင့်အတူ ဖြေးလျှားလာနေကြသော လုကျောင်းမှ သိုင်းသင်တန်းသားများကို တွေ့လိုက်ရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အပြောင်းအလဲ

တံခွန်လုပွဲ ....။

တံခွန်လုပွဲ ကျင်းပချိန်ရောက်ရှိလာပြန်ပြီ ဖြစ်သည်။

လွန်ခဲ့သည့်သုံးနှစ်က ဝင်ပြိုင်ခဲ့သည့် ပြိုင်ပွဲဝင်အဖွဲ့ ငါးဖွဲ့ပင် ပြန်လည်ပါဝင်ခဲ့သည်။

ထို့ကြောင့် ထူးခြားချက်မရှိဟု ဆိုရမည်သာဖြစ်သည်။ သို့သော် မြို့ခံလူများအတွက်၌ကား ထူးခြားသည့်အပြင် အံ့ဩရသည့် အချက် ပါဝင်လာခဲ့သည်။

၎င်းမှာ ယောင်ဖေးဟုန် ပါဝင်လာခဲ့၍ ဖြစ်သည်။ ပို၍ အံ့အားသင့်ဖွယ် ကောင်းသည်မှာ တစ်ချိန်က အသုံးမကျဖြစ်ခဲ့ရသော ယောင်ဖေးဟုန်သည် လုသိုင်းကျောင်းအဖွဲ့အား ဦးဆောင်သူအဖြစ် ပါဝင်လာခဲ့ခြင်းပင် ဖြစ်ပေသည်။

ယောင်ဖေးဟုန်သည် လုသိုင်းကျောင်းအဖွဲ့အား ဦးစီး ဦးဆောင် ပြုနိုင်ပါမည်လော။ ဒုတိယနှစ်ကြိမ်ဆက်တိုက် ရရှိခဲ့သော လုသိုင်းကျောင်းအဖွဲ့သည် ယောင်ဖေးဟုန် ဦးဆောင်မှုအောက်ဝယ်



ပထမဆု ပြန်လည်ရယူနိုင်တော့မည်လော။

အားလုံးမှာ စိတ်ဝင်စားနေကြပေသည်။ ထို့ကြောင့် ယခုနှစ် တံခွန်လုပြိုင်ပွဲသည် ယောင်ဖေးဟုန်ကြောင့် ပို၍ စိတ်ဝင်စားဖွယ် ဖြစ်လာခဲ့ရလေတော့သည်။

*

'တူ တူ'

ခရာသံများ ကျယ်လောင်စွာ ထွက်ပေါ်နေ၏။ မရေးမနှောင်းမှာပင် ဗုံသံများ၊ လင်ကွင်းတီးခတ်သံများလည်း အဆက်မပြတ် ထွက်ပေါ်လာသည်။

ပြိုင်ပွဲကျင်းပရာ ကွင်းပြင်တွင် လူအများ ပြည့်လျှံစွာဖြင့် ကြည့်နေသည်။ အရောင်အသွေး စုံလင်စွာ ဝတ်ဆင်ထားကြသူများ လက်ညှိုးထိုးမလွဲအောင် ရှိနေသည်။

ပရိသတ်များ၊ အားပေးသူများသည် မိမိနှစ်သက်ရာ အဖွဲ့ဘက်၌ အုံဖွဲ့၍ ရှိနေကြသည်။ မြေကွက်လပ်အား မျက်နှာမူကာ မိုးပြာအဖွဲ့၊ ရွှေကျားအဖွဲ့၊ ငွေကြယ်အဖွဲ့၊ ပန်သိုင်းအဖွဲ့နှင့် လုသိုင်းအဖွဲ့တို့ ရှိနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ ကျင်းပသည့်ပြိုင်ပွဲ၌ တစ်ဖွဲ့လျှင် သိုင်းသမား နှစ်ဆယ်တိတိ ပါဝင်ခွင့်ပြုထားပြီး တံခွန်တိုင်အား ခုနစ်တိုင်တိတိ ပစ်လွှတ်ရန် ပြင်ဆင်ထားလေသည်။

ယင်းကြောင့် ပြိုင်ပွဲသည် ပို၍ မြိုင်ဆိုင်လာမည်ဟု ကြည့်ရှုသူတိုင်းက ခန့်မှန်းမိလေသည်။ ခရာသံ၊ ဗုံသံများနှင့်အတူ သိုင်းအဖွဲ့ကိုယ်စီက မိမိတို့ အမှတ်အသား အလံများကို ဝှေ့ယမ်းနေကြသည်။

ပန်သိုင်းအဖွဲ့နှင့် လုသိုင်းအဖွဲ့က မျက်နှာချင်းဆိုင် အနေအထားဖြင့် ရှိနေကြသည်။ ယွန်ချောင်းသည် ရန်လောင်အား လှမ်းကြည့်လိုက်၏။ ရန်လောင်သည် မသိမသာ ခေါင်းတစ်ချက်ညိတ်လိုက်သည်။

တစ်ပေသာသာခန့်ရှိ ကြိမ်တုတ်များကိုလည်း စံနစ်တကျ ဝှက်ထားပြီးပြီ မဟုတ်ပါလား။ ယွန်ချောင်းက ...

"ယောင်ဖေးဟုန် ဘယ်လောက်တော်တော် မရှုမလှ ဖြစ်သွားစေရမယ်"

စိတ်ထဲမှ ကြုံးဝါးလိုက်၏။ သူတို့သည် လုအဖွဲ့မှလွဲ၍ ကျန်အဖွဲ့အား အရေးစိုက်စရာမလိုပါချေ။

လုအဖွဲ့အား ထိန်းထားနိုင်လျှင် ယခုတစ်ကြိမ်ပြိုင်ပွဲ၌လည်း သူတို့ပင် ဗိုလ်စွဲသွားပေလိမ့်မည်။



ထို့ကြောင့် သူတို့၏ ပစ်မှတ်သည် ယောင်ဖေးဟုန် ဖြစ်လာခဲ့ရလေတော့သည်။

✳

ချောင်အန်း၏မျက်နှာ ပြုံးရွှင်နေသည်။ သူက တည်ငြိမ်သော ဟန်မူရာဖြင့် ရှိနေသော ယောင်ဖေးဟုန်အား သဘောကျစွာ ကြည့်လိုက်၏။

ယောင်ဖေးဟုန်သည် တကယ့်တည်ငြိမ်ရင့်ကျက်သူတစ်ဦး အသွင် ရှိနေသည် မဟုတ်ပါလား။ လွန်ခဲ့သော သုံးနှစ်ပြိုင်ပွဲမှ အဖြစ်အပျက်ကို သူ၏မျက်လုံးထဲ ပြန်လည်မြင်ယောင်လာခဲ့သည်။

ထိုစဉ်က ပါဝင်ဖို့သာသိသော ယောင်ဖေးဟုန်ကြောင့် သူတို့ အတော်လေး ဒုက္ခရောက်ခဲ့ကြသည် မဟုတ်ပါလား။ ချောင်အန်းမှာ တွေးရင်းမှ ပြုံးလိုက်မိသည်။ ဤသည်ကို ယောင်ဖေးဟုန်က တွေ့မြင်သွားလေသည်။ သူက မျက်မှောင်ကုတ်ကာ ...

"အစ်ကိုကြီး ... ဘာတွေများ သဘောကျလို့ ပြုံးနေတာလဲဗျ"

ဟု မေးလိုက်သည်။ ချောင်အန်းက သူ့အား တစ်ချက်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကာ ...

"ဘာရယ်မဟုတ်ပါဘူးကွာ ... ဟိုးအရင်တစ်ကြိမ် မင်း ပါဝင်ခဲ့တဲ့ပြိုင်ပွဲကို သတိရမိလို့ပါ"

ဟု ပြောလိုက်သည်။ ယောင်ဖေးဟုန် ပြုံးလိုက်၏။

"ကျွန်တော်လည်း စဉ်းစားမိတယ်၊ အဲဒီအချိန်တုန်းက ကျွန်တော့်ကြောင့် အားလုံးပဲ စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရတယ်၊ ပြီးတော့ အစ်ကိုကြီးလည်း ဒဏ်ရာရခဲ့တယ်လေ"

ချောင်အန်းက ...

"အဲဒီတုန်းကတည်းက ငါ့ညီမှာ စိတ်ဓာတ်ရှိတယ်ဆိုတာ အစ်ကိုကြီး သုံးသပ်ခဲ့မိတယ်၊ ဒါကြောင့် အခုပြိုင်ပွဲမှာ ညီလေး အစွမ်းအစပြနိုင်လိမ့်မယ်လို့ ယုံကြည်ထားတယ်"

ယောင်ဖေးဟုန် ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ ... ဒီတစ်ကြိမ် ပြတ်ပြတ်သားသား အနိုင်ရအောင် ကျွန်တော်ကြိုးစားပါ့မယ်"

ချောင်အန်းက ...

"ဒါပေမဲ့ ညီလေးကို တစ်ခုသတိပေးချင်တယ်"

ဟု ပြောလာသည်။ ယောင်ဖေးဟုန်က ...

"ဘာများလဲဗျာ"

ဟု မေးလိုက်သည်။ ချောင်အန်းက ...



"ပန်သိုင်းအဖွဲ့ကို လျှော့မတွက်နဲ့ အထူးသဖြင့် ယွန်ချောင်းနဲ့ ရန်လောင်တို့ကို သတိထားသူတို့ဟာ ပြိုင်ပွဲအတွေ့အကြုံများတဲ့အပြင် ဉာဏ်လည်း များတယ်ကွ၊ သူတို့က ညီလေးကို ပစ်မှတ်ထားလာနိုင်တယ်"

ဟု သတိပေးစကား ပြောလာ၏။ ယောင်ဖေးဟုန် ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ ... ကျွန်တော် သတိထားပါ့မယ်"

သူက တစ်ချက်စဉ်းစားရင်းမှ ဆက်ပြောလိုက်သည်။

"အစ်ကိုကြီး၊ ကျွန်တော့်ကို သူတို့က မဲလာရင် အစ်ကိုကြီးအနေနဲ့ တံခွန်တိုင်တွေကို စုဆောင်းဖို့ တာဝန်ယူပါ၊ သူတို့ကို ကျွန်တော် ပြန်ထိန်းချုပ်ထားပါ့မယ်"

ချောင်အန်းက ...

"ငါ့ညီ ဖြစ်ပါ့မလား"

စိုးရိမ်စွာ မေးလိုက်၏။ ယောင်ဖေးဟုန် ခေါင်းညိတ်လိုက်၏။

"ဖြစ်ပါတယ်"

"အစီအစဉ်ကရော"

ယောင်ဖေးဟုန် တစ်ချက်စဉ်းစားကာ ...

"ကျွန်တော်တို့ လေ့ကျင့်ထားသလိုပဲ အသုံးပြုပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။ ချောင်အနန်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... ပြိုင်ပွဲစတာနဲ့ အစီအစဉ်အတိုင်း အကောင်အထည်ဖော်ကြတာပေါ့"

ထိုစဉ်မှာပင် ...

'ဖောင်း ဖောင်း'

အစီအစဉ်စတင်ကြောင်း အချက်ပေးသည်။ ဗျောက်အိုးဖောက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

✳

'ဖောင်း ဖောင်း'

ဗျောက်အိုးဖော  ႕များ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ မရှေးမနှောင်းမှာပင် မြေကွက်လပ်အလယ်၌ ဆောက်လုပ်ထားသော စက်ဝိုင်းပုံစင်မြင့်ပေါ်သို့ မြို့စားကြီး လှမ်းတက်လာသည်။

စင်မြင့်ပေါ်ဝယ် တံခွန်တိုင်များ လွှတ်တင်ရန်အသင့်ပြင်ထားပြီး ဖြစ်သည်၊ မြို့စားကြီးက ကျယ်လောင်သောအသံဖြင့် ...

"အားလုံးပဲ တိတ်တိတ်နေပေးကြပါ"

ဟု ဒေ၊ေပြောလိုက်သည်။ ဆူဆူညံညံအသံများ တစ်မုဟုတ်ချင်း ငြိမ်သက်သွားသည်။ မြို့စားကြီးက လက်တစ်ဖက် မြှောက်ယမ်းရင်း ...



"ပြိုင်ပွဲ စတင်တော့မှာဖြစ်တာကြောင့် မဆိုင်သူများ ဘေးလွှတ်ရာဆုတ်ပြီး ကြည့်ရှုအားပေးကြပါလို့ မေတ္တာရပ်ခံပါတယ်"

သူ၏စကားအဆုံးဝယ် ပြိုင်ပွဲဝင်အဖွဲ့ငါးဖွဲ့မှ အဖွဲ့သားများကလွဲ၍ ကျန်လူများ အလျှိုလျှို ထွက်ခွာသွားကြလေသည်။ မကြာမီ မြေကွက်လပ်ကျယ်ကြီး၌ ပြိုင်ပွဲဝင်အဖွဲ့ငါးဖွဲ့ဟာ ထီးထီးကြီးကျန်ရှိနေခဲ့တော့သည်။ မြို့စားကြီးက ...

"ပြိုင်ပွဲစည်းကမ်းကို အဖွဲ့သားတိုင်းသိပြီးလောက်ပြီလို့ ယူဆပါတယ်၊ ဒီတော့ ထပ်ပြောချင်တာက ပြိုင်ပွဲဝင်အချင်းချင်း အသက်အန္တရာယ် ထိခိုက်စေသည်အထိ တိုက်ခိုက်ခွင့်မပြုဘူး၊ နောက်တစ်ချက်က ဓားလှံလက်နက်များ ယူဆောင်ခွင့်မရှိဘူး၊ လက်ချည်းသက်သက်သာ သိုင်းပညာသဘောတရားကို ထုတ်ဖော်အသုံးပြုရမှာ ဖြစ်တယ်၊ ကဲ ပြိုင်ပွဲစတင်ရအောင်"

ကိုယ်ရံတော်တစ်ဦးက ဖယောင်းတိုင်မီးညှိပေးလိုက်၏။ မြို့စားကြီးက တံခွန်တိုင်များနှင့်အတူ ချည်နှောင်ထားသော မီးရှူးမီးပန်းများအား မီးရှို့လိုက်လေ၏။ မကြာမီမှာပင် ...

'ရှီး ရှီး'

'ဖောင်း'

www.burmeseclassic.com

www.burmeseclassic.com



မီးရှူးမီးပန်းများသည် ကောင်းကင်ပေါ်သို့ ထိုးတက်ကာ ပေါက်ကွဲသွားလေသည်။ ထိုအခါ တစ်ထွာကျော်ကျော်ခန့်ရှိ ငွေစက္ကူများ ရစ်ပတ်ထားသော တံခွန်တိုင်များသည် နေရာအနှံ့မှနေ၍ မြေကွက်လပ်ဆီသို့ ပြုတ်ကျသွားလေသည်။ ထိုအခါ ငြိမ်သက်ကာ အခြေအနေကြည့်နေကြသော အဖွဲ့ငါးဖွဲ့သည် ...

"ဟေး"

"လုထားကွ"

ကျယ်လောင်စွာ အော်ဟစ်မာန်သွင်းလာရင်း လှုပ်ရှားလာကြလေတော့သည်။

* * *



## စိတ်သဘောထားရယ်

တံခွန်လုပွဲကား စတင်ချေပြီ။

ပြိုင်ပွဲစလျှင်စချင်းပင် ဆယ်ယောက်စီတန်းကြသော လုသိုင်းအဖွဲ့သည် တာတမံများသဖွယ် ရှေ့သို့ ပြေးတက်ကာ ကြဲ့ကြဲ့ခံရပ်နေလိုက်၏။

နောက်ကွယ်၌ရှိသော ချောင်အနီးက အဖွဲ့သားတစ်ဦး၏ ကျောပေါ် ခုန်တက်ကာ လေထဲ ကျွမ်းပစ်ရင်း ပြုတ်ကျလာသော တံခွန်တိုင်တစ်ခုအား မိမိရရပင် ဖမ်းဆုပ်ယူနိုင်ခဲ့လေသည်။

လုယူရန် ပြေးလာသော အခြားအဖွဲ့မှ သိုင်းသမားများသည် ကြဲ့ကြဲ့ခံရပ်နေသော လုအဖွဲ့သားများနှင့် ရင်ဆိုင်တိုးမိကာ

'ဂုန်း'

"အောင်မယ်လေး"

အလဲလဲ အပြိုပြို ဖြစ်သွားကြလေသည်။ မိုးပြာအဖွဲ့ဝင်များသည် တံခွန်တိုင်တစ်ခုအား ဆုပ်ကိုင်မိသည်နှင့် လှည့်ပတ်ပြေးလွှားနေ၏။

www.burmeseclassic.com

www.burmeseclassic.com



အခြားအဖွဲ့များက လိုက်လံလုယူနေကြသည်။ တံခွန်တိုင်အားလုံး အသီးသီးလက်ဝယ်သို့ ရောက်ရှိနေပြီဖြစ်သည်။ တံခွန်လုပွဲ၏ အရေးအပါဆုံးနှင့် ပရိသတ်စိတ်အဝင်စားဆုံးအဆင့်သို့ ရောက်ရှိလာပြီဖြစ်သည်။

တံခွန်တိုင်ရရှိထားသူများက ကာကွယ်ရန် အစွမ်းကုန် ကြိုးစားလာသလို မရရှိသေးသူများကလည်း လုယူရန် ကြိုးစားအားထုတ် လာကြ၏။

ရရှိထားသူအချို့ကလည်း ထပ်မံရရှိအောင် ကြိုးစားပြန်နေရာ အလွန်ပင် အကြိတ်အနယ်ရှိလာလေတော့သည်။

*

တံခွန်တိုင်တစ်ခု ရရှိထားပြီဖြစ်သော ရန်လောင်က ယွန်ချောင်းအား ပစ်ပေးလိုက်သည်။ တစ်ဆက်တည်းပင် ဝှက်ထားသော ကြိမ်တုတ်အား ထုတ်ယူကာ လုသိုင်းအဖွဲ့ထံ ခုန်ဝင်သွားသည်။

သူ၏အဖွဲ့သားများလည်း လိုက်ပါလာကြသည်။ သူတို့သည် ကြိမ်တုတ်များအသုံးပြုကာ ခြေထောက်များအား တိုက်ခိုက်လိုက်ကြသည်။



'ဝုန်း'

"အား"

"အောင်မယ်လေး"

ကျယ်လောင်စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာ၏။ ခြေထောက်အား မာကျောသော ကြိမ်တုတ်ဖြင့် အရိုက်ခံရ၍ လုသိုင်းအဖွဲ့ဝင်အချို့ လဲပြိုကျသွားသည်။

ရန်လောင်တို့က တိုက်ခိုက်ပြီး တစ်ဆက်တည်း ရှေ့သို့ ခုန်ထွက်ကာ ဆက်လက်တိုက်ခိုက်ပြန်သည်။ သူ၏နောက်ဝယ် ယွန်ချောင်းနှင့် အဖွဲ့သားများက လိုက်ပါလာ၍ ဟန်ပြတိုက်ခိုက်နေရာ သူတို့ အကောက်ကြံမှုကို မည်သူမျှ သေသေချာချာ မသိနိုင်ဘဲ ဖြစ်သွား၏။

ရန်လောင်သည် တဖြည်းဖြည်းနှင့် တိုး၍ တိုက်ခိုက်ရာ အခြားအဖွဲ့များကိုလည်း တိုက်ခိုက်ခဲ့သည်။ နောက်ဆုံး ယောင်ဖေးဟုန်ထံ ရောက်ရှိသွားတော့သည်။

*

ယောင်ဖေးဟုန်သည် လုယူထားသော တံခွန်တိုင်အား

www.burmeseclassic.com

www.burmeseclassic.com



နောက်ချန်အဖွဲ့သားများထံ ပေးအပ်ကာ သူကမူ ရှေ့တိုး၍ ကာကွယ်ပေးသလို တစ်ဖက်မှလည်း လိုက်လံလုယူနေ၏။

ထို့ကြောင့် မကြာမီ သူ၏လက်ထဲ၌ နောက်ထပ် တံခွန်တိုင် တစ်ခု ရောက်ရှိလာတော့သည်။

ထိုအချိန်မျိုး၌ ရန်လောင်က ရောက်ရှိလာခြင်းပင် ဖြစ်သည်။

ယောင်ဖေးဟုန်လက်ထဲ၌ တံခွန်တိုင်တစ်ခု ရှိနေသည်ကို မြင်လျှင် ရန်လောင် ဝမ်းသာသွားသည်။ ချက်ချင်း ရှေ့တိုးကာ ယောင်ဖေးဟုန် မျက်မှောင်ကုတ်သွားသည်။

ရန်လောင်သည် စည်းကမ်းဖောက်ဖက်၍ လက်နက်အသုံးပြုလာသည် မဟုတ်ပါလား။ သူက ရန်လောင်၏ တိုက်ခိုက်မှုအား ရှောင်တိမ်းရင်း ...

"ရန်လောင် ... မင်း စည်းကမ်းဖောက်ဖျက်တာလား"

ဟု မေးလိုက်သည်။ ရန်လောင်က မဲ့ပြုံးပြုံးကာ ...

"အနိုင်ရဖို့ ကြိုက်တဲ့နည်းလမ်း အသုံးပြုချင်ပြုမယ် ဘာဖြစ်သလဲ"

ပြောရင်းတိုက်ခိုက်လာသည်။ ယောင်ဖေးဟုန် ဒေါသထွက်သွားသည်။

သူက ရှောင်တိမ်းရင်း ခြေဖြင့်ကန်ကျောက်လိုက်ရာ...

BURMESE CLASSIC .com



'ဝုန်း'

ရန်လောင်မှာ မြေပေါ်လိမ့်ထွက်သွားသည်။ သူက လူးလဲထကာ ယွန်ချောင်းနှင့် အဖွဲ့သားများအား အကူအညီတောင်းရန် ငေးကြည့်လိုက်သည်။

ထိုအခါ သူက မျက်လုံးပြူးသွားရသည်။

အကြောင်းမှာ ...

သူတို့အဖွဲ့၌ တံခွန်တိုင်တစ်ခုသာ ရရှိထားပြီး ယောင်ဖေးဟုန်တို့အဖွဲ့က သုံးခုတိတိ ရရှိထားသည် မဟုတ်ပါလား။

တံခွန်တိုင်နှစ်ခု ရရှိထားသော ချောင်အန်းအဖွဲ့အား ယွန်ချောင်းတို့က နိုင်အောင်မတိုက်နိုင်သေးပါ။

ဤအတိုင်းဆိုလျှင် မိမိတို့အဖွဲ့ မရှုမလှ ရှုံးနိမ့်သွားရပေမည်။

ရန်လောင် စိတ်လှုပ်ရှားလာသည်။

"မဖြစ်ဘူး ... ငါ ရမှဖြစ်မယ်"

ကြုံးဝါးရင်း ယောင်ဖေးဟုန်အား အသေအလဲပင် တိုက်ခိုက်လိုက်သည်။ သို့သော် ယောင်ဖေးဟုန်၏ တိုက်ခိုက်မှုကြောင့် ကြိမ်တုတ်လွင့်စဉ်သွားသလို ဖမ်းချုပ်ခြင်းပင် ခံလိုက်ရလေသည်။

ယောင်ဖေးဟုန်က တံခွန်တိုင်ဖြင့် သူ၏ လည်မျိုအား ထောက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်လောင်၏လက်က တံခွန်တိုင်အား ယောင်ဖေးဟုန်နည်းတူ ဆုပ်ကိုင်ထားသော်လည်း ကြောက်ရွံ့မှုကြောင့် ချွေးများစီးကျနေ၏။

ယောင်ဖေးဟုန် လက်လွှပ်လိုက်သည်နှင့် သူက သေဆုံးသွားရမည် မဟုတ်ပါလား။ ယောင်ဖေးဟုန်က ရန်လောင်အား စူးရဲသော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေ၏။

ရန်လောင်ကား တုတ်တုတ်မျှ မလှုပ်ဝံ့ချေ။ ယောင်ဖေးဟုန်သက်ပြင်းချကာ စိတ်လျှော့လိုက်၏။ ရန်လောင်သည် မိမိအဖွဲ့အတွက် တံခွန်တိုင်အား အသက်စွန့်ကာ လုယူနေ၏။

ရန်လောင်နှင့်မိမိသည် ရန်ဘက်များ မဟုတ်ကြပါ။ ရန်ဘက်များ မဟုတ်သည့်အတွက် မိတ်ဆွေများ ဖြစ်လာနိုင်ဖွယ်ရှိလေသည်။

တံခွန်တိုင်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အကြောင်းမထူးသော်လည်း ရန်သူထက် မိတ်ဆွေအဖြစ်ရောက်ရှိရသည်က အကြောင်းထူးပေသည်။

သူက ရန်လောင်အား တစ်ချက်ပြုံးပြရင်း လက်နှစ်ဖက်အား လွှတ်လိုက်သည်။ ထိုအခါ ရန်လောင်မှာ အချုပ်အနှောင်မှ လွတ်မြောက်သွားသည့်အပြင် တံခွန်တိုင်ပါ ရရှိသွားလေသည်။

ရန်လောင် ငေးငိုင်နေသည်။ သူလိုချင်သော တံခွန်တိုင်အား



ရရှိလာပြီဖြစ်သော်လည်း မပျော်နိုင်ချေ။ မိမိက နည်းလမ်းမျိုးစုံသုံး၍ အကောက်ကြံ လုယူသလောက် ယောင်ဖေးဟုန်က ခွင့်လွှတ်စိတ်ထား၍ အလျှော့ပေးခဲ့သည် မဟုတ်ပါလား။

BURMESE CLASSIC .com

သူက အဖွဲ့သားများဘက် လှည့်ကာ ...

"ရပ်လိုက်တော့"

ဟု အော်ပြောလိုက်သည်။ ယခုမှ ပန်အဖွဲ့သားများသည် သူတို့အား သတိပြုမိသွားကာ ကြက်သေသေနေကြတော့သည်။ ယောင်ဖေးဟုန်က ...

"ရန်လောင် ... မင်း ဘာမှတွေဝေမနေနဲ့၊ အခု ငါတို့ တစ်ဖွဲ့ကို နှစ်ခုစီရထားပြီ ပွဲတွဲအနိုင်ယူလိုက်ကြတာပေါ့"

ရန်လောင်၏ပခုံးအား ဖက်ရင်းပြောလိုက်သည်။ သူ၏ စကားကြားသော လုအဖွဲ့သားမက ပန်အဖွဲ့ပါ ဝမ်းသာစွာဖြင့် အော်ဟစ်လိုက်ကြလေသည်။

*

တံခွန်လုပွဲ၌ ပန်အဖွဲ့နှင့် လုအဖွဲ့မှာ တံခွန်တိုင်နှစ်ခုစီဖြင့် ပွဲတွဲအနိုင် ရရှိသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယောင်ဖေးဟုန်၏ သဘောထားပြည့်ဝမှုကြောင့် ရရှိလာသော အနိုင်ရလဒ်အကျိုးဆက်ကား ...

ပန်အဖွဲ့ခေါင်းဆောင် ပန်ဟောင်းကိုယ်တိုင် အမှားကို လာတောင်းပန်သလို ယွန်ချောင်းနှင့် ရန်လောင်တို့သည် လုသင်တန်းသားများအား တောင်းပန်ခဲ့သည်။

လုအဖွဲ့က ကျေအေးသည့်အပြင် သဘောထားပြည့်ဝစွာ တုံ့ပြန်ခဲ့၍ ပန်ဟောင်းသည် အလွန်လေးစား ခဲ့၏။ နောက်ပိုင်းဝယ် ပန်အဖွဲ့နှင့် လုအဖွဲ့တို့သည် မိသားစုဝင်၊ ညီအစ်ကိုရင်းများသဖွယ် ခင်မင်ရင်းနှီးစွာ လက်တွဲသွားခဲ့ကြလေတော့သည်။

*ဟက္ကသိုလ်နေလင်းအောင်*

BURMESE CLASSIC .com

www.burmeseclassic.com